# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၇ ရက်၊ အင်္ဂါနေ့ အတွဲ (၆၁)၊ အမှတ် (၀၆၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံစက်မှုအင်ဂျင်နီယာသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

## ယခုသင်တန်းကျောင်းသည် အခြေခံအကျဆုံးသော စက်မှုဆိုင်ရာဘာသာရပ်များကို သင်ကြားပေးရသည့် သင်တန်းကျောင်းတစ်ခုဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံစက်မှုအင်ဂျင်နီယာ သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား စက်မှုအင်ဂျင်နီယာ သင်တန်းကျောင်း အစည်းအဝေးခန်းမတွင် လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် နေမျိုးဦးက သင်တန်းကျောင်း

*စာမျက်နှာ ၃ ကော်လံ ၁* ❄



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံစက်မှုအင်ဂျင်နီယာ သင်တန်းကျောင်း သင်တန်းဆောင်အတွင်း သင်တန်းသူများ လက်တွေ့ဆောင်ရွက်နေမှုကို ကြည့်ရှုစဉ်။


**ယနေ့ ဖတ်စရာ**

အဂတိတိုက်ဖျက်ရေးနှင့် သတိပြုစရာ — ဆောင်းပါး စာ - ၁၀

အင်ဒိုနီးရှားနိုင်ငံ၌ မီးတောင်ပေါက်ကွဲမှုထပ်မံဖြစ်ပွားခဲ့ရာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆိုင်းငံ့ထားရ — နိုင်ငံတကာသတင်း စာ - ၁၃

ဖူးငုံသစ်ဆန်း ပွင့်လန်းဝေဆာ — ဆောင်းပါး စာ - ၂၀

မြန်မာ့အလင်း

# သာသနာတော်ကို ချီးမြှောက်ထောက်ပံ့ခြင်း

ရှေးက မြန်မာနိုင်ငံ၏ ပညာရေးမှာ အဓိကအားဖြင့် ဘုန်းတော်ကြီးကျောင်း ပညာရေးဖြစ်သည်။ သာသနာ့ဝန်ထမ်းရဟန်းတော်များမှာ ၂၂၇ သွယ်သော သိက္ခာပုဒ်တို့ကို စောင့်ထိန်းကြရသည့်အလျောက် လူ့ဝတ်ကြောင်တို့ထက် ကိုယ်အမူအရာ၊ နှုတ်အမူအရာအားဖြင့် ယဉ်ကျေးသိမ်မွေ့ကြသူများဖြစ်သည်။ ဆရာဖြစ်သော ဘုန်းတော်ကြီးများက တပည့်ကျောင်းသားများ၊ သာမဏေများကို စာပေသင်ကြားပို့ချရုံမျှမက လူကောင်းသူကောင်းများဖြစ်လာစေရန်လည်း သွန်သင်ဆုံးမခဲ့ကြသည်။ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ ကျည်းကန်ရှင်ကြီး၊ တောင်ဖီလာဆရာတော်၊ ဆားတုံဆရာတော်တို့၏ ဆုံးမစာများသည် ရှေးခေတ်ဘုန်းတော်ကြီးကျောင်းများတွင် သင်ကြားပို့ချခဲ့သည့် လက်သုံးဆုံးမစာများပင် ဖြစ်သည်။

ငယ်စဉ်အခါ ဘုန်းတော်ကြီးကျောင်းတွင် သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ ရတနာရွှေချိုင့်၊ နမက္ကာရ၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ လောကနီတိ စသည်ဖြင့် သင်ရိုးများကို သင်ကြားပြီးနောက် အရွယ်ရောက်သည့်အခါ အဆင့်မြင့်ကျမ်းစာများကို ဆိုင်ရာဆရာများထံတွင် ဆက်လက်သင်ယူလေ့လာကြကာ ရဟန်းပညာရှိ၊ လူပညာရှိများဖြစ်လာကြသကဲ့သို့ လူတစ်လုံး သူတစ်လုံး ကြီးပွားလာသူများစွာတို့လည်း ရှိခဲ့ကြသည်။ သို့ဖြစ်၍ ရှေးခေတ်မြန်မာ့လူ့အဖွဲ့အစည်းတွင် ရဟန်းသံဃာများနှင့် လူပုဂ္ဂိုလ်တို့မှာ ဆရာဒကာများအဖြစ်နှင့် သာသနာတော် တည်တံ့ထွန်းကားရေးကို ဆောင်ရွက်ခဲ့ကြသည်။ သံဃာတော်တို့က ဂန္ထဓုရ၊ ဝိပဿနာဓုရ ဟူသော ဓုရနှစ်ဖြာ သာသနာကို ကြိုးပမ်းထမ်းဆောင်ကြသကဲ့သို့ ဗုဒ္ဓဘာသာဝင် ဒါယကာ ဒါယိကာမတို့ကလည်း ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးသော ပစ္စည်းတို့ကို သဒ္ဓါတရား ထက်သန်စွာဖြင့် ထောက်ပံ့လှူဒါန်းကြသည့် အစဉ်အလာမှာ မျက်မှောက်ကာလသို့တိုင် တည်တံ့ခိုင်မြဲလျက်ရှိသည်။

ဗုဒ္ဓမြတ်စွာသာသနာသည် စတင်ပေါ်ထွန်းခဲ့ရာ မဇ္ဈိမဒေသ၌ မှေးမှိန်ခဲ့ရခြင်းမှာ အခြားဘာသာ သာသနာများကြောင့်ဟု ဆိုသည်ထက် တိုင်းပြည်အုပ်ချုပ်သူတို့၏ အားမပေးမှု၊ နှိပ်ကွပ်မှုတို့ကြောင့်က အဓိကဖြစ်ခဲ့သည်။ မည်သို့သော နှောင့်ယှက်ဖျက်ဆီးမှု ရှိစေကာမူ နိုင်ငံကို အုပ်ချုပ်သူက ချီးမြှောက်ထောက်ပံ့ အားပေးခဲ့မည်ဆိုပါက မှေးမှိန်ပျောက်ကွယ်သည့် အခြေအနေသို့ ရောက်ရှိသွားမည်မဟုတ်။ “ခေတ်ကာလအလျောက် သာသနာတော်ထွန်းကားပြန့်ပွားခြင်း၊ ဆုတ်ယုတ်ခြင်းတို့နှင့်စပ်လျဉ်း၍ ဆရာတော်ကြီးများက ‘ခေါက်ရာငှက်များ ပျံသန်းတဲ့အခါ နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့် ပျံသန်းသကဲ့သို့ သာသနာတော်၏ ဆုတ်ယုတ်ခြင်း၊ စည်ပင်ပြန့်ပွားခြင်း သဘောသဘာဝသည် လောကဓံသဘောပင် ဖြစ်သည့်အတွက် ခေါက်ရာငှက်တို့၏ ပျံသန်းပုံနှင့်တူကြောင်း၊ တိုင်းပြည်အုပ်ချုပ်သော ပုဂ္ဂိုလ်တို့သည် သာသနာတော်ကို ကြည်ညိုတတ်၊ မြတ်နိုးကော်ရော်ပူဇော်တတ်၊ ချီးမြှောက်တတ်သော ပုဂ္ဂိုလ်များဖြစ်ပါက သာသနာတော်ဟာလည်း ထက်ဖျားသို့တိုင် မြင့်၍ တင့်၍ စည်ပင်ပြန့်ပွားလေ့ရှိကြောင်း၊ ထိုသို့ မဟုတ်ပါက နိမ့်ကျကာ ဆုတ်ယုတ်တတ်ကြောင်း’ စသည်ဖြင့် ခေါက်ရာငှက်များ၏ ပျံသန်းတတ်သည့် အခြင်းအရာကို ပမာပြု၍ နှိုင်းယှဉ်မိန့်ကြားလေ့ရှိသည်ကို သတိပြုအမှတ်ရမိပါကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၁ ခုနှစ် သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ် ချီးမြှင့်ပွဲအခမ်းအနား ဂုဏ်ပြုအမှာစကားတွင် ထည့်သွင်းပြောကြားခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဗုဒ္ဓဘာသာဝင် နိုင်ငံသူ နိုင်ငံသားများနှင့်အတူ လှူဒါန်းထောက်ပံ့ရေးနှင့် အခြားပံ့ပိုးဆောင်ရွက်ဖွယ်များကို အထူးအလေးထား ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

မကောင်းမှုဟူသမျှကို ဝေးစွာရှောင်ကြဉ်ခြင်း၊ ကောင်းမှုကုသိုလ်ဟူသမျှတို့ကို အားထုတ်ကြိုးပမ်းဆောင်ရွက်ခြင်း၊ စိတ်နှလုံးဖြူစင်သန့်ရှင်းအောင် ကျင့်ကြံခြင်းတို့က ဗုဒ္ဓဘာသာ၏ အခြေခံအနှစ်သာရများပင်ဖြစ်ရာ ဘာသာ သာသနာထွန်းကားစေရေး အထောက်အပံ့ပြုခြင်း၊ ပူဇော်ချီးမြှောက်ခြင်းအားဖြင့် ကောင်းကျိုးချမ်းသာ မင်္ဂလာသည် မြန်မာမှ ကမ္ဘာသို့တိုင် ခညောင်းနိုင်ပါစေကြောင်း။ ။

## တရားမအထူးအယူခံမှု (၄)မှု စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု (၂) မှုနှင့် တရားမအထူးအယူခံမှု (၃)မှု ရုံးထိုင်ကြားနာ

နေပြည်တော် ဒီဇင်ဘာ ၆


ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးကြည်သိန်း၊ ဦးတင်ဟုန်၊ ဒေါ်ခင်မေရီ တို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၃/၂၀၂၀ (မန္တလေး)၊ ၆/၂၀၂၀ (မန္တလေး)၊ ၉/၂၀၂၀ (ကရင်)၊ နှင့် ၁၂/၂၀၂၀(ရန်ကုန်)၊ စုစုပေါင်း တရားမအထူး အယူခံမှု (၄) မှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှု အမှတ် ၅/၂၀၂၁ (မွန်) နှင့် ၆/၂၀၂၁ (တနင်္သာရီ)၊ တရားမအထူးအယူခံမှုအမှတ် ၁၃ / ၂၀၂၀ (ဧရာဝတီ)၊ ၂၂/၂၀၂၀ (ရန်ကုန်) နှင့် ၂၄/၂၀၂၀ (ပဲခူး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၂) မှုနှင့် တရားမအထူးအယူခံမှု ( ၃ ) မှုကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အင်းဝခေတ် အမျိုးသား/အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုပုံများဖြင့် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် (၂၀၀ ကျပ်တန်) ရောင်းချပေးမည်




နေပြည်တော် ဒီဇင်ဘာ ၆

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ပြန်လည်ဖော်ထုတ်သည့် အနေဖြင့် ခေတ်အဆက်ဆက် မြန်မာအမျိုးသားများနှင့် အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုများကို အများပြည်သူများနှင့် မျိုးဆက်သစ်လူငယ်များ ပိုမိုအလေးထား လေ့လာမှတ်သားနိုင်စေရန်ရည်ရွယ်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ အင်းဝခေတ် အမျိုးသား/ အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုပုံများဖြင့် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် (၂၀၀ ကျပ်တန်) နှစ်မျိုးအား ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၈ ရက် မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် နတ်တော်လဆန်း ၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲမှ စတင်၍ နေပြည်တော်ဇဗ္ဗူသိဒ္ဓိစာတိုက်ကြီး၊ ရန်ကုန် စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့်တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်များတွင် ရောင်းချပေးသွားမည် ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဇဗ္ဗူသိဒ္ဓိစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ဒီဇင်ဘာ ၈ ရက်၌ ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်သည်။

ဆက်လက်၍လည်း ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ်နှင့် အမရပူရခေတ် မြန်မာအမျိုးသားများနှင့် အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုများကို ထုတ်ဝေရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် ဒီဇင်ဘာ ၆

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၆-၁၂-၂၀၂၁) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | PO – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 2 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 3 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 4 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 5 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 6 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 7 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 8 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 9 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 10 | Injection – Meropenam | 1g/Vial | 10000 | AA Medical |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သတင်းစဉ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်နေမျိုးဦးက ရှင်းလင်းတင်ပြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံစက်မှုအင်ဂျင်နီယာ သင်တန်းကျောင်း အတွင်း လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သင်တန်းသားများ လေ့ကျင့်ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးစဉ်။

- **တပ်မတော်အတွင်း ဖွင့်လှစ်သင်ကြားလျက်ရှိသည့် စက်မှုအင်ဂျင်နီယာ သင်တန်းကျောင်းများအနေဖြင့် အခြေခံသင်ရိုးညွှန်းတမ်းများအား တူညီမှုရှိစွာ ဆောင်ရွက်ရမည်**
- **သင်တန်းဆင်းသူများအနေဖြင့် တပ်မတော်အတွင်း စက်မှုဆိုင်ရာ လိုအပ်ချက်များကို သက်ဆိုင်ရာဘာသာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ ထမ်းဆောင်နိုင်ရေး သင်ကြားပို့ချပေးနိုင်ရမည်ဖြစ်**

❊ *ရှေ့ဖုံးမှ*

သမိုင်းအကျဉ်း၊ သင်တန်းများ ဖွင့်လှစ်ဆောင်ရွက် ပေးနိုင်မှု၊ သင်ထောက်ကူ ပစ္စည်းများအား အဆင့်မြှင့်တင် ဆောင်ရွက်ထားရှိမှုနှင့် သင်တန်းကျောင်းအား အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

**တူညီမှုရှိစွာဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တပ်မတော်အတွင်း ဖွင့်လှစ်သင်ကြားလျက်ရှိသည့် စက်မှုအင်ဂျင်နီယာ သင်တန်းကျောင်းများအနေဖြင့် အခြေခံသင်ရိုးညွှန်းတမ်းများအား တူညီမှုရှိစွာ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ယခု သင်တန်းကျောင်းသည် အခြေခံအကျဆုံးသော စက်မှုဆိုင်ရာ ဘာသာရပ်များကို သင်ကြားပေးရသည့် သင်တန်းကျောင်းတစ်ခု ဖြစ်ကြောင်း၊ သင်တန်းဆင်းသူများ အနေဖြင့် တပ်မတော်အတွင်း စက်မှုဆိုင်ရာ လိုအပ်ချက်များကို သက်ဆိုင်ရာ ဘာသာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ ထမ်းဆောင်နိုင်ရေး သင်ကြား ပို့ချပေးနိုင်ရမည်ဖြစ်ကြောင်း၊ သင်တန်းသားများ၏ စားသောက် နေထိုင်ရေးတို့အား ဆောင်ရွက်ပေးရာတွင် သတ်မှတ်နှုန်းထားများအတိုင်း ပြည့်မီစွာ ဆောင်ရွက်ရန်လိုပြီး သင်တန်းသားများအနေဖြင့် သင်ခန်းစာကို ရာနှုန်းပြည့် သင်ယူလေ့လာနိုင်ရမည်ဖြစ်ကြောင်း၊ သင်ခန်းစာများအတွက်လိုအပ်သည့် သင်ထောက်ကူပစ္စည်းများကိုလည်း ပြည့်စုံစွာ ဖြည့်ဆည်း ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**လူမှန်နေရာမှန်တာဝန်ပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် သင်တန်းကျောင်းအတွင်း လှည့်လည်၍ သင်တန်းဆောင်များ အတွင်း သင်တန်းသား၊ သင်တန်းသူများ၏ ဘာသာရပ်အလိုက် သင်ယူနေမှုအခြေအနေ၊ သင်တန်းအထောက်အကူပြု သရုပ်ပြစက်ပစ္စည်းကိရိယာများကို အသုံးပြု၍ သင်တန်းသားများ ကိုယ်တိုင်လက်တွေ့ဆောင်ရွက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှု၍ သင်တန်းသားများ အနေဖြင့် ၎င်းတို့သင်ယူထားသည့် သင်ခန်းစာများအား လက်တွေ့နယ်ပယ်တွင် အမှန်တကယ်အသုံးချနိုင်ရေး လူမှန်နေရာမှန် တာဝန်ပေးအပ်ရန် လိုအပ်သည့်အခြေအနေ၊ အရေးပေါ် အခြေအနေများတွင် ကိရိယာတန်ဆာပလာ အနည်းဆုံးဖြင့် စက်မှုဆိုင်ရာ အခက်အခဲများကို ထိုးထွင်းကြံဆဖြေရှင်း ဆောင်ရွက် တတ်စေရေးတို့အတွက်လည်း ထည့်သွင်းသင်ကြားပေးရန်လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများအား မှာကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး လေ့ကျင့်ဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးခဲ့ကြောင်းနှင့် သင်တန်းကျောင်း အဆင့်မြှင့်တင်ရေး အတွက် အဆောက်အဦများ ထပ်မံတိုးချဲ့ဆောက်လုပ်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ နှစ်သစ်ကူးအကြိုစုပေါင်းသွေးလှူဒါန်း



**နေပြည်တော် ဒီဇင်ဘာ ၆**

ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ နှစ်သစ်ကူးအကြို စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂) တပ်မတော် ဆေးရုံကြီး (ခုတင်-၁၀၀၀) ၌ ကျင်းပသည်။

**အားပေးစကားများ ပြောကြား**

စုပေါင်းသွေးလှူဒါန်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး သွေးလှူဒါန်း ခဲ့ကြသောဝန်ထမ်းများနှင့် မိသားစုဝင်များအား အားပေးစကားများ ပြောကြားကြသည်။ **(ယာပုံ)**

**စုပေါင်းသွေးလှူဒါန်း**

အဆိုပါ သွေးလှူဒါန်းပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ သွေးလှူရှင် ၇၇ ဦး စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီး၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးမှု ၅၂ ရာခိုင်နှုန်းခန့်ပြီးစီး

**လေးမျက်နှာ ဒီဇင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်တာဝန်ရှိသူများသည် ဒီဇင်ဘာ ၅ ရက်က လေးမျက်နှာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။



အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဧရာဝတီတိုင်းတစ်တိုင်းလုံး၏ အချုပ်အားဖြင့် ၅၂ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးလျက်ရှိကြောင်း၊ လေးမျက်နှာမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူများကလည်း ပန်းခင်းစီမံချက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းကာ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ တိုင်းဒေသကြီး၏ အသက် ၁၈ နှစ်ပြည့်ပြီးသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဒီဇင်ဘာလကုန်တွင် ၅၀ ရာခိုင်နှုန်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၀၀ နှင့် အိမ်ထောင်စု လူဦးရေစာရင်း ၁၅၂ စုကို ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

ထို့နောက် လေးမျက်နှာမြို့နယ် ပြည်သူ့ဆေးရုံသို့သွားရောက်ကာ ဆေးကုသမှုခံယူနေသူများ၏ အခြေအနေများကိုမေးမြန်းကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျော်ဟိန်း(ပြန်/ဆက်)**

# ဘူးသီးတောင်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး လက်တွေ့သရုပ်ပြ

**ဘူးသီးတောင် ဒီဇင်ဘာ ၆**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် အကျဉ်းဦးစီးဌာန အကျဉ်းထောင်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး လက်တွေ့သရုပ်ပြသခြင်းကို ယမန်နေ့က ပြုလုပ်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးသန်းဇော်က မီးသတိမူရေး၊ ရှေးဦးမီးငြှိမ်းသတ်နည်းစနစ်များနှင့် မီးဘေးကြိုတင်ကာကွယ်ရေးတို့ကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် မီးငြှိမ်းသတ်နည်းဖြစ်သော အောက်ဆီဂျင်ဖြတ်တောက် မီးငြှိမ်းသတ်နည်း (ဖုံးအုပ်)၊ မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြု မီးငြှိမ်းသတ်နည်းစနစ် သရုပ်ပြသခြင်း ပြုလုပ်ခဲ့သည်။ **(အောက်ပုံ)**

အခမ်းအနားသို့ ဘူးသီးတောင်မြို့နယ် အကျဉ်းဦးစီးဌာန ဝန်ထမ်းနှင့် မိသားစုဝင်များစုစုပေါင်း ၄၁ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**လှကျော်(ပြန်/ဆက်)**



# စခန်းအခြေပြု မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးသင်တန်းဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၆**

စခန်းအခြေပြု မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးသင်တန်း ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြန်လည်ထူထောင်ရေး စခန်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားပြီး သင်တန်းသားများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများ နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး **(ဝဲပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းနည်းပြများနှင့် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်သည်။

အဆိုပါသင်တန်းကို သင်တန်းသား ၂၀ ဖြင့် ရက်ပေါင်း ၉၀ ကြာ ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများအား ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၆**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့် သူများထားရှိရန် အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိ ပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ရှစ်ဦးနှင့် အမျိုးသမီး ရှစ်ဦး၊ စုစုပေါင်း ၁၆ ဦးတို့ကို လက်ခံထားရှိကြောင်း သိရှိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခုတင်ခွဲ အတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ ဆေးကုသရေး အဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဒေသတည်ငြိမ်အေးချမ်းမှုကို အမြန်ဆုံးတည်ဆောက်နိုင်

ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်လာပြီး ပြည်သူများ၏ သတင်းပေးမှုများနှင့် ထဲထဲဝင်ဝင် ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဖမ်းဆီးရမိမှုများ များစွာပြုလုပ်လာနိုင်ကြောင်း၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုမှာ အရေးအကြီးဆုံးဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှု အားကောင်းသည့်ဒေသများတွင် သတင်းရရှိမှုပိုမိုမြန်ဆန်ကာ ဒေသတည်ငြိမ်အေးချမ်းမှုကို အမြန်ဆုံးတည်ဆောက်နိုင်သည်ကို တွေ့ရှိရကြောင်း။

**(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၆/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)**

# နိုင်ငံပိုင်မီဒီယာများသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူများအကြား အပြန်အလှန် ပေါင်းကူးဆက်သွယ်ခြင်းသာမက ပြည်ပနိုင်ငံများကပါ မိမိတို့၏သတင်းမှန်၊ အခြေအနေမှန်များကို သိရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားရမည်

ရန်ကုန် ဒီဇင်ဘာ ၆

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြန်မာ့အလင်းသတင်းစာတိုက်နှင့် တာမွေမြို့နယ်ရှိ The Global New Light of Myanmar သတင်းစာတိုက်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးသည်။**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြန်မာ့အလင်းသတင်းစာတိုက် ပုံနှိပ်စက်ခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ မြန်မာ့အလင်းသတင်းစာတိုက် ရှင်းလင်းဆောင်၌ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ရန်ကုန်မြို့ရှိ မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများ ပုံနှိပ်ထုတ်ဝေဖြန့်ချိနေမှု၊ နေပြည်တော်နှင့် ကိုယ်ပွားသတင်းစာတိုက်များမှ ပုံနှိပ်ထုတ်ဝေ ဖြန့်ချိနေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး မြန်မာ့အလင်းသတင်းစာတိုက်မှ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ပုံနှိပ်စက်ခန်းနှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် The Global New Light of Myanmar သတင်းစာတိုက်သို့ရောက်ရှိရာ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက Joint Venture အဖြစ် ဆောင်ရွက်လျက်ရှိသည့် The Global New Light of Myanmar သတင်းစာ ပုံနှိပ်ထုတ်ဝေ ဖြန့်ချိနေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

### အထူးအလေးထား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်)၊ မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာတိုက်တို့မှ တာဝန်ရှိသူများ၊ စာတည်းအဖွဲ့ဝင်များအား လိုအပ်သည်များ မှာကြားပြီး ပုံနှိပ်စက်ခန်းနှင့် စာတည်းဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မြန်မာ့အလင်း သတင်းစာတိုက်နှင့် The Global New Light of Myanmar သတင်းစာတိုက်တို့သို့ ရောက်ရှိစဉ်အတွင်း ဝန်ထမ်းများ၊ စာတည်းအဖွဲ့ဝင်များအား ပြည်ထောင်စုဝန်ကြီးက တွေ့ဆုံမှာကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာနသည် နုပျိုသစ်လွင်သည့် တင်ဆက်မှုများကို အများပြည်သူဝန်ဆောင်မှု မီဒီယာပုံစံဖြင့် ပြည်သူ့အတွက် ဦးစားပေးဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က ပုံနှိပ်မီဒီယာ အပါအဝင် မီဒီယာ၏အခန်းကဏ္ဍကို အထူးအလေးထား ပါကြောင်း၊ ဒီမိုကရေစီစနစ်တွင် မီဒီယာကဏ္ဍသည် အလွန်အရေးပါပြီး နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးအောင် တည်ဆောက်ရာတွင် အရေးကြီးပါကြောင်း။

### ပိုမိုဖော်ပြ

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ခေတ်နှင့်လျော်ညီသော၊ နုပျိုသစ်လွင်သော စိတ်ဝင်စားဖွယ် အစီအစဉ်ကောင်းများ စီစဉ်ထုတ်လွှင့်နိုင်ရေး ပြောင်းလဲဆောင်ရွက်စေလျက်ရှိပါကြောင်း၊ အလားတူ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းကထုတ်ဝေသည့် သတင်းစာများတွင်လည်း သတင်းမှန်များ အချိန်နှင့်တစ်ပြေးညီဖော်ပြခြင်း၊ ခေါင်းကြီးများ၊ ဆောင်းပါးများ ရေးသားခြင်းနှင့် လူငယ်များ စိတ်ဝင်စားသည့် နည်းပညာကဏ္ဍများ၊ အားကစားကဏ္ဍများ ယခုထက် ပိုမိုဖော်ပြခြင်းများ ဆောင်ရွက်သွားစေလိုပါကြောင်း။

### ကြိုးပမ်းဆောင်ရွက်

ဒီမိုကရေစီစနစ်ကို တည်ဆောက်ရာတွင် ပြည်သူများ၏ အခန်းကဏ္ဍသည် လွန်စွာ အရေးကြီးသည့်အတွက် ပြည်သူများ အသိမှန်၊ အမြင်မှန်၊ အတွေးမှန်စေရန် မီဒီယာနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း၊ သို့မှသာ အနာဂတ် မျိုးဆက်သစ်များသည် မှန်ကန်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိမည် ဖြစ်ပါကြောင်း၊ နိုင်ငံပိုင်မီဒီယာများသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူများအကြား အပြန်အလှန်ပေါင်းကူးဆက်သွယ်ခြင်းသာမက ပြည်ပနိုင်ငံများကပါ မိမိတို့၏သတင်းမှန်၊ အခြေအနေမှန်များကို သိရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

### ထင်သာမြင်သာရှိအောင် ကြိုးပမ်း

The Global New Light of Myanmar သတင်းစာအနေဖြင့်လည်း မြန်မာ့ပုံရိပ်မှန်များကို ဘက်လိုက်မှု ကင်းကင်းဖြင့် ကမ္ဘာသို့ တင်ပြပေးစေလိုပါကြောင်း၊ သတင်းတင်ဆက်မှု အရည်အသွေး ပိုမိုကောင်းမွန်စွာဖြင့် နိုင်ငံတကာနှင့် အများပြည်သူ ပိုမို စိတ်ဝင်စားလာစေရန် ထင်သာမြင်သာရှိအောင် ကြိုးပမ်းလုပ်ဆောင် သွားကြစေလိုပါကြောင်း။

### အတတ်နိုင်ဆုံး ကြိုးပမ်း

မိမိတို့ ဝန်ကြီးဌာနသည် အလွှာအသီးသီး၊ နယ်ပယ်အသီးသီးတွင် ထိတွေ့ဆောင်ရွက်ရသည့်အတွက် အများပြည်သူတို့ စိတ်ကျေနပ်မှုရစေမည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန်နှင့် ပြည်သူလူထု၏ အသိအမှတ်ပြုမှု ပိုမိုရရှိစေရေးအတွက် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာမြင့်မားရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် မီဒီယာ နည်းလမ်းများဖြင့် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

### နေ့စဉ်ထုတ်ဝေ

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့ကို လည်းကောင်း၊ ပုဂ္ဂလိကကုမ္ပဏီတစ်ခုနှင့် Joint Venture အဖြစ် ပူးပေါင်း၍ The Global New Light of Myanmar သတင်းစာကိုလည်းကောင်း နေ့စဉ်ထုတ်ဝေလျက်ရှိသည်။ **သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၆**

ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့တွင် ၆ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် လွိုင်လင်မြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီနှင့် မိုင်းယန်းမြို့နှင့် တွန်းဇံမြို့တို့တွင် ၈ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန် များမှာ တီးတိန်မြို့တွင် ၁ ဒသမ ၆၅ လက်မ၊ တွန်းဇံမြို့တွင် ဝ ဒသမ ၅၉ လက်မ၊ ကလေးမြို့တွင် ဝ ဒသမ ၃၄ လက်မ၊ မော်လိုက်မြို့တွင် ဝ ဒသမ ၂၇ လက်မနှင့် ဟားခါးမြို့တွင် ဝ ဒသမ ၂၄ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ပဲခူးတိုင်းဒေသကြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးမွေးမြူရေးအခြေခံသော ကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်ရေး ညှိနှိုင်း

**နေပြည်တော် ဒီဇင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးမွေးမြူရေး အခြေခံသော ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်**

ဆွေးနွေးပွဲတွင် မိုးစပါးနှင့် နွေစပါး အထွက်နှုန်းတိုးရေး၊ မြေဆီလွှာကောင်းမွန်ရေးနှင့် ဓာတ်မြေဩဇာ ထိရောက်စွာ သုံးစွဲရေးကြိုးပမ်းလျက်ရှိရာ ရေရှည်တည်တံ့သော မြေအသုံးချမှုနည်းပညာများ ထိထိရောက်ရောက် ဖြန့်ဖြူးပေးရန်နှင့် သစ်စိမ်းမြေဩဇာ အသုံးပြုမှု ပိုမိုကျယ်ပြန့်စွာဆောင်ရွက်ရန်၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဆည်ရေသောက်များတွင် ဖြူးချောင်းတမံ ရေသောက်ဧရိယာကဲ့သို့ မိုးစပါးနှင့် နွေစပါးကြားတွင် ပဲသီးနှံ ထည့်သွင်း၍ တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်ပေးခြင်းဖြင့် တောင်သူအတွက် ဝင်ငွေတိုးတက်ရရှိစေရေး ဆောင်ရွက်ရန်နှင့် ဈေးကွက်ရှိပြီး တောင်သူများ စိတ်ဝင်စားသည့် မတ်ပဲ၊ ပဲတီစိမ်း သီးနှံများတိုးချဲ့စိုက်ပျိုးရေး၊ ဒေသ၏ စားသုံးဆီဖူလုံရေးအတွက် အခြေအနေပေးသည့်ဒေသများတွင် နေကြာနှင့် နွေနှမ်း စိုက်ပျိုးရန်၊ လိုအပ်ချက်များကို ဦးစီးဌာနများအလိုက် ကူညီပေးရန်၊ ဝင်ငွေရ နှစ်ရှည်သီးနှံ သီဟိုဠ်၊ မြေပြန့်ကော်ဖီနှင့် ငရုတ်ကောင်း စိုက်ပျိုးရေး၊ ဈေးကွက် အလားအလာကောင်းသည့် ရာသီပင် ပီလောပီနံစိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့် မျိုးစေ့များဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ဝန်ကြီးဌာနက မိဘမျိုးနှင့် နည်းပညာများ ကူညီပေးမည့် အခြေအနေများ၊ ပုဂ္ဂလိက မျိုးစေ့ထုတ် လုပ်ငန်းရှင်များ၊ မျိုးစေ့ထုတ် တောင်သူများအတွက် ပံ့ပိုးဖြည့်ဆည်းပေးရန် လိုအပ်ချက်များ၊ ဝက်၊ နွား၊ ဆိတ်၊ ကြက် မွေးမြူရေးတိုးမြှင့်ရန်၊ တိရစ္ဆာန်အစာမြက်များ စိုက်ပျိုးကျွေးမွေးခြင်းနှင့် နွားစာ ချဉ်ဖတ် ပြုလုပ်သုံးစွဲရေးအတွက် ပညာပေးဆောင်ရွက်ရန်၊ အဆင့်မီ သားသတ်ရုံနှင့် အေးခဲသိုလှောင်ရုံ လိုအပ်ချက်များနှင့် တန်ဖိုးမြှင့်ကုန်ချောထုတ်လုပ်နိုင်ရေးအတွက် လယ်ယာထွက်ကုန် အခြေခံစက်မှုဇုန်များဆောင်ရွက်ရန်၊ ဆည်တမံများနှင့် သဘာဝရေပြင်ကျယ်များတွင် လှောင်အိမ်စနစ် စီးပွားဖြစ် ငါးမွေးမြူရေး အောင်မြင်အောင် ဆောင်ရွက်ရန်၊ စစ်တောင်းမြစ်ရေ တိုက်စားမှုမှ စိုက်ပျိုးမြေများဆုံးရှုံးမှု လျှော့ချကာကွယ်နိုင်ရေး အတွက် ဆက်စပ်ဌာနများပူးပေါင်း၍ နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ရန်၊ ဒေသနှင့် ကိုက်ညီသည့် စိုက်ပျိုးစီးပွားလုပ်ငန်းများ ဖြစ်စေရေးအတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စီမံကိန်းစီမံချက်နှင့် ရန်ပုံငွေလျာထားမှုများ ဟန်ချက်ညီ ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

**ထိရောက်စွာအသုံးပြု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုဌာနခွဲ (ပဲခူး)သို့ ရောက်ရှိကြပြီး တည်ဆောက်ရေးပစ္စည်းများ စမ်းသပ်ခြင်းနှင့် ဆည်တာတမံနှင့် ရေပေးဝေမှုဒီဇိုင်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် စကေးကိုက်ပုံစံငယ်များ တည်ဆောက်၍ ပုံစံထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ သင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့မှုများနှင့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှုများ၊ သုတေသနလုပ်ငန်းများနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းဆိုင်ရာများကို ကြည့်ရှုစစ်ဆေးကာ ခေတ်မီ အီလက်ထရွန်နစ် ဆက်သွယ်ရေးနည်းပညာကို ထိရောက်စွာအသုံးပြု၍ နိုင်ငံတကာ၏ သုတေသနဖော်ထုတ်တွေ့ရှိချက်များ၊ နောက်ဆုံးပေါ် နည်းပညာများကို တိုးတက်လေ့လာကြရန် လိုအပ်သကဲ့သို့ မိမိရေမြေဒေသနှင့် လိုက်လျောညီထွေပြီး လက်တွေ့အကျိုးများစေမည့် နည်းပညာသစ်များ ဖော်ထုတ်အသုံးပြုနိုင်ရေး ကြိုးပမ်းကြရန်နှင့် လူသားအရင်းအမြစ်များ တိုးပွားရေး စီမံဆောင်ရွက်ရန် လိုအပ်ချက်များကို တာဝန်ရှိသူများက ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ASEAN-RUSSIA Naval Exercise (ARNEX-2021) သို့ တက်ရောက်ခဲ့သော စစ်ရေယာဉ်(ကျန်စစ်သား) ပြန်လည်ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၆

**အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကမ်းလွန်ပင်လယ်ပြင်တွင် ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံ-ရုရှား ရေတပ်ဆိုင်ရာလေ့ကျင့်ခန်း ASEAN–RUSSIA Naval Exercise(ARNEX–2021)သို့ တက်ရောက်ခဲ့သော တပ်မတော်(ရေ)မှ ဗိုလ်မှူးချုပ် ဇော်ဇော်လတ် ဦးဆောင်သည့် စစ်ရေယာဉ် (ကျန်စစ်သား)သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ အလယ်ပိုင်းရေတပ် ကွပ်ကဲမှု ဌာနချုပ်၊ ဌာနချုပ်မှူး ဦးဆောင်၍ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များက ကြိုဆိုနှုတ်ဆက် ကြသည်။** (အောက်ပုံ)



အဆိုပါ အာဆီယံ-ရုရှား ရေတပ်ဆိုင်ရာ လေ့ကျင့်ခန်းသို့ တက်ရောက်ရန်အတွက် စစ်ရေယာဉ်(ကျန်စစ်သား)သည် နိုဝင်ဘာ ၂၆ ရက်တွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံ BELAWAN ဆိပ်ကမ်းအနီးသို့ နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် ရောက်ရှိခဲ့သည်။ ASEAN–RUSSIA Naval Exercise (ARNEX–2021) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ ရက်တွင် ကျင်းပခဲ့ရာ အခမ်းအနားသို့ အာဆီယံဆိုင်ရာ ရုရှားသံအမတ်ကြီး Mr. Alexander Ivanov၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး Mr. Lyudmila Vorobyeva၊ အင်ဒိုနီးရှားရေတပ်မှ အမှတ်(၁) စစ်ရေယာဉ်စုမှူး ဗိုလ်ချုပ် Arsyad Abdullah နှင့် အာဆီယံနိုင်ငံများမှ တာဝန်ရှိသူများ၊ စစ်သံမှူးများ တက်ရောက်ကြပြီး လေ့ကျင့်ခန်းတွင် ပါဝင်သည့် စစ်ရေယာဉ်များမှ Virtual Conferencing ဖြင့် တက်ရောက်ခဲ့ကြသည်။

စစ်ရေယာဉ် (ကျန်စစ်သား)သည် ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ အာဆီယံနှင့် ရုရှားရေတပ်တို့မှ စစ်ရေယာဉ်များ၊ လေယာဉ်/ရဟတ်ယာဉ်များနှင့်အတူ ဆူမားတြား ကမ်းလွန်ပင်လယ်ပြင်တွင် ရေယာဉ်များ ပုံပြမောင်းနှင်ခြင်း၊ သံသယဖြစ်ဖွယ် ရေယာဉ်များအား ရှာဖွေထောက်လှမ်းခြင်းနှင့် ရေယာဉ်ပေါ်သို့ တက်ရောက်ရှာဖွေစီးနင်းခြင်း၊ အချက်ပြဆက်သွယ်ခြင်း၊ ကာကင်းထုတ်ချီတက်ခြင်း၊ ပျက်စီးထိန်း ဆောင်ရွက်မှု၊ စစ်နည်းဗျူဟာဆိုင်ရာ သင်ခန်းစာများ အပြန်အလှန်မေးမြန်းခြင်း၊ ပင်လယ်ပြင်ထောက်ပံ့ ဖြည့်တင်းရေး ဆောင်ရွက်ခြင်း၊ ရေယာဉ်များပေါ်သို့ ရဟတ်ယာဉ် ဆင်းသက်ခြင်း၊ ညအချိန် ရေယာဉ်အုပ်လိုက်ချီတက်ခုတ်မောင်းခြင်း၊ ရှာဖွေကယ်ဆယ်ရေး စသည့် လေ့ကျင့်ခန်းများကို ဆောင်ရွက်ခဲ့ကြသည်။ ဒီဇင်ဘာ ၃ ရက် မွန်းလွဲပိုင်းတွင် လေ့ကျင့်ခန်းပြီးဆုံး၍ ပိတ်ပွဲအခမ်းအနားကို ပင်လယ်ပြင်တွင် ဆောင်ရွက်ခဲ့ပြီး စစ်ရေယာဉ်များအချင်းချင်း အပြန်အလှန် နှုတ်ဆက်ကြသည်။

အာဆီယံ- ရုရှား ရေတပ်ဆိုင်ရာ လေ့ကျင့်ခန်း ASEAN–RUSSIA Naval Exercise (ARNEX- 2021)တွင် မြန်မာနိုင်ငံမှ စစ်ရေယာဉ်(ကျန်စစ်သား)၊ ရုရှားနိုင်ငံမှ ဖျက်သင်္ဘော Admi–ral Panteleyev တို့ အပါအဝင် အင်ဒိုနီးရှား၊ မလေးရှား၊ ဘရူနိုင်း၊ စင်ကာပူ၊ ဗီယက်နမ်နှင့် ထိုင်း နိုင်ငံတို့မှ စစ်ရေယာဉ် ရှစ်စင်း၊ ရဟတ်ယာဉ် သုံးစင်းနှင့် ပင်လယ်ရေကြောင်း ကင်းထောက်လေယာဉ်တစ်စင်းတို့ ပါဝင်ခဲ့ကြပြီး လာအို၊ ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ လေ့လာသူကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ယခုလေ့ကျင့်ခန်းသည် ရုရှားနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား နှစ်ပေါင်း ၃၀ ကြာ ဆက်ဆံရေးခိုင်မြဲသည့် အထိမ်းအမှတ်အဖြစ် ဒေသတွင်း တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် အချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ ရရှိရန် လေ့ကျင့်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ရုရှားနိုင်ငံနှင့် မဟာဗျူဟာမြောက် အာဆီယံမိတ်ဖက်နိုင်ငံများအကြား သမိုင်းစာမျက်နှာသစ်တစ်ခု ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် အာဆီယံ–ရုရှား ရေတပ်များ ပူးတွဲလေ့ကျင့်သည့် ပထမဦးဆုံးသော ရေတပ်လေ့ကျင့်ခန်းတစ်ခု ဖြစ်ကြောင်း သိရှိရသည်။

တပ်မတော်(ရေ)မှ စစ်ရေယာဉ်(ကျန်စစ်သား)သည် ယခုခရီးစဉ်တစ်လျှောက် စုစုပေါင်း ရေမိုင် ၃၀၀၀ ခန့်ကို ခရီးနှင်ခဲ့ပြီး ပင်လယ်ရေကြောင်းဆိုင်ရာ လုံခြုံရေးအတွက် ဦးတည်ဆောင်ရွက်သည့် အာဆီယံ–ရုရှား ရေတပ်ဆိုင်ရာ လေ့ကျင့်ခန်းတွင် အောင်မြင်စွာ ပူးပေါင်းလေ့ကျင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



တပ်မတော်(ရေ)မှ စစ်ရေယာဉ်(ကျန်စစ်သား)

# ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၌ တရားမဝင်ခွင့်ပြုချက်မဲ့ ဆူပူဆန္ဒပြမှုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲထိန်းသိမ်းခြင်းများ ဆောင်ရွက်မှုအပေါ် မဟုတ်မမှန်သတင်းဖြန့်လွှင့်မှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်း(တောင်/အနောက်)ရပ်ကွက်၊ ပန်းပင်ကြီးလမ်း၌ ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် တရားမဝင်ခွင့်ပြုချက်မဲ့ လူတစ်စုမှ ဆူပူအော်ဟစ်မှုများပြုလုပ်နေကြောင်း ဆူပူမှုကို မလိုလားသော ပြည်သူအချို့၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနေရာသို့ သွားရောက်၍ လူစုခွဲထိန်းသိမ်းဆောင်ရွက်ခဲ့ရာ ဘိုဘိုစံ(၂၀)နှစ် (ဘ)ဦးမြင့်နိုင်၊ မောင်ကောင်း(၂၆)နှစ် (ဘ)ဦးမျိုးလင်း၊ ကျော်ဇင်ခန့်(၂၀)နှစ် (ဘ) ဦးအောင်ဇော်ထွန်း၊ အာကာကျော်(၁၉)နှစ် (ဘ)ဦးဇာနည်ထွန်း၊ ကိုကိုနိုင်(၂၀)နှစ် (ဘ)ဦးမျိုးစိန်၊ မင်းမင်းဦး(၂၆)နှစ်(ဘ)ဦးဝင်းဦး၊ မင်းဟိန်းခန့်(၂၁)နှစ်(ဘ) ဦးတင်သန်း၊ စည်သူ(၂၈)နှစ်(ဘ)ဦးစိုးမြင့်၊ ကရေဇင်(ခ)မှူးရတနာ (၂၅)နှစ်(ဘ) ဦးတင်လှအောင်၊ မြကြူကြူသင်း(၂၉)နှစ် (ဘ)ဦးကျော်မင်းအောင်နှင့် ယဉ်မေအောင် (၁၅)နှစ် (ဘ) ဦးဇာနည်ထွန်းတို့အား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိသူများအနက်မှ ဘိုဘိုစံမှာ ဦးခေါင်းနှင့် လက်မောင်း ပေါက်ပြဲဒဏ်ရာ၊ မောင်ကောင်းမှာ ဦးခေါင်းနှင့် ယာဘက်ဒူးခေါင်း ပွန်းပဲ့ဒဏ်ရာ၊ ကရေဇင်(ခ)မှူးရတနာမှာ ဦးခေါင်းပေါက်ပြဲဒဏ်ရာနှင့် ဝဲဘက်ခြေသလုံးရိုးကျိုးဒဏ်ရာများ အသီးသီးရရှိခဲ့ပြီး ဒဏ်ရာရရှိသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက နီးစပ်ရာ နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

လက်ရှိအချိန်သည် နိုင်ငံတော်အား အရေးပေါ်အခြေအနေအဖြစ် ကြေညာထားပြီး အစိုးရအနေဖြင့် တိုင်းပြည်အေးချမ်းသာယာမှုရှိစေရေး ဆောင်ရွက်လျက်ရှိသည့် ကာလတွင် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းအချို့၏ သွေးထိုးမြှောက်ပင့်ပေးမှုကြောင့် တရားမဝင် ဆူပူအော်ဟစ်ဆန္ဒပြမှုများ ပြုလုပ်ရန် ကြိုးစားလုပ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရသည်။ ထိုကဲ့သို့ တရားမဝင်ခွင့်ပြုချက်မဲ့ ဆူပူအော်ဟစ်ဆန္ဒပြမှုများမှတစ်ဆင့် လမ်းများပိတ်ဆို့ခြင်း၊ မီးလောင်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်စေရန် ရည်ရွယ်လုပ်ဆောင်မှုများအဖြစ် အဆင့်ဆင့်လုပ်ဆောင်လာခဲ့ကြောင်း တွေ့ရှိရသည်။

ထိုကဲ့သို့ အများပြည်သူထိခိုက်နစ်နာ၍ အသက်အန္တရာယ်ကိုပါ စိုးရိမ်ရသည့်အခြေအနေသို့ မရောက်ရှိစေရန်အတွက် တရားမဝင်ခွင့်ပြုချက်မဲ့ ဆူပူအော်ဟစ် ဆန္ဒပြသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ခဲ့ပြီး ထိုသို့ဆောင်ရွက်မှုတွင် လူသေဆုံးမှုမရှိခဲ့ဘဲ ထိခိုက်ဒဏ်ရာရရှိသူသုံးဦးသာရှိခဲ့ပြီး နီးစပ်ရာ တပ်မတော်ဆေးရုံတွင် အနီးကပ်ကြပ်မတ်ကုသဆောင်ရွက်ပေးလျက်ရှိသည်။

အထက်ပါဖြစ်စဉ်နှင့်ပတ်သက်၍ အချို့သော သံရုံးများနှင့် သတင်းမီဒီယာများ၊ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန် ထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်း၊ သတင်းမှားများ ဖြန့်ချိခြင်းတို့ဖြင့် ပြည်သူလူထုအား ထိတ်လန့် စိုးရိမ်မှုများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရသည်။

ယခုကဲ့သို့ တရားမဝင်ဆူပူအော်ဟစ် ဆန္ဒပြမှုများမှတစ်ဆင့် အကြမ်းဖက်လုပ်ရပ်များ ဖြစ်ပွားလာစေရန် လူပုဂ္ဂိုလ်အချို့နှင့် အဖွဲ့အစည်းအချို့၏ သွေးထိုးလှုံ့ဆော်မှုများကို ပြည်သူလူထုအနေဖြင့် နားမယောင်မိစေရန်နှင့် သတင်းမှန်အား သိရှိနိုင်စေရေးအတွက် ထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

❒ *ကျော့ဖုံးမှ*

အလားတူ အဆိုပါတရားရုံးတွင် တရားရင်ဆိုင်လျက်ရှိသည့် ဒေါ်အောင်ဆန်းစုကြည်သည်လည်း ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၇/၂၀၂၁ ဖြင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေ ပုဒ်မ ၂၅ ကို ဖောက်ဖျက်ကျူးလွန်ခဲ့ကြောင်း ပြစ်မှုထင်ရှားစီရင်ပြီး ထောင်ဒဏ်(၂)နှစ်ကိုလည်းကောင်း၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၃၅/၂၀၂၁ ဖြင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅၊ ပုဒ်မခွဲ(ခ)ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ပြီး ထောင်ဒဏ်(၂)နှစ်ကိုလည်းကောင်း ကျခံစေရန်အတွက် ယနေ့တွင် ပြစ်ဒဏ်များ ချမှတ်ခဲ့သည်။

တရားဥပဒေစိုးမိုးရေးအတွက် တည်ဆဲဥပဒေနှင့်အညီ မှန်ကန်မျှတစွာ တရားစီရင်မှုကို နိုင်ငံသားအားလုံးက လေးစားလိုက်နာခံယူကြရမည်ဖြစ်ပါသည်။ သို့သော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့် ဦးဝင်းမြင့်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့အပေါ် တရားရုံးကချမှတ်ခဲ့သည့် ထောင်ဒဏ် ၄ နှစ်စီအနက် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ထောင်ဒဏ်(၂) နှစ်ကို လွတ်ငြိမ်းသက်သာခွင့်ပြုပြီး ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄၁၊ ပုဒ်မခွဲ (၁)အရကျခံရန် ကျန်ရှိသည့် ထောင်ဒဏ်(၂) နှစ်အား လက်ရှိထိန်းသိမ်းထားသည့်နေရာ၌ပင် ကျခံစေရန် အမိန့်ထုတ်ပြန်၍ ပြစ်ဒဏ်မှ လျှော့ပေါ့လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

# လယ်ယာမြေများ အမှန်တကယ်လုပ်ကိုင်စားသောက်နေသူများကို မြေယာရရှိအောင် ဆောင်ရွက်ပေးရမည်

**ထားဝယ် ဒီဇင်ဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ (၂/၂၀၂၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲက ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို က လယ်ယာမြေများတွင် အမှန်တကယ် လုပ်ကိုင်စားသောက်နေသူများကို မြေယာရရှိအောင်၊ စိုက်ပျိုးထားသည်ကို အကာအကွယ်ရရှိအောင် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လယ်ယာမြေများတွင် လက်လွှတ်ဆုံးရှုံးရသောသူများ၊ လျော်ကြေးမရသောသူများကို စီမံကိန်းတစ်ရပ်အနေဖြင့် အဓိကထားပြီး ပိုင်ဆိုင်မှု အထောက်အထားများဖြင့် ပုံစံ(၇)ရရှိအောင် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများအနေဖြင့် အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်နေသူများကို ပုံစံ(၇) ရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းကိစ္စရပ်များတွင် ပိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၊ အတွင်းရေးမှူး၊ တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းလင်းဦးက လယ်ယာမြေ စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**

**(ပြန်/ဆက်)**

# မြစ်ကြီးနားမြို့ တိုက်ပွဲရှောင်စခန်းရှိ အင်ဂျန်းယန်မြို့နယ်မှ ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေး



**အင်ဂျန်းယန် ဒီဇင်ဘာ ၆**

ကချင်ပြည်နယ် အင်ဂျန်းယန်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် နယ်မြေဒေသအခြေအနေအရ မြစ်ကြီးနားမြို့နယ် ပလနကျေးရွာအုပ်စု ပိတောက်မြိုင်ကျေးရွာ စိန့်ဂျိုးဇက်အသင်းတော် (IDP Camp)တွင် နေထိုင်လျက်ရှိသော အင်ဂျန်းယန်မြို့နယ်မှ ပြည်သူများအား ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို မြို့နယ် ကိုဗစ်- ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲရင့်လှိုင်၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးသန်းစိုး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ (တာဝန်ပေး) ဦးကျော်စိုးနိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမ ဒေါ်ကြည်ပြာနှင့် ကျန်းမာရေးဝန်ထမ်းများက (ပလန)စိန့်ဂျိုးဇက်အသင်းတော် (IDP Camp) တွင် နေထိုင်သည့် အင်ဂျန်းယန်မြို့နယ်မှ အမျိုးသား ၃၁ ဦးနှင့် အမျိုးသမီး ၆၉ ဦး စုစုပေါင်း လူဦးရေ ၁၀၀ အား Vero Cell (Sinopharm) (5 Doses/ 1 Vial) အလုံး ၂၀ အသုံးပြု၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀) မူကြမ်း စိစစ်ရေး အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁- ၂၀၃၀) National Education Strategic Plan - NESP(2021-2030) မူကြမ်းကို သက်ဆိုင်ရာကဏ္ဍ များအလိုက် အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာ တို့ဖြင့် ပြုစုလျက်ရှိရာ အဆိုပါစီမံကိန်းမူကြမ်း စိစစ်ရေးအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယ ဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့် ဦးဇော်ဝင်း၊ အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီး ဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ အမျိုးသားပညာ ရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲရေး အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အဆိုပါမူကြမ်းကို အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း(၂၀၂၁-၂၀၃၀)ဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ (၂၆)ကြိမ်မှ အကြံပြုချက်များနှင့်အညီ ရေးဆွဲခဲ့ပြီး ၂၀၂၁ ခုနှစ် ဇူလိုင် ၅ ရက်တွင် ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့သော ပညာရေးဝန်ကြီးဌာန၊ ဥပဒေကြမ်း များစိစစ်ရေး ကော်မတီက စိစစ်တည်းဖြတ်ထားသော အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁- ၂၀၃၀) မူကြမ်းကို ထပ်မံစိစစ်ပေးရန်နှင့် ယင်းသို့ စိစစ်ရာတွင် အလေးထား ဆောင်ရွက်ရမည့်လုပ်ငန်း စဉ်များနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် အသေးစိတ် ဆွေးနွေးဆောင်ရွက် ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် က အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) မူကြမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန်နှင့် သက်ဆိုင် ရာ ညွှန်ကြားရေးမှူးချုပ်များက အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀) မူကြမ်းရေးဆွဲ စိစစ်အတည်ပြုရေးနှင့် ပတ်သက်၍ ဆွေးနွေး အကြံပေးညှိနှိုင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး က ပြန်လည်ဆွေးနွေးပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စားသောက်ကုန်ထုတ်လုပ်ငန်းများအတွက် ဆန်းသစ်တီထွင်သည့် အလေ့အကျင့်ကောင်းများ မျှဝေသည့်အနေဖြင့် အသေးစား၊ အလတ်စား ထုတ်ကုန်ပြိုင်ပွဲကျင်းပ

မော်လမြိုင် ဒီဇင်ဘာ ၆

**အာဆီယံ- ဟောင်ကောင်၊ China Free Trade Agreement ECOTECH Work Programme ဖြင့် စက်မှု ဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သည့် စားသောက်ကုန်ထုတ်လုပ်ငန်းများအတွက် ဆန်းသစ် တီထွင်သည့်အလေ့အကျင့်ကောင်းများမျှဝေသည့် စီမံကိန်း (MSMEs) ထုတ်ကုန်ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက မော်လမြိုင်မြို့ ငွေမိုးဟိုတယ်၌ ကျင်းပသည်။**



အခမ်းအနားတွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း က အာဆီယံ-ဟောင်ကောင် ဒေသတွင်းရှိ စားသောက်ကုန် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံပေါင်း ခြောက်နိုင်ငံမှ လုပ်ငန်းရှင်အချင်းချင်း ပူးပေါင်း ဆောင်ရွက်မှုဖြင့် ဆန်းသစ် တီထွင်သော အသိပညာ၊ အတတ် ပညာဖြင့် ကွန်ရက်တိုးချဲ့ရန် လိုကြောင်း၊ မြန်မာလုပ်ငန်းရှင် များအနေဖြင့် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများနှင့် သွင်းကုန် လုပ်ငန်းများအပေါ် အခြေခံ၍ ပြောင်းလဲလုပ်ကိုင်မည့် နည်း ဗျူဟာများ ပိုမိုရရှိလာမည် ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ ဈေးကွက်ဝင် ထုတ်ကုန်များထုတ် လုပ်နိုင်စေရန် ရည်ရွယ်ကျင်းပ ခြင်းဖြစ်ကြောင်း ပြောကြား သည်။

ဆက်လက်၍ စက်မှုကြီးကြပ် ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ က စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် စက်မှုကဏ္ဍများ ဟန်ချက်ညီ စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာအခြေခံ စက်မှုလုပ်ငန်း များ၊ ကုန်ထုတ်လုပ်ငန်းများ အလေးပေး ဆောင်ရွက်လျက်ရှိ ကြောင်း၊ မြန်မာနိုင်ငံ စားသောက် ကုန်ထုတ်လုပ်မှု ကဏ္ဍအနေဖြင့် စီးပွားရေးအားလုံး၏ ၆၀ ရာခိုင် နှုန်း အဓိကအရေးပါကြောင်း၊ နိုင်ငံတော်မူဝါဒ အကောင်အထည် ဖော်ရာတွင် MSMEs လုပ်ငန်းများ ရင်ဆိုင် ကြုံတွေ့ရသည့်အခက် ခဲများ သိရှိရန် ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်း ထုတ်ကုန်များအား မြှင့်တင်ပေး နိုင်ရေး ဆွေးနွေးပွဲများ မေလမှ စတင်ကာ တိုင်းဒေသကြီး၊ ပြည် နယ်အလိုက် ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲတွင် အလားလာရှိသော စားသောက် ကုန်များကို ရွေးချယ်၍ အကောင်း ဆုံး Innovation Idea Awards for Food Processing ဆုချီးမြှင့် ပေးမည်ဖြစ်ကြောင်း ပြောကြား သည်။

ထို့နောက် ပြည်နယ်ဝန်ကြီး ချုပ်နှင့်အဖွဲ့သည် ပြိုင်ပွဲဝင်များ ပြသထားသည့် စားသောက်ကုန် ထုတ်လုပ်ငန်းများမှ စားသောက် ကုန်များကို ကြည့်ရှုအားပေးကြ ကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

# မိုင်းဆတ်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြား

**မိုင်းဆတ် ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်း ဆတ်မြို့နယ်အတွင်းရှိ အထက် တန်း၊ အလယ်တန်းနှင့် မူလတန်း အခြေခံပညာကျောင်းများ ယနေ့ နံနက် ၇ နာရီက စတင်ဖွင့်လှစ်ကာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြား လျက်ရှိကြောင်း သိရသည်။



ကျောင်းများ စတင်ဖွင့်လှစ် ရာတွင် တာဝန်ကျ ဆရာ ဆရာမ များက ကျောင်းအဝင်ပေါက်တွင် နှာခေါင်းစည်း စနစ်တကျ တပ်ဆင်စေခြင်း၊ ကိုယ်အပူချိန် တိုင်းတာခြင်း၊ လက်ဆေးဘေစင် တွင် စနစ်တကျလက်ဆေး စေခြင်းများ ဆောင်ရွက်ပြီးမှသာ စာသင်ခန်းအတွင်း၌ တစ်ဦးနှင့် တစ်ဦး သတ်မှတ်အကွာအဝေး ဖြင့် ထိုင်စေကာ သင်ခန်းစာများ သင်ကြားပေးလျက်ရှိသည်။

မိုင်းဆတ်မြို့နယ်တွင် အခြေခံ ပညာကျောင်းပေါင်း ၉၆ ကျောင်း ရှိပြီး ကိုဗစ်-၁၉ ရောဂါကြောင့် အခြေခံပညာကျောင်းများ ယာယီ ပိတ်ထားရာမှ ယခု ဒီဇင်ဘာ ၆ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ သည်။ ကျောင်းသား ကျောင်းသူ များ စိတ်အေးချမ်းသာစွာ ပညာ သင်ကြားနိုင်ရန် နယ်မြေခံ တပ်ရင်း၊ တပ်ဖွဲ့များ၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် ကျောင်းသား မိဘကော်မတီဝင် များက ကျောင်းဝင်း အတွင်း၊ အပြင် လုံခြုံရေး ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြင့်မောင်(မိုင်းဆတ်)**




# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ဆောင်ရွက်လျက် ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို အရှေ့ မြောက်တိုင်း စစ်ဌာနချုပ် တိုင်းအစည်းအဝေးခန်းမ ၌လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်း ဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းအစည်းအဝေးကို ကျိုင်းတုံမြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန (ရှမ်းအရှေ့)ရုံး၌ လည်းကောင်း ယနေ့တွင် ပြုလုပ်ကြရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြ သည်။

ဦးစွာ တိုင်းမှူးများက အဖွင့်အမှာစကားများ ပြောကြားကြသည်။ ထို့နောက် အစည်းအဝေးတွင် တက်ရောက်လာကြသူများက ပြည်နယ် များအတွင်း ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ တိုင်းမှူးများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း (၄၁) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဂါဗာနာဘုတ်အဖွဲ့အစည်းအဝေးနှင့် (၅၇) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဂါဗာနာများညီလာခံသို့ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၆

**အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ (SEACEN Centre) နှင့် ဗီယက်နမ်ဗဟိုဘဏ်တို့ ပူးပေါင်းကျင်းပသည့် (၄၁) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဂါဗာနာဘုတ်အဖွဲ့ (41st SEACEN Board of Governors-BOG) အစည်းအဝေးကို ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ (၅၇) ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ ဂါဗာနာများညီလာခံ (57th SEACEN Governors' Conference/ High Level Seminar) ကို ဒီဇင်ဘာ ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် လည်းကောင်း ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။**

အစည်းအဝေးနှင့်ညီလာခံသို့ SEACEN အဖွဲ့ဝင် ဗဟိုဘဏ် ၁၉ ဘဏ်တို့မှ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးဝင်းသော်၊ ဒေါ်သန်းသန်းဆွေနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ အဆင့်မြင့် အရာထမ်းများ တက်ရောက်ကြသည်။

### ကြိုဆိုနှုတ်ခွန်းဆက်

(၄၁) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဂါဗာနာဘုတ်အဖွဲ့ (41st SEACEN Board of Governors-BOG) အစည်းအဝေးတွင် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သူ ဗီယက်နမ်နိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌ Madam Nguyen Thi Hong၊ ယခင်နှစ်မှ အလှည့်ကျဥက္ကဋ္ဌဟောင်းဖြစ်သူ ဘရူနိုင်းဗဟိုဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူး Ms. YM Dayang Hajah Rokiah binti Haji Badar နှင့် SEACEN အမှုဆောင်ဒါရိုက်တာ Dr. Mangal Goswami တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ဆက်လက်၍ SEACEN စင်တာ၏ ၂၀၂၀-၂၀၂၂ ခုနှစ်အတွက် နည်းဗျူဟာအစီအစဉ် အကောင်အထည်ဖော်မှုဆိုင်ရာ Update အခြေအနေများကို SEACEN အမှုဆောင်ဒါရိုက်တာ Dr. Mangal Goswami က ကိုဗစ်-၁၉ ကာလအတွင်း SEACEN မှ ဆောင်ရွက်ခဲ့သော Online Learning Course များ/ Research Progress များကို တင်ပြသည်။

ထို့နောက် ၂၀၂၁ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများကို Online အသုံးပြု၍ ကျင်းပပြီးစီးမှုအခြေအနေ၊ သင်တန်းသားတက်ရောက်မှုအခြေအနေ၊ ကဏ္ဍအလိုက်ဘဏ္ဍာငွေသုံးစွဲမှုအခြေအနေ၊ SEACEN ဝန်ထမ်းရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ Update အခြေအနေများ၊ ၂၀၂၁ ခုနှစ်အတွင်း SEACEN Additional Scholarships (SAS) အသုံးပြုမှုအခြေအနေတို့ကို ဗဟိုဘဏ်ဥက္ကဋ္ဌများထံ SEACEN အမှုဆောင်ဒါရိုက်တာ Dr.Mangal Goswami က တင်ပြသည်။

### မဟာဗျူဟာမြောက် စီမံကိန်းများ

ယင်းနောက် SEACEN စင်တာ၏ ၂၀၂၀-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွက် SEACEN စင်တာမှ ကြီးမှူးဆောင်ရွက်လျက်ရှိသည့် ICT မဟာဗျူဟာမြောက် စီမံကိန်းများ ဆောင်ရွက်မှုအခြေအနေ၊ လာမည့် ၂၀၂၂ ခုနှစ်အတွင်း ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများ၊ ၂၀၂၂ ခုနှစ်အတွက် ဘတ်ဂျက်လျာထားမှုအခြေအနေ၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် SEACEN စင်တာမှ ICT Strategic Plan နှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ၊ ၂၀၂၁ ခုနှစ် SEACEN စင်တာ၏ Organization Scorecard နှင့်စပ်လျဉ်းသည့်ကိစ္စရပ်များ၊ SEACEN စင်တာ၏ Senior Advisor ခန့်အပ်ခြင်းနှင့် ခေါင်းဆောင်မှုနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဗဟိုဘဏ်ဥက္ကဋ္ဌများထံ လမ်းညွှန်မှုခံယူရာ SEACEN အဖွဲ့ဝင် ဗဟိုဘဏ် ၁၉ ဘဏ်တို့မှ တက်ရောက်လာကြသည့် ဗဟိုဘဏ်ဥက္ကဋ္ဌများက ဆက်လက်ဆောင်ရွက်ရန်ကိစ္စရပ်များကို လမ်းညွှန်မှာကြားကြသည်။



မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း (၄၁) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဂါဗာနာဘုတ်အဖွဲ့အစည်းအဝေးနှင့် (၅၇) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဂါဗာနာများညီလာခံသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်စဉ်။

ထို့နောက် (၅၇) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဂါဗာနာများညီလာခံ (57th SEACEN Governors' Conference/ High Level Seminar) တွင် "Digitalization of the Financial System – Implications for Central Banks" နှင့်စပ်လျဉ်း၍ အလှည့်ကျဥက္ကဋ္ဌဖြစ်သူ ဗီယက်နမ်ဗဟိုဘဏ်ဥက္ကဋ္ဌ Madam Nguyen Thi Hong က ဆွေးနွေးပြောကြားခဲ့ပြီး SEACEN အဖွဲ့ဝင်ဗဟိုဘဏ်အသီးသီးမှ ဥက္ကဋ္ဌများက အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ဆက်လက်၍ "Blockchain Technology Redefining Banking and Digitalization of Money and Payments" နှင့် စပ်လျဉ်း၍ J.P.Morgan မှ Global Head of Coin Systems ဖြစ်သူ Mr. Naveen Mellela၊ Mr. Jason Ekberg နှင့် Mr. Oliver Wyman တို့ကလည်းကောင်း၊ "The Future of Money: How the Digital Revolution is Transforming Currencies and Finance" နှင့်စပ်လျဉ်း၍ Cornell University မှ Tolani Senior Professor နှင့် Brookings Institution မှ senior fellow ဖြစ်သူ Professor Eswar Prasad ကလည်းကောင်း ဆွေးနွေးကြရာ Financial Times, Chair Editorial Board ဖြစ်သူ Ms. Gillian Tett က Moderator အဖြစ် ဆောင်ရွက်သည်။

### အပြန်အလှန်အမြင်ချင်းဖလှယ်

ထို့နောက် အပြည်ပြည်ဆိုင်ရာ စာရင်းရှင်းလင်းရေးဘဏ် BIS ၏ General Manager ဖြစ်သူ Mr. Agustin Carstens၊ ဟောင်ကောင်ငွေကြေးအာဏာပိုင်အဖွဲ့၏ Chief Executive Mr. Eddie Yue၊ ဖိလစ်ပိုင်ဗဟိုဘဏ်ဥက္ကဋ္ဌ Mr. Benjamin Diokno၊ နယူးဇီလန်ဗဟိုဘဏ်ဥက္ကဋ္ဌ Mr. Adrian Orr နှင့် အင်ဒိုနီးရှားဗဟိုဘဏ်ဥက္ကဋ္ဌ Dr. Perry Warjiyo တို့က အသီးသီးဆွေးနွေးကြရာ ဟောင်ကောင်တက္ကသိုလ်မှ Professor ဖြစ်သူ Mr. Doug Arner က Moderator အဖြစ် ဆောင်ရွက်သည်။ ထို့နောက် SEACEN အဖွဲ့ဝင် ဗဟိုဘဏ် ၁၉ ဘဏ်တို့မှ တက်ရောက်လာကြသည့် ဗဟိုဘဏ်ဥက္ကဋ္ဌများက အပြန်အလှန်အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

၂၀၂၂ ခုနှစ်တွင် (၄၂) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဥက္ကဋ္ဌများ အစည်းအဝေးနှင့် (၅၈) ကြိမ်မြောက် SEACEN ဗဟိုဘဏ်ဥက္ကဋ္ဌများ ညီလာခံကို ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

**သတင်းစဉ်**

# အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၂၃၃) ဖွင့်လှစ်

နေပြည်တော် ဒီဇင်ဘာ ၆

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်၊ သင်တန်းကျောင်း၌ ဖွင့်လှစ်သည့် အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း(Grade-1 သင်တန်း) အမှတ်စဉ်(၂၃၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ကိုဗစ်- ၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပသည်။**

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပါမောက္ခ ဒေါက်တာ ကံဇော်က ယခုသင်တန်းကို နိုင်ငံ့ဝန်ထမ်းများ၏ ရုံးလုပ်ငန်းကျွမ်းကျင်မှုများ တိုးတက် မြင့်မားလာစေရန်နှင့် လုပ်ငန်းတာဝန်များကိုစွမ်းဆောင်ရည်ပြည့်ဝစွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်



ကြောင်း၊ အစိုးရဌာန၊ အဖွဲ့အစည်းများရှိ အရာထမ်း၊ အမှုထမ်းများအတွက် အခြေခံအဆင့်၊ အလယ်အလတ်အဆင့်နှင့် အဆင့်မြင့် သင်တန်းများကို အဆင့် (၃)ဆင့် ခွဲခြား၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်း ကျွမ်းကျင်မှုသင်တန်းကို ယခင်စာရင်းစစ်ချုပ်ရုံး (ရုံးချုပ်) ရန်ကုန်၊ သင်တန်းကျောင်း၌ ၁၉၆၀ ပြည့်နှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး နေပြည်တော်၌ ၂၀၀၇-၂၀၀၈ ခုနှစ်၌ စတင်ဖွင့်လှစ်ခဲ့ရာ သင်တန်းအမှတ်စဉ် (၁ မှ ၂၃၂)အထိ သင်တန်းသား ၄၀၁၆၈ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

လုပ်ငန်းတာဝန်များ ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် ဗဟုသုတနှင့် ကျွမ်းကျင်မှုအရည်အသွေးများ ပြည့်ဝစေရန် လေ့လာသင်ယူမှုသည် အရေးကြီးကြောင်း၊ ပြည်သူ့အကျိုးစီးပွား ဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉) ရပ်တို့ကို သိရှိပြီး ဌာန၊ အဖွဲ့အစည်းအတွက် ကောင်းမွန်သော စီမံခန့်ခွဲမှုကို အထောက်အကူပြုနိုင်သူများဖြစ်ရန် လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ၍ ဌာန၊ အဖွဲ့အစည်းနှင့် နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် ပေးအပ်သည့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြစေလိုကြောင်း၊ တိကျပြည့်စုံမှန်ကန်သည့် စာရင်းရေးဆွဲမှတ်တမ်းတင်မှုများကို အများလက်ခံကျင့်သုံးနေသော စာရင်းကိုင်မှုများနှင့်အညီ လိုက်နာကျင့်သုံးနိုင်စေရန် သင်ကြားပေးသွားမည်ဖြစ်ကြောင်း မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ သင်တန်းတွင် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန/ အဖွဲ့အစည်း ၃၈ ခုမှ သင်တန်းသား ၁၀၂ ဦး တက်ရောက်ကြပြီး စာရင်းကိုင်ပညာ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ ဝန်ထမ်းစည်းမျဉ်း၊ ဦးစီးဌာနစာရင်းထားနည်း၊ စတိုပစ္စည်းစာရင်း ထားနည်းနှင့် အမှုတွဲထိန်း ဘာသာရပ်များကို ဒီဇင်ဘာ ၆ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၄ ရက်အထိ စာမေးပွဲရက် အပါအဝင် တစ်လကြာ သင်ကြား ပို့ချသွားမည်ဖြစ်သည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဒီဇင်ဘာ ၆

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# အဂတိတိုင်ကြားစာနှင့် သတိပြုစရာ

## လင်းလက်

### ပြည်သူတို့ ပူးပေါင်းပါဝင်ရေး

မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၇-၈-၂၀၁၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ကာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို ၂၅-၂-၂၀၁၄ ရက်နေ့က စတင်ဖွဲ့စည်းခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူလျက် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည်မှာ သက်တမ်းကာလ ရှစ်နှစ်ခန့်ရှိခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အရေးကြီးလှပါသည်။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု ပုံစံအမျိုးမျိုးရှိသည့်အနက် အဂတိလိုက်စားမှုများကို ဖော်ထုတ်အရေးယူနိုင်ရေးတွင် သတင်းပေးတိုင်ကြားမှု အခန်းကဏ္ဍသည် အလွန်အရေးကြီးပါသည်။ တိကျသေချာသည့် သတင်းအချက်အလက် မရရှိပါက မည်သည့် အဂတိလိုက်စားမှုကိုမျှ အရေးယူနိုင်မည် မဟုတ်သဖြင့် ပြည်သူများက အဂတိလိုက်စားမှုကို တွေ့ရှိရသည်ဖြစ်စေ၊ ကိုယ်တိုင် ကြုံတွေ့ခံစားရသည်ဖြစ်စေ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်သို့ တိုင်တန်းခြင်းဖြင့် အစိုးရနှင့် ပြည်သူ ပူးပေါင်းဆောင်ရွက်မှု အသွင်သဏ္ဌာန်ဖော်ဆောင်ကာ အဂတိလိုက်စားမှုများကို ယခုထက် ပိုမိုဖော်ထုတ် အရေးယူသွားနိုင်မည်ဖြစ်ပါသည်။

### သတင်းပေးပို့တိုင်တန်းနိုင်

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၄၄ တွင် “မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်”ဟု ဖော်ပြပါရှိပါသည်။

### နည်းလမ်း (၃) သွယ်

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ တရားဝင် Website ဖြစ်သည့် https://www.accm.gov.mm တွင် အဂတိလိုက်စားမှုများကြောင့် နစ်နာရသူများအနေဖြင့် တိုင်ကြားစာများကို နည်းလမ်းသုံးသွယ်ဖြင့်ပေးပို့နိုင်ကြောင်း ဖော်ပြထားပါသည်။ (၁) လူကိုယ်တိုင်လာရောက် တိုင်တန်းခြင်း၊ (၂) စာတိုက်မှတစ်ဆင့် တိုင်ကြားစာပေးပို့ခြင်းနှင့် (၃) ကော်မရှင်ရုံး၏ Website (https://www.accm.gov.mm) မှတစ်ဆင့် တိုင်ကြားခြင်းနှင့် email လိပ်စာ (accm@accm.gov.mm) မှ တစ်ဆင့် တိုင်ကြားခြင်းတို့ဖြစ်ပါသည်။ စာတိုက်မှတစ်ဆင့် ပေးပို့တိုင်တန်းလိုသူများအနေဖြင့် “သို့/ ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်” ဟု လိပ်မူပြီး တိုင်ကြားစာများ ပေးပို့နိုင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ လူကိုယ်တိုင် သွားရောက်တိုင်တန်းလိုသူများအနေဖြင့်လည်း ကော်မရှင်ရုံးသို့ ရုံးချိန်အတွင်း {တနင်္လာနေ့မှ သောကြာနေ့အထိ (တရားဝင်ရုံးပိတ်ရက်များမပါ)၊ နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ} လာရောက် တိုင်တန်းနိုင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

### လိုအပ်ချက်များ

ထိုကဲ့သို့တိုင်ကြားရာ၌ တိုင်ကြားစာများတွင် အောက်ဖော်ပြပါအချက်များ ပါဝင်ရန် လိုအပ်ကြောင်း Website တွင် ဖော်ပြထားပါသည်-

- တိုင်ကြားသည့်အမှုသည် ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့၏ နောက်ပိုင်းကာလများတွင် ဖြစ်ပွားသော အဂတိလိုက်စားမှုဖြစ်ရမည်။
- လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် အဂတိလိုက်စားကြောင်း ပြင်ပတွင် ကြားသိနေသည့် အပြင်သိ၊ ပတ်ဝန်းကျင် အများပြောနေသည့် သတင်းကြားတို့ဖြင့် တိုင်ကြားခြင်း မပြုဘဲ အရေးကြီးသည့် သက်သေခံချက်ပါရှိရမည်။
- စုံစမ်းစစ်ဆေးရမည့်ကိစ္စဖြစ်ပါက အမှန်တကယ်နစ်နာသူ ဟုတ်၊ မဟုတ် သိရှိနိုင်ရန်၊ လိုအပ်ပါက ဆက်သွယ်ခေါ်ယူမေးမြန်းစုံစမ်းနိုင်ရန်နှင့် အခြားသူ၏ အမည်ကို အလွဲသုံးစားပြုလုပ်၍ တိုင်ကြားခြင်းအား ကြိုတင်ကာကွယ်နိုင်ရေးအတွက် တိုင်ကြားသည့် နစ်နာသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ ပါရှိရမည်။
- တိုင်ကြားစာကော်မရှင်သို့ မိတ္တူပေးပို့ပါက ကော်မရှင်အနေဖြင့် အရေးယူဆောင်ရွက်နိုင်မည် မဟုတ်ပါသဖြင့် ကော်မရှင်သို့ တိုက်ရိုက်လိပ်မူ ပေးပို့ရမည်။

ကော်မရှင်သည် ပေးပို့လာသောတိုင်ကြားစာများအနက်မှ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၂၁ (ဂ) အရ ကော်မရှင်သို့ တိုက်ရိုက်လိပ်မူတိုင်ကြားသော တိုင်ကြားစာများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့တိုင်ကြားသော တိုင်ကြားစာများနှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဆိုပါတိုင်ကြားချက်ကို ကော်မရှင်သို့ လွှဲပြောင်းပေးပို့သော တိုင်ကြားစာများကို စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ပါသည်။

◆ **ပြည်သူများအနေဖြင့် အဂတိလိုက်စားမှုများကို တိုင်တန်းဖော်ထုတ်ကြရာတွင် အဂတိလိုက်စားမှုနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကိုသာ အထောက်အထားခိုင်လုံစွာနှင့် တိုင်ကြားရန် လိုအပ်မည်ဖြစ်ပါသည်။ အခြားသူတစ်ဦးတစ်ယောက်အား ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ မမှန်မကန်တိုင်ကြားပါကလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူခြင်းခံရနိုင်သဖြင့် သတိပြု ဆင်ခြင်သင့်**

### သတိပြုဖွယ်

တိုင်ကြားစာများတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၂၂ အရ တိုင်ကြားသည့်ကိစ္စသည် ကော်မရှင်က စုံစမ်းစစ်ဆေးပြီးသောကိစ္စဖြစ်ခြင်း၊ တိုင်ကြားမှုတွင် အရေးကြီးသည့် သက်သေခံချက်များမပါရှိခြင်း သို့မဟုတ် လိုအပ်၍ ကြိုတင်ထောက်လှမ်း စုံစမ်းရာတွင်လည်း ခိုင်လုံသည့် သက်သေခံချက်မရရှိခြင်းနှင့် ထပ်မံတိုင်ကြားမှုတွင် အရေးကြီးသည့် သက်သေခံချက် အသစ်မပါရှိခြင်းတို့ကို စိစစ်တွေ့ရှိရပါက ကော်မရှင်အနေဖြင့် စုံစမ်းစစ်ဆေးခြင်း မပြုလုပ်နိုင်ပါ။ သို့ရာတွင် ကော်မရှင်အနေဖြင့် လက်ခံရရှိသည့် တိုင်ကြားစာများအနက် အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ ထပ်မံစိစစ်ရန်လိုအပ်သည့် တိုင်ကြားစာများကို စိစစ်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာန/အဖွဲ့အစည်းများသို့ လွှဲပြောင်းပေးပို့ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ ဆောင်ရွက်ရန် အကြောင်းပေါ်ပေါက်ခြင်း မရှိသည့် တိုင်ကြားစာများနှင့်စပ်လျဉ်း၍ ကော်မရှင်အနေဖြင့် ဆောင်ရွက်ရန်မရှိကြောင်းနှင့် မည်သို့ဆောင်ရွက်သင့်ကြောင်းကို တိုင်ကြားသူ တစ်ဦးချင်းထံ ပြန်ကြားခြင်းနှင့် လိုအပ်ပါက တိုင်ကြားသူများအား လက်ခံတွေ့ဆုံ၊ ဆွေးနွေး၊ ဖြေရှင်းခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

### လုပ်ကြံတိုင်တန်းပါက

သို့ရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၄၆ တွင်မူ “ပုဒ်မ ၄၄ အရ သတင်းပေးပို့ချက် သို့မဟုတ် တိုင်တန်းချက်ပေးပို့သူသည် ခိုင်လုံသောအကြောင်းမရှိဘဲ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် ရည်ရွယ်၍ သတင်းပေးပို့ချက်ကိုဖြစ်စေ၊ တိုင်တန်းချက်ကိုဖြစ်စေ တမင်ပြုလုပ်ကြောင်း ပေါ်ပေါက်ပါက အရေးယူခံရမည်” ဖြစ်ကြောင်းကိုလည်း ပြဋ္ဌာန်းထားပါသည်။ “မည်သူမဆို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် ရည်ရွယ်၍ ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သည်ဟုသော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်း ဖြစ်သည်ဟုသော်လည်းကောင်း မမှန်မကန် သတင်းပေးပို့ခြင်း၊ တိုင်တန်းခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်” ဟု ပုဒ်မ ၅၉ တွင် ပြဋ္ဌာန်းထားပါသည်။ သို့ဖြစ်ရာ လူတစ်ဦးတစ်ယောက်အား နစ်နာစေလိုသောရည်ရွယ်ချက်မျိုးဖြင့် တိုင်တန်းခြင်း ပြုလုပ်ပါက ဥပဒေအရ အရေးယူခြင်းခံရနိုင်သည်ကို သတိပြုသင့်ပေသည်။

### တိုင်ကြားစာနှင့် အခြေအနေမှန်များ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website တွင် ဖော်ပြထားသည့် အချက်အလက်များအရ ၂၀၂၀ ပြည့်နှစ်အတွင်း တိုင်ကြားစာပေါင်း ၅၉၆၃ စောင်ကို လက်ခံရရှိခဲ့ပြီး ယခင်နှစ် ၂၀၁၉ မှ စိစစ်ရန် ကျန်ရှိနေသော တိုင်ကြားစာ ၁၀၄၄ စောင်အပါအဝင် တိုင်ကြားစာ စုစုပေါင်း ၇၀၀၇ စောင်အား အမျိုးအစားခွဲခြားရာတွင် အဂတိလိုက်စားကြောင်း ဖော်ပြတိုင်တန်းသည့် တိုင်ကြားစာမှာ စောင်ရေ ၇၀ သာရှိသည်ကို တွေ့ရှိပြီး အဆိုပါ စောင်ရေ ၇၀ ကို အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှု ပြုလုပ်နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ တိုင်ကြားစာ ၁၃၀၄ စောင်ကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးပို့ခဲ့ပြီး တိုင်ကြားစာ ၂၃၁၅ စောင်နှင့် စပ်လျဉ်း၍ ပြည်သူများထံ အကြံပြုချက်ဖြင့် အသိပေးပြန်ကြားခြင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၀ ပြည့်နှစ်အတွင်း တိုင်ကြားသူ ၁၆၂ ဦးအား လက်ခံတွေ့ဆုံဆွေးနွေးဖြေရှင်းခြင်းကိုလည်း ဆောင်ရွက်ခဲ့ပါသည်။ သို့ရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် အကျုံးဝင် သက်ဆိုင်ခြင်း မရှိသည့် တိုင်ကြားစာစုစုပေါင်းမှာ ၃၀၆၇ စောင်ရှိသဖြင့် တိုင်ကြားစာစုစုပေါင်း၏ ၄၄ ရာခိုင်နှုန်းခန့် ရှိနေသည်ကို တွေ့ရှိရပါသည်။

### အဂတိကင်းစင်ရေး၊ သင့်တာဝန်နှင့် သတိပြုရေး


ကော်မရှင်ရုံးသို့ တိုင်ကြားသည့် တိုင်ကြားစာ အများစုတွင် “အဂတိလိုက်စားမှုနှင့် မသက်ဆိုင်သည့်ကိစ္စရပ်များကို တိုင်ကြားခြင်း၊ ဥပဒေအရ တရားရုံးတွင် တရားစွဲဆိုဖြေရှင်းရမည့်ကိစ္စဖြစ်နေခြင်း၊ ပုဂ္ဂိုလ်ရေး မုန်းတီးမှုဖြင့် အကြိမ်ကြိမ်တိုင်ကြားနေခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရများက ဆောင်ရွက်ပေးရမည့် ကိစ္စဖြစ်နေခြင်း၊ တိုင်ကြားစာတွင်ပါဝင်သည့် အကြောင်းအရာများမှာ အဂတိလိုက်စားမှုနှင့် သက်ဆိုင်သည့် အချက်အလက်များ မပါရှိခြင်း၊ မည်သည့်အထောက်အထား၊ သက်သေမှမပါရှိဘဲ ယေဘုယျဆန်ဆန် ရေးသားတိုင်တန်းထားခြင်း၊ တိုင်ကြားသူ၏ လက်မှတ် (သို့) တိုင်ကြားသူ၏ အမည်မပါရှိဘဲ ပစ်စာသဘော တိုင်ကြားထားခြင်း” စသည့် အဂတိလိုက်စားမှုနှင့် သက်ဆိုင်ခြင်းမရှိသည့် တိုင်ကြားစာများ ဖြစ်နေကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ရာ ပြည်သူများအနေဖြင့် အဂတိလိုက်စားမှုများကို တိုင်တန်းဖော်ထုတ်ကြရာတွင် အဂတိလိုက်စားမှုနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကိုသာ အထောက်အထားခိုင်လုံစွာနှင့် တိုင်ကြားရန် လိုအပ်မည် ဖြစ်ပါသည်။ အခြားသူတစ်ဦးတစ်ယောက်အား ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ မမှန်မကန်တိုင်ကြားပါကလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူခြင်းခံရနိုင်သဖြင့် သတိပြု ဆင်ခြင်သင့်ပါသည်။ အချုပ်အားဖြင့် အဂတိပယ်ခွာ ပြည်သာယာရေး၊ ပြည်သူအပေါင်းမှလည်း ပါဝင်ပူးပေါင်း ဆောင်ရွက်ရေး ဤသတင်းဆောင်းပါးနှင့် နှိုးဆော်အသိပေး တင်ပြအပ်ပါသည်။

**ရည်ညွှန်းကိုးကားသည့် စာအုပ်စာစောင်များစာရင်း**

- အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ
- ကော်မရှင်ရုံး Website တွင် ဖော်ပြထားသည့် အချက်အလက်များနှင့် အခြားအချက်အလက်များ

# ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်း အကြမ်းဖက်သမားများနှင့် လက်နက်/ခဲယမ်းများ ပို့ဆောင်ပေးလျက်ရှိသည့် တရားခံများအား ဖမ်းဆီးရရှိမှု အခြေပြဇယား




*○ ကျောဖုံးမှ*

ချိတ်ဆက် ဆောင်ရွက်နေသည့် **စိုးပိုင်ဦး** (၃၅) နှစ်နှင့် **အောင်ကျော်** (၅၆)နှစ်တို့ နှစ်ဦးကို ပုသိမ်မြို့နယ် (၉)ရပ်ကွက် သင်္ဘောကျင်းတွင် ဖမ်းဆီးရမိခဲ့သည်။

တရားခံ **စိုးပိုင်ဦး**၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၂ ရက်တွင် ပုသိမ်မြို့ (၁၀) ရပ်ကွက် စက်ကုန်းရပ်နေသူများဖြစ်သော **ချောစုလှိုင်** (၄၀)နှစ်ကို ဒီတိုနေတာ ငါးချောင်း၊ လက်လုပ် သေနတ်ပြုလုပ်ရန် ဆင်ထားသည့် ပိုက် သုံးခု၊ Gas Gun သုံးခု၊ Laptop တစ်လုံး၊ သံလိုက်အိမ်မြှောင် နှစ်ခုတို့ဖြင့် လည်းကောင်း၊ **စုလှိုင်မိုး**(၂၅)နှစ်၊ **တင်လှ** (၅၂) နှစ်၊ **ဖြိုးလေး(ခ) ကိုဖြိုး**(၃၀)နှစ်တို့ သုံးဦးကို လည်းကောင်း၊ **ဖြိုးလေး(ခ) ကိုဖြိုး**၏ ထွက်ဆိုချက်အရ ပုသိမ်မြို့နယ် တိုက်ကြီးကုန်းကျေးရွာ၌ **ဇော်မင်းထွန်း(ခ) ကုလား** (၃၆) နှစ်ကို လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံများ၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၃ ရက်တွင် ပုသိမ်မြို့နယ်တိုက်ကြီးကုန်းကျေးရွာနေ **နီနီ(ခ) ဘာဘူလေး** (၃၈) နှစ်ကို လည်းကောင်း၊ အိမ်ချောင်းကလေးကျေးရွာ စက်လှေဆိပ်၌ **အောင်ဖြိုးမင်း(ခ) ဖြိုးကြီး** (၂၀) နှစ်နှင့် **စိုးယုကျော်(ခ) ဒေဝ** (၂၆) နှစ်တို့ကို လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ **စိုးပိုင်ဦး**၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၄ ရက်တွင် ပုသိမ်မြို့နယ် လင်းဝင်းကြီးအုပ်စု ကွက်ပြင်ကြီးကျေးရွာနေ **ခင်သန်း** (၅၈)နှစ်ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ ပိတောက်ချောင်းကုန်းကျေးရွာရှိ ဖမ်းဆီးရန်ကျန် **အေးသောင်း** နေအိမ်အနောက်ဘက်၌ ပစ္စတိုသေနတ် တစ်လက်၊ ပွိုင့် ၃၈၀ ပစ္စတိုကျည် ၁၉ တောင့်၊ ကျည်အိမ် နှစ်ခုတို့ကို သိမ်းဆည်းရမိခဲ့သည်။

တရားခံ **ဖြိုးလေး(ခ)ကိုဖြိုး**၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၄ ရက်တွင် ပုသိမ်မြို့ (၁၀)ရပ်ကွက် (၁၀)လမ်းမကြီးရှိ ဖမ်းဆီးရန်ကျန် **ဒေါ်မြနှစ်** နေအိမ်၌ ယမ်းထုပ် ငါးထုပ်၊ ချိန်ကိုက်မိုင်းပြုလုပ်ရာတွင် အသုံးပြုသည့် စားပွဲတင်နာရီ ၁၀ လုံး၊ ဒီတိုနေတာ အချောင်း ၅၀ နှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။



ပုသိမ်မြို့နယ် လင်းဝင်းကြီးအုပ်စု ပိတောက်ချောင်းကုန်းကျေးရွာနေ အေးသောင်း နေအိမ်၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

တရားခံ **စိုးယုကျော်**၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၅ ရက်တွင် ငပုတောမြို့နယ် ဂုံညှင်းတန်းအုပ်စု လဲလောင်းကျေးရွာအနီး ခြေတော်ရာ ဘုန်းကြီးကျောင်းအား ပူးပေါင်းအဖွဲ့ဖြင့်သွားရောက်ရှင်းလင်းခဲ့ရာ **ဦးပညာနန္ဒ(ခ) ကြည်ညွန့်** (၆၆)နှစ်အား ပစ္စတို တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ၉မမ ကျည် အတောင့် ၂၀၊ M 16 တစ်လက်၊ ကျည်အိမ် လေးခု၊ ၅ ဒသမ ၅၆ ကျည် ၉၆ တောင့်၊ ရှေ့ထွက်မိုင်း သုံးလုံး၊ ကျောပိုးအိတ် ငါးလုံး၊ Keypad ဖုန်း ရှစ်လုံး၊ ဆက်စပ်ပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံ **စိုးပိုင်ဦး**၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၅ ရက်တွင် ပုသိမ်မြို့ (၁၀) ရပ်ကွက် စက်ကုန်းလမ်းတွင် **ဖိုးထွေး**(၅၁)နှစ်ကို ပွိုင့်-၂၂ တစ်လက်၊ ကျည် ၆၈ တောင့်ဖြင့် လည်းကောင်း၊ လက်နက်/ခဲယမ်းများ သို့ဝှက်သိမ်းဆည်းရာတွင် ပူးပေါင်းပါဝင်သည့် ဆက်စပ်တရားခံများဖြစ်သော **သော်ဇင်ခြူး(ခ)ကိုခြူး**(၂၅)နှစ်၊ **ထူးဝေ(ခ) ဟန်မျိုးဦး** (၂၃)နှစ်၊ **စိုးသက်ခိုင်(ခ)သားပု** (၂၁)နှစ်တို့ သုံးဦးကို လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ **ကျား ၁၄ ဦး၊ မ နှစ်ဦး ပေါင်း ၁၆ ဦး**တို့ကို လက်နက်မျိုးစုံ လေးလက်၊ ကျည်အိမ်မျိုးစုံ ရှစ်ခု၊ ကျည်မျိုးစုံ ၂၀၃ တောင့်၊ ရှေ့ထွက်မိုင်း သုံးလုံး၊ ဒီတိုနေတာ ၅၅ ချောင်း၊ ယမ်းထုပ် ငါးထုပ်၊ လက်လုပ် သေနတ်ပြုလုပ်ရန် ဆင်ထားသည့် ပိုက် သုံးခု၊ Laptop တစ်လုံး၊ သံလိုက်အိမ်မြှောင် နှစ်ခု၊ ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

*စာမျက်နှာ ၁၂ သို့*



ပုသိမ်မြို့ (၁၀)ရပ်ကွက် စက်ကုန်းရပ်၌ ဖမ်းဆီးရမိသည့် ဖောက်ခွဲဖျက်ဆီးရေးဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



ပုသိမ်မြို့ (၁၀)ရပ်ကွက် (၁၀)လမ်းမကြီးနေ ဒေါ်မြနှစ် နေအိမ်၌ သိမ်းဆည်းရမိသည့် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာ အပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ် တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှု အောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှု ရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

*စာမျက်နှာ ၁၁ မှ*

တရားခံများ၏ ထွက်ဆိုချက်အရ KNLA တပ်မဟာ(၆)တွင် ထွက်ပြေးတိမ်းရှောင်နေသူ ဖမ်းဆီးရန်ကျန် **ဂျပန်ကြီး**မှ ရန်ကုန်မြို့နေ ဖမ်းဆီးရန်ကျန် **ဖိုးလပြည့်(ခ)လပြည့်**နှင့် ချိတ်ဆက်၍ လက်နက်/ခဲယမ်းများအား ဂက်စ်အိုးများအတွင်း ထည့်သွင်းကာ ရန်ကုန် – ပုသိမ် ပြေးဆွဲသော ခရီးသည်တင်ယာဉ်များဖြင့် **စိုးပိုင်ဦး**ထံ ပို့ဆောင်ခဲ့ကြောင်းနှင့် ၎င်းမှတစ်ဆင့် လက်နက်သယ်ဆောင်ပေးမည့်သူများဖြစ်သည့် **ဘယ်ကျော်** ထံသို့ လည်းကောင်း၊ ဖမ်းဆီးရန်ကျန် **ချစ်ပိုင်စိုး**မှတစ်ဆင့် **ခင်သန်း** ထံသို့လည်းကောင်း၊ ဖမ်းဆီးရန်ကျန် **ဆရာဇော်** မှတစ်ဆင့် ပုသိမ်မြို့ (၁၀) ရပ်ကွက် စက်ကုန်းလမ်းနေ **ဖိုးထွေး** ထံသို့လည်းကောင်း၊ ဖမ်းဆီးရန်ကျန် တရားခံဖြစ်သည့် **ရဲခေါင်**မှတစ်ဆင့် ငပုတောမြို့နယ် လဲလောင်းကျေးရွာအနီး ခြေတော်ရာ ဘုန်းကြီးကျောင်းရှိ ဥူးပညာနန္ဒ (ခ) ကြည်ညွန့်၊ ဖမ်းဆီးရန်ကျန် **တိုက်ဂါး၊ ဆိတ်ကြီး၊ ကောင်းကောင်း** တို့ထံသို့ ပေးပို့ထားရှိခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ထို့အပြင် တရားခံများ၏ ထွက်ဆိုချက်အရ **ဂျပန်ကြီး**မှ ပေးပို့သည့် ဒီတိုနေတာများနှင့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများအား **စိုးပိုင်ဦး** သည် **ကိုဖြိုး(ခ)ဖြိုးလေး** မှတစ်ဆင့် မအူပင်မြို့နယ်နေ ဖမ်းဆီးရန်ကျန် **ကျားကြီး** ထံသို့လည်းကောင်း၊ ကြံခင်းမြို့နယ်နေ ဖမ်းဆီးရန်ကျန် **မတင်ညွန့်** ထံသို့လည်းကောင်း ခရီးသည်တင်ယာဉ်လိုင်းများဖြင့် ပို့ဆောင်ပေးခဲ့ကြောင်းနှင့် **စိုးယုကျော်(ခ)ဒေဝ** သည် **ရဲခေါင်** မှပေးပို့သည့် ဖောက်ခွဲရေး ပစ္စည်းများအား ငပုတောမြို့နယ် ဂုံညှင်းတန်းအုပ်စု လဲလောင်းကျေးရွာရှိ **အေးမြင့်** ထံပေးပို့ခဲ့ရာ ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **အေးမြင့်၊ ရဲခေါင်၊ တိုက်ဂါး၊ ဆိတ်ကြီး**နှင့် **ကောင်းကောင်း**တို့ ငါးဦးမှ လက်လုပ်မိုင်းများ ပြုလုပ်ခဲ့ပြီး ဖမ်းဆီးရန်ကျန် **မင်းမင်းဦး**မှ လက်လုပ်မိုင်းများအား ငပုတောမြို့နယ် ဂုံညှင်းတန်းအုပ်စု လဲလောင်းကျေးရွာနေ ဖမ်းဆီးရန်ကျန် **တူကယ်** ထံသို့ ပို့ဆောင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။



ငပုတောမြို့နယ် လဲလောင်းကျေးရွာအနီး ခြေတော်ရာဘုန်းကြီးကျောင်း၌ သိမ်းဆည်းရမိသည့် ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

တရားခံများ၏ ထွက်ဆိုချက်အရ ယခုဖမ်းဆီးရမိတရားခံများသည် ဖမ်းဆီးရန်ကျန် ပုသိမ် PDF အကြမ်းဖက်အဖွဲ့မှ **နန္ဒ**၏ စေခိုင်းမှုဖြင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်ရည်ရွယ်၍ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲကာ လုပ်ကြံသတ်ဖြတ်ခြင်း၊ ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ အများပြည်သူနှင့် သက်ဆိုင်သော နေရာများတွင် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်မည့်သူများ၊ လက်နက်/ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းများအား ပို့ဆောင်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အဆိုပါ အကြမ်းဖက်အဖွဲ့များထံ လူ၊ လက်နက်၊ ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းများအား ပို့ဆောင်ပေးလျက်ရှိသော ဖမ်းဆီးရမိ တရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာ နေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်း ဆောင်ရွက်နိုင်ပါရန် သက်ဆိုင်ရာက မေတ္တာရပ်ခံထားသည်။

**သတင်းစဉ်**

## လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၆**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း၊ ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက် တည်ရှိနေပြီး တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် နောက် ၄၈ နာရီအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# အင်ဒိုနီးရှားနိုင်ငံ၌ မီးတောင်ပေါက်ကွဲမှုထပ်မံဖြစ်ပွားခဲ့ရာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆိုင်းငံ့ထားရ

**ဂျကာတာ ဒီဇင်ဘာ ၆**

အင်ဒိုနီးရှားနိုင်ငံ ဆမ်မရူမီးတောင်မှ ပြာများ မှုတ်ထုတ်နေသည့်အတွက် ဒီဇင်ဘာ ၆ ရက်တွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆိုင်းငံ့ထားရသည်ဟု သိရသည်။

ဂျာဗားကျွန်းပေါ်ရှိ အကြီးဆုံးတောင်မှ မီးတောင်ပေါက်ကွဲမှုဖြစ်ပွားပြီး ပြာများကို ကောင်းကင်ယံအထိ မှုတ်ထုတ်ခဲ့သည်။ ထို့ကြောင့် ပြည်သူများ နေရပ် စွန့်ခွာထွက်ပြေးခဲ့ရပြီး သေဆုံးသူမှာ ၁၄ ဦးထက် မနည်းရှိသည်ဟု သိရသည်။

နောက်ထပ်မီးတောင်လှုပ်ရှားမှုများ ရှိနေသည့်အတွက် ဒီဇင်ဘာ ၆ ရက်တွင် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆိုင်းငံ့ထားရသည်ဟု သိရသည်။ အခြေအနေများ တည်ငြိမ်သွားသည်နှင့်တစ်ပြိုင်နက် ကယ်ဆယ်ရေးလုပ်ငန်းများ ပြန်လည်စတင်မည်ဟု ကယ်ဆယ်ရေးလုပ်သားတစ်ဦးဖြစ်သူ ရီဇယ်ပနားမားက ပြောသည်။

ပျောက်ဆုံးနေသည့်လူများ ရှိနေဆဲဖြစ်ကြောင်းကိုလည်း ၎င်းက ဆက်လက်ပြောသည်။ မီးတောင်အဝမှ ငါးကီလိုမီတာအကွာသို့ သွားလာခြင်းများ မပြုလုပ်ကြရန်လည်း အာဏာပိုင်များက ဒေသခံများကို အကြံပြုထားသည်။

ကမ်ပေါင်ရမ်တန်ကျေးရွာရှိ သတ္တုတူးဖော်ရေးလုပ်ငန်းခွင်တွင် လူ ၁၅ ဦး ပိတ်မိနေပြီး ၎င်းတို့ထံမှ သတင်းမကြားရသေးဟု သိရသည်။ ၂၀၁၈ ခုနှစ် နှောင်းပိုင်းကလည်း ဂျာဗားကျွန်းနှင့် ဆူမားတြားကျွန်းတို့ကြား ရေလက်ကြားတွင် မီးတောင်ပေါက်ကွဲမှုကြောင့် ရေအောက်တွင် မြေပြိုမှုနှင့် ဆူနာမီဖြစ်ပေါ်ခဲ့ပြီး လူပေါင်း ၄၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရသည်။

**အေအက်ဖ်ပီ**



မီးတောင်ပေါက်ကွဲမှုကြောင့် ကျေးရွာအတွင်း ပြာပူများနှင့် ရွှံ့များဖုံးလွှမ်းနေသည်ကို တွေ့ရစဉ်။

# ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာအေဂျင်စီက ဂျော်ဒန်နိုင်ငံ၌ ဆောင်းရာသီဈေးရောင်းပွဲပြုလုပ်

**အမ္မန် ဒီဇင်ဘာ ၆**

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ဂျော်ဒန်နိုင်ငံ အမ္မန်မြို့တွင် လေးကြိမ်မြောက် ဆောင်းရာသီ ဈေးရောင်းပွဲကို ဒီဇင်ဘာ ၅ ရက်က ပြုလုပ်ခဲ့သည်ဟု သိရသည်။

ဂျော်ဒန်နိုင်ငံ တစ်လွှားရှိ ဒုက္ခသည်များကို ကူညီထောက်ပံ့ပေးရန်အတွက် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ တစ်ပတ်ကြာကျင်းပသည့် ဈေးရောင်းပွဲတော်တွင် ဒုက္ခသည် လမ်းဘေးဈေးသည် ၆၀ ပါဝင်ခဲ့ပြီး လက်မှုပစ္စည်းများ ရောင်းချခဲ့သည်ဟု သိရသည်။

ရောင်းချသည့် ပစ္စည်းများထဲတွင် ဆပ်ပြာ၊ အစားအသောက်၊ အိမ်အလှဆင်ရေး ပစ္စည်းများနှင့် အားလပ်ရက်ပစ္စည်းများ ပါဝင်သည်ဟု ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက သတင်းထုတ်ပြန်သည်။

ဒုက္ခသည်များထံ ဝင်ငွေတိုက်ရိုက်ရရှိစေရေး အတွက် ရည်ရွယ်ကာ ယခုလိုပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ဂျော်ဒန်နိုင်ငံဆိုင်ရာ ကိုယ်စားလှယ် ဒိုမနစ်ဘာ့ဂျ်က ပြောသည်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက တစ်နှစ်လျှင် နှစ်ကြိမ်ဒုက္ခသည်များကို စုစည်းပေးပြီး အဆိုပါဈေးမှာ ဂျော်ဒန်နိုင်ငံရှိ ဒုက္ခသည်စခန်းများအားလုံးကို ပထမဆုံးအကြိမ်အဖြစ် ကိုယ်စားပြုကြောင်းကိုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ဂျော်ဒန်နိုင်ငံသည် ဒုက္ခသည်များကို ဒုတိယအများဆုံး လက်ခံထားရာ နိုင်ငံဖြစ်ပြီး ဒုက္ခသည် ၇၅၀၀၀၀ အတွက် ခိုလှုံရာလည်းဖြစ်သည်။ ဒုက္ခသည်အများစုမှာ ဆီးရီးယားနိုင်ငံမှ ဖြစ်သည်ဟုလည်း သိရသည်။

**ဆင်ဟွာ**



ဈေးအတွင်း လက်မှုထည်ပစ္စည်းများ ရောင်းချနေသည်ကို တွေ့ရစဉ်။

# ဘောလုံးအသင်း ပူးပေါင်းဆောင်ရွက်ရေး အစ္စရေးနှင့် မော်ရိုကိုတို့ ပထမဆုံးအကြိမ် လက်မှတ်ရေးထိုး

**ဂျေရုဆလင် ဒီဇင်ဘာ ၆**

အစ္စရေးဘောလုံးအဖွဲ့ချုပ် (အိုင်အက်ဖ်အေ) နှင့် မော်ရိုကို တော်ဝင်ဘောလုံးအသင်း အဖွဲ့ချုပ် ( အက်ဖ်အာအမ်အက်ဖ်) တို့ သမိုင်းဝင် ပူးပေါင်းမှုသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်ဟု အိုင်အက်ဖ်အေက ဒီဇင်ဘာ ၅ ရက်တွင် ပြောသည်။

**ဒိုင်လူကြီးများ ဖလှယ်**

အဆိုပါသဘောတူညီမှုတွင် နှစ်နိုင်ငံအသင်းများကြား ချစ်ကြည်ရေးပွဲစဉ်များ ပါဝင်မည်ဖြစ်ပြီး အစ္စရေးနိုင်ငံ၏ အသက် ၁၇ နှစ်အောက် ဘောလုံးအသင်းသည် လာမည့်သီတင်းပတ်များအတွင်း မော်ရိုကိုနိုင်ငံသို့ သွားရောက်ဖွယ်ရှိသည်။ ဒိုင်လူကြီးများ ဖလှယ်သည့် သဘောတူညီမှုလည်း ပါဝင်သည်။

**ဘောလုံးအကယ်ဒမီသို့ သွားရောက်လည်ပတ်ခွင့်ရမည်**

လူငယ်အားကစားသမားများကြားတွင် တိုးတက်မှုမြှင့်တင်ရန်အတွက် ရည်ရွယ်ကာ ယခုလိုသဘောတူညီမှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အစ္စရေးဘောလုံးသမားများသည် ရာဘတ်မြို့အနီးရှိ မိုဟာမက် ၆ ဘောလုံးအကယ်ဒမီသို့ သွားရောက်လည်ပတ်ခွင့်ရမည်ဖြစ်သည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ၌ အိုမီခရွန် ကူးစက်ခံရသူ ၂၁ ဦးထိ ရှိလာ

**နယူးဒေလီ ဒီဇင်ဘာ ၆**

ကိုဗစ်-၁၉ မျိုးကွဲ အိုမီခရွန်ကူးစက်ခံရမှုမှာ အိန္ဒိယနိုင်ငံတွင် ယခင် ငါးဦးမှ ဒီဇင်ဘာ ၅ ရက်နံနက်ပိုင်းတွင် ၂၁ ဦး ရှိလာခဲ့သည်ဟု သိရသည်။

ရာဂျက်စတန်ပြည်နယ် ဂျိုင်ပေါလ်တွင် အိုမီခရွန်ကူးစက်ခံရသူ ကိုးဦး တွေ့ရှိခဲ့ပြီး အနောက်တောင်ပိုင်းပြည်နယ်ဖြစ်သည့် မဟာရက်ရှ်ထရာပြည်နယ်တွင် ခုနစ်ဦး တွေ့ရှိခဲ့သည်။ ရာဂျက်စ်သန်ပြည်နယ်တွင် နောက်ထပ်နမူနာ ၃၄ ခုကို စစ်ဆေးကြည့်ရာ ၂၅ ဦးတွင် ကိုဗစ်-၁၉ ကူးစက်ခံထားရခြင်းမရှိကြောင်း တွေ့ရှိခဲ့သည်ဟု ရာဂျက်စသန်ကျန်းမာရေးဌာနက ပြောသည်။

ထိုစဉ် တောင်ပိုင်းကာနာတာကာပြည်နယ်တွင် နှစ်ဦး၊ ဂူဂျာရတ်ပြည်နယ်တွင် တစ်ဦးနှင့် မဟာရက်ရှ်ထရာတွင် ရှစ်ဦး၊ ဒေလီမြို့တွင် တစ်ဦးတို့ ကူးစက်ခံထားရကြောင်း သိရသည်။ **ဆင်ဟွာ**

အိန္ဒိယနိုင်ငံ၌ ကိုဗစ် -၁၉ ဆေး စစ်ပေးနေစဉ်။





# စပိန်မီးတောင် ဒေါ်လာသန်းပေါင်းများစွာ ဆုံးရှုံး

**မက်ဒရစ် ဒီဇင်ဘာ ၆**

စပိန်နိုင်ငံ လာပါးမားကျွန်းရှိ Cumbre Vieja မီးတောင်မှာ ဆက်လက်လှုပ်ခတ်နေဆဲဖြစ်ပြီး မီးတောင်ပေါက်ကွဲမှုကြောင့် ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၉၅၃ သန်း ပျက်စီးဆုံးရှုံးမှုများရှိခဲ့သည်ဟု ကနေရီကျွန်းစု ဘဏ္ဍာရေးဌာနက ပြောသည်။

စက်တင်ဘာ ၁၉ ရက်တွင် မီးတောင်ပေါက်ကွဲမှုဖြစ်ပေါ်ပြီး နောက်ပိုင်း ၁၁ လကြာသည့်တိုင် ငြိမ်သက်သွားခဲ့ခြင်းမရှိချေ။ မီးတောင်ပေါက်ကွဲမှုကြောင့် လာပါးမားကျွန်း ၁ ဒသမ ၁၄၆ ဟတ်တာမှာ ချော်ရည်များဖြင့် ဖုံးလွှမ်းနေပြီး အဆိုပါ ပမာဏမှာ ကျွန်းစုစုပေါင်းဧရိယာ၏ ၁ ဒသမ ၆ ရာခိုင်နှုန်းရှိသည်ဟု ဂြိုဟ်တု အချက်အလက်များအရ သိရသည်။

အဆောက်အအုံပေါင်း ၂၈၉၁ မှာလည်း ချော်ရည်များကြောင့် ပျက်စီးခဲ့ရပြီး နေအိမ်နှင့် အဆောက်အအုံပေါင်း ၂၇၉၀မှာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ လာပါးမားကျွန်းကိုမူ ဆက်လက်ဖွင့်ထားဆဲဖြစ်သည်။

**ဆင်ဟွာ**

# ထိုင်းနိုင်ငံ၌ ပထမဆုံးအိုမီခရွန် ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားသူတွေ့ရှိ

**ဘန်ကောက် ဒီဇင်ဘာ ၆**

ထိုင်းနိုင်ငံ၌ အိုမီခရွန် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးစိတ်သစ် ပထမဆုံးကူးစက်ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိခဲ့သည်ဟု ဒီဇင်ဘာ ၆ ရက်တွင် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

စပိန်မှ ပြန်လည်ရောက်ရှိလာသော အမေရိကန်ခရီးသွားကို စစ်ဆေးရာမှ ထိုသို့တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အသက် ၃၅ နှစ်ရှိ အမေရိကန် ခရီးသွားသည် ဒူဘိုင်းမှတစ်ဆင့် လေယာဉ်ကူးပြောင်းစီးခဲ့ပြီး စပိန်မှ ပြန်လာသူဖြစ်ကြောင်းနှင့် စစ်ဆေးမှုများအရ အိုမီခရွန်ဗီဇပြောင်း ဗိုင်းရပ်စ်သစ်ကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၆ ရက်တွင် ကြေညာခဲ့သည်။



ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ စစ်ဆေးနေသည်ကို တွေ့ရစဉ်။

အဆိုပါခရီးသွားသည် လက်ရှိတွင် ဘန်ကောက်ဆေးရုံတွင် ဆေးကုသမှု ခံယူလျက်ရှိသည်။

ဒီဇင်ဘာ ၆ ရက်က ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက် ဖြစ်ပွားသူ ၄၀၀၀ တွေ့ရှိခဲ့ပြီး လွန်ခဲ့သည့် ၂၄ နာရီအတွင်း နောက်ထပ် ၂၂ ဦး ထပ်မံ သေဆုံးခဲ့ရာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂ ဒသမ ၁၄ သန်းကျော်ရှိလာပြီး သေဆုံးသူပေါင်းမှာလည်း ၂၀၉၆၆ဦးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြထားသည်။ **ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူ ၉၉ ဒသမ ၂၂ သန်းရှိလာ

**ဂျကာတာ ဒီဇင်ဘာ ၆**

အင်ဒိုနီးရှားနိုင်ငံတွင် ဒီဇင်ဘာ ၆ ရက်က ကိုဗစ်-၁၉ ထပ်မံ ကူးစက်ဖြစ်ပွားသူ ၁၃၀တိုးလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားသူပေါင်း ၄၂၅၇၈၁၅ ဦး အထိရှိလာခဲ့သည်။



အင်ဒိုနီးရှားနိုင်ငံ ဂျကာတာတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

ထို့အတူ ကိုဗစ်-၁၉ ကြောင့် ကိုးဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၄၃၈၇၆ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာသူ ၂၀၀၅ ဦး ရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၄၁၀၈၂၉၇ ဦးအထိ ရှိလာသည်။

သက်ဆိုင်ရာ အာဏာပိုင်များက တရုတ်ဆိုနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အရေးပေါ် အသုံးပြုခွင့်ပေးလိုက်ပြီးနောက် အင်ဒိုနီးရှားနိုင်ငံတွင် ဇန်နဝါရီ ၁၃ ရက်မှစကာ ကိုဗစ်-၁၉ ကာကွယ်ဆေး အစုလိုက် စတင်ထိုးနှံခဲ့သည်။

ယနေ့အချိန်အထိ လူပေါင်း အနည်းဆုံး ၉၉ ဒသမ ၂၂ သန်း ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးပြီဖြစ်ကြောင်းသိရပြီး ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၁၄၂ ဒသမ ၇၀ သန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြေညာလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံတွင် ယခုအချိန်အထိ အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းများ အပါအဝင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၂၄၃ ဒသမ ၁၇ သန်းရှိလာပြီဖြစ်သည်။

အစိုးရသည် ပြည်သူ ၂၀၈ ဒသမ ၂၆ သန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။

**ဆင်ဟွာ**

# ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ကျဆင်းလာ

**မနီလာ ဒီဇင်ဘာ ၆**

ဖိလစ်ပိုင်နိုင်ငံတွင် ဒီဇင်ဘာ ၆ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၅၄၃ ဦး တိုးလာပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၈၃၅၁၅၄ ဦးအထိရှိလာခဲ့ကြောင်း ဖိလစ်ပိုင် ကျန်းမာရေးဝန်ကြီးဌာန (ဒီအိုအိတ်ချ်) က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် ၁၁၃ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ သေဆုံးသူပေါင်း ၄၉၄၉၉ ဦး အထိရှိလာခဲ့သည်။

နိုဝင်ဘာ ၂၄ ရက်ကတည်းက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၀၀ အောက်ကျဆင်းခဲ့ကြောင်း သတင်းဖော်ပြခဲ့သည်။ နိုင်ငံတစ်ဝန်းလုံးနှင့် မြို့တော်မနီလာတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် ဆက်လက်ကျဆင်းလျက်ရှိပြီး လွန်ခဲ့သော သီတင်းပတ်များက ၄၂ နှင့် ၄၅ ရာခိုင်နှုန်းစီ အသီးသီးကျဆင်းခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အကြီးအကဲ မာရီယာ ရိုဆာရီယို ဗာဂျီရီက ပြောသည်။

ရောဂါအပြင်းအထန် ခံစားနေရသူ ရာခိုင်နှုန်းကျဆင်းလာခဲ့သလို အောက်တိုဘာလကုန်မှစကာ ရောဂါအပြင်းအထန် ခံစားနေရသူအရေအတွက် ရုတ်တရက် ထိုးကျလာခဲ့သည်။

လွန်ခဲ့သောနှစ် ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်မှစကာ ဖိလစ်ပိုင်နိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု လှိုင်းဂယက်သုံးခုရိုက်ခတ်ခြင်းကို ခံခဲ့ရသည်။



ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

နောက်ဆုံး ကိုဗစ်-၁၉ လှိုင်းသည် စက်တင်ဘာလတွင် မြင့်တက်ခဲ့ပြီး စက်တင်ဘာ ၁၁ ရက် တစ်နေ့တည်း ကိုဗစ်-၁၉ ဖြင့်သေဆုံးသူ ၂၆၃၀၃ ဦးဖြင့် တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနှုန်းအမြင့်ဆုံးဖြစ်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် လူဦးရေ သန်း ၁၁၀ ရှိသည့်အနက် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၂၃ သန်းနီးပါးရောက်ရှိလာပြီဖြစ်သည်။ **ဆင်ဟွာ**

## ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၄၅၉၁ ဦးရှိ

**ဟနွိုင်း ဒီဇင်ဘာ ၆**

ဗီယက်နမ်နိုင်ငံ၌ ဒီဇင်ဘာ ၆ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၄၅၉၁ ဦးရှိလာကြောင်း ဖော်ပြခဲ့ပြီး ပြည်ပကူးစက်ဖြစ်ပွားသူ ၃၃ ဦးနှင့် ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၁၄၅၅၈ဦးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုနှင့်အတူ နိုင်ငံတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၃၂၃၆၈၃ ဦး အထိရှိလာပြီး ၂၆၄၈၃ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက် သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ အစုလိုက် ကူးစက်မှုအများစုမှာ တောင်ပိုင်းဒေသများမှ ဖြစ်ကာ ကိုဗစ်-၁၉ ကူးစက်ရာ ဗဟိုချက်နေရာဖြစ်သည့် ဟိုချီမင်းစီတီမှ ၁၁၇၄ ဦး၊ ကန်သိုပြည်နယ်မှ ၁၁၈၉ ဦး နှင့် တေနင်ပြည်နယ်မှ ၈၅၉ ဦးတို့ ဖြစ်ကြသည်။

**ဆင်ဟွာ**

## ဘရူနိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၅၂၀၂ ဦးအထိ ရှိလာ

**ဘန်ဒါဆီရီဘီဂါဝန် ဒီဇင်ဘာ ၆**

ဘရူနိုင်းနိုင်ငံတွင် ဒီဇင်ဘာ ၆ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၆ ဦး တိုးလာသောကြောင့် စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၅၂၀၂ ဦး အထိ ရှိလာခဲ့သည်။

ဘရူနိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူအားလုံးသည် ပြည်တွင်း ကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ပြည်တွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ခြောက်ဦးကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ ၂၈ ရက်အတွင်း ကိုဗစ်-၁၉ အစုလိုက် ကူးစက်ဖြစ်ပွားမှုမရှိခဲ့ပြီးနောက် ကိုဗစ်-၁၉ အစုလိုက် ကူးစက်ဖြစ်ပွားမှု သုံးခုတွေ့ရှိခဲ့သည်။ လတ်တလောတွင် ကိုဗစ်-၁၉ အစုလိုက်ကူးစက်ဖြစ်ပွားမှု ၁၁၁ ခု ရှိသည်။

လူဦးရေပေါင်း ၄၅၀၀၀၀ နေထိုင်သော ဘရူနိုင်းနိုင်ငံ၌ လွန်ခဲ့သောနှစ် ဇွန်လက ကိုဗစ်-၁၉ သေဆုံးမှု နောက်ဆုံးဖြစ်ခဲ့သည်။

**ဆင်ဟွာ**

## ဒီဇင်ဘာ ၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၃၁ ဦးတွေ့ရှိ

### ထပ်မံသေဆုံးသူ ၅ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉၁၄၆ ဦးရှိ

**(၆–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၅–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၆,၈၈၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၃၁) ဦး တွေ့ရှိ**ရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၃၇) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၆၉၈,၂၀၁) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၂၄,၆၃၈) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃၉၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၀,၇၀၁) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ **ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၅) ဦး ရှိ**သဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၁၄၆) ဦး ရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေများအား ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေး ရက်သတ္တပတ်အလိုက် ဓာတ်ခွဲနမူနာရယူစစ်ဆေးမှု၊ ဓာတ်ခွဲအတည်ပြုလူနာ တွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုနှုန်း အခြေအနေများအား စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အပတ်စဉ် (၄၆)၊ အပတ်စဉ် (၄၇) နှင့် အပတ်စဉ် (၄၈) တို့ကို နှိုင်းယှဉ်ချက်အရ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှုနှင့် ပျမ်းမျှရောဂါပိုးတွေ့ရှိမှုနှုန်းများမှာ အပတ်စဉ်အလိုက် လျော့နည်းကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။
- **ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးသည် (၆–၁၂–၂၀၂၁) ရက်နေ့၊ နံနက် (၀၆:၀၀) နာရီအချိန်အထိ နိုင်ငံပေါင်း (၄၄) နိုင်ငံတို့တွင် ပျံ့နှံ့လျက်ရှိ**ကြောင်းသိရှိရပြီး အာဖရိကနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဩစတြေးလျနိုင်ငံ အစရှိသည်တို့တွင် အတည်ပြုတွေ့ရှိရပြီးဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံနှင့် ဒေသတွင်းနိုင်ငံများဖြစ်သော မလေးရှားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့တွင်လည်း တွေ့ရှိကြောင်း သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့်ပတ်သက်၍ ကမ္ဘာတစ်ဝှမ်းဖြစ်ပွားမှု အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှုမရှိစေရန် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပါ၍ ပြည်သူလူထုအနေဖြင့်လည်း အဆိုပါရောဂါပိုးနှင့်ပတ်သက်၍ အလွန်အမင်း စိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ သံသယရောဂါ လက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် မိမိတို့နိုင်ငံသို့ ကိုဗစ်–၁၉ ဗီဇ ပြောင်းမျိုးကွဲများဝင်ရောက်ကူးစက်မလာစေရေး ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၆-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၉၅၃) ခု | (၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၇၃) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၅) ခု | (၂) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၇၅) ခု | (၈) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၆၀၃) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၇၀) ခု | (၁၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၃,၅၈၂) ခု | (၁၈၇) ဦး |
| စုစုပေါင်း | (၁၆,၈၈၄) ခု | (၂၃၁) ဦး |

**လွန်ခဲ့သော(၂၁) ရက်အတွင်း ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုနှင့် အတည်ပြုလူနာသစ်တွေ့ရှိမှုအခြေအနေ**

**(၁၄-၁၁-၂၀၂၁ မှ ၄-၁၂-၂၀၂၁) ရက်နေ့အထိ**

| ရက်စွဲ | ဓာတ်ခွဲနမူနာ စုစုပေါင်း | ဓာတ်ခွဲအတည်ပြု လူနာစုစုပေါင်း | ပျမ်းမျှရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း |
|---|---|---|---|
| (၁၄–၁၁–၂၀၂၁ မှ ၂၀–၁၁–၂၀၂၁) (Epi Week–46) | ၁၆၃,၈၈၈ | ၄,၈၄၇ | ၂.၉၆ |
| (၂၁–၁၁–၂၀၂၁ မှ ၂၇–၁၁–၂၀၂၁) (Epi Week–47) | ၁၇၁,၉၈၆ | ၃,၈၁၆ | ၂.၂၂ |
| (၂၈–၁၁–၂၀၂၁ မှ ၄–၁၂–၂၀၂၁) (Epi Week–48) | ၁၄၂,၆၇၀ | ၂,၉၁၁ | ၂.၀၄ |

## Omicron (အိုမီခရွန်) ပျံ့နှံ့သည့်နိုင်ငံပေါင်း ၄၄

### ၆-၁၂-၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၉၉၆၉၈၅၆ | ၃၉၅၂၃၅၇၃ | ၈၀၈၇၆၃ |
| ၂။ | အိန္ဒိယ | ၃၄၆၄၁၅၆၁ | ၃၄၀၆၉၆၀၈ | ၄၇၃၅၃၇ |
| ၃။ | ဘရာဇီး | ၂၂၁၄၃၀၉၁ | ၂၁၃၆၂၅၅၃ | ၆၁၅၆၇၄ |
| ၄။ | ဗြိတိန် | ၁၀၄၆၄၃၈၉ | ၉၂၂၀၆၂၆ | ၁၄၅၆၀၅ |
| ၅။ | ရုရှား | ၉၈၃၃၇၄၉ | ၈၅၃၀၄၇၆ | ၂၈၂၄၆၂ |
| ၆။ | တူရကီ | ၈၉၀၁၁၁၇ | ၈၄၃၆၇၁၂ | ၇၇၈၃၀ |
| ၇။ | ပြင်သစ် | ၇၉၁၇၂၆၄ | ၇၁၇၁၃၅၁ | ၁၁၉၅၃၅ |
| ၈။ | ဂျာမနီ | ၆၁၇၉၈၃၉ | ၅၁၂၀၁၀၀ | ၁၀၃၆၀၄ |
| ၉။ | အီရန် | ၆၁၃၇၈၂၁ | ၅၉၃၀၅၀၂ | ၁၃၀၂၇၇ |
| ၁၀။ | အာဂျင်တီးနား | ၅၃၄၀၆၇၆ | ၅၂၀၁၈၄၀ | ၁၁၆၆၄၆ |

## ကိုဗစ်–၁၉ ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်း ၁.၃၇ %

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၆ – ၁၂ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၅၇၈၁၅ | ၄၁၀၈၂၉၇ | ၁၄၃၈၇၆ |
| ဖိလစ်ပိုင် | ၂၈၃၅၁၅၄ | ၂၇၇၂၁၀၇ | ၄၉၄၉၉ |
| မလေးရှား | ၂၆၅၈၇၇၂ | ၂၅၆၆၁၅၉ | ၃၀၆၁၄ |
| ထိုင်း | ၂၁၄၅၂၄၁ | ၂၀၅၅၂၆၅ | ၂၀၉၆၄ |
| ဗီယက်နမ် | ၁၃၂၃၆၈၃ | ၁၀၁၀၄၀၇ | ၂၆၄၈၃ |
| မြန်မာ | ၅၂၄၆၃၈ | ၅၀၀၇၀၁ | ၁၉၁၄၆ |
| စင်ကာပူ | ၂၆၉၂၁၁ | ၂၅၉၅၅၆ | ၇၅၉ |
| ကမ္ဘောဒီးယား | ၁၂၀၂၇၂ | ၁၁၆၆၂၇ | ၂၉၆၃ |
| လာအို | ၈၀၇၂၂ | ၆၈၄၂၄ | ၂၁၀ |
| ဘရူနိုင်း | ၁၅၁၈၆ | ၁၄၇၇၃ | ၉၈ |

# နွားထိုးကြီးမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက ရက်စက်စွာ သတ်ဖြတ်မီးရှို့ခဲ့မှုကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူးအပါအဝင် အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦးတို့ မီးလောင်သေဆုံးကာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိ



နွားထိုးကြီးမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက လက်ဝဲမြင်းနီကျေးရွာ အုပ်ချုပ်ရေးမှူး နေအိမ်ကို မီးရှို့မှုကြောင့် မီးလောင်မှုကို တွေ့ရစဉ်။

နေပြည်တော် ဒီဇင်ဘာ ၆

**မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများ၏ ရက်စက်စွာ သတ်ဖြတ်မီးရှို့ခဲ့မှုကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူးအပါအဝင် အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦးတို့ မီးလောင်သေဆုံးကာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။**

**သေနတ်များဖြင့် ပစ်ခတ်**

ဖြစ်စဉ်မှာ ဒီဇင်ဘာလ ၅ ရက် ည ၇ နာရီတွင် နွားထိုးကြီးမြို့နယ် လက်ဝဲမြင်းနီကျေးရွာနေ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆန်းဝင်း (၅၃) နှစ် (ဘ) ဦးကြည်သည်နေအိမ်၌ မိသားစုဝင်များ၊ ကျေးရွာရပ်မိရပ်ဖ ဦးဟန်ဝင်း (၄၈)နှစ် (ဘ) ဦးသောင်းကျင်တို့နှင့် အတူ စကားပြောနေစဉ် လက်နက်ငယ်များ ကိုယ်စီကိုင်ဆောင်ထားသည့် PDF အမည်ခံ အကြမ်းဖက်သမား ခုနစ်ဦးက ဆိုင်ကယ်လေးစီးဖြင့် ရောက်ရှိလာပြီး သေနတ်များ ဖြင့် ဝိုင်းဝန်းပစ်ခတ်ကာ နေအိမ်အတွင်း လက်လုပ်ဗုံးများ ဖောက်ခွဲ၍ နေအိမ်ကို မီးရှို့ကာ ပြန်လည် ထွက်ခွာသွားခဲ့သည်။

အကြမ်းဖက်သမား များ၏ ရက်စက်စွာ ပစ်သတ်မီးရှို့ခဲ့မှုကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆန်းဝင်း၊ သားဖြစ်သူ မောင်ဝေမင်းသူ (၂၅)နှစ်၊ ချွေးမဖြစ်သူ မခိုင်စိုးရည် (၃၀)နှစ်(ဘ) ဦးမောင်သိန်းနှင့် ဦးဟန် ဝင်းတို့ လေးဦးမှာ နေအိမ်အတွင်း မီးလောင်သေဆုံးခဲ့ပြီး ဦးဆန်းဝင်း၏ ဇနီးဖြစ်သူ ဒေါ်သန်းသန်းဆင့် (၅၂)နှစ် (ဘ) ဦးမှတ်တင်တွင် ယာပေါင်ကျည်ထိမှန် ဒဏ်ရာတစ်ချက်နှင့် သားဖြစ်သူ မောင်ဖိုးလယ် (၁၇) နှစ်၏ ဝဲလက်မောင်းကျည်ထိမှန် ဒဏ်ရာတစ်ချက်တို့ဖြင့် မီးလောင်နေသည့် အိမ်အတွင်းမှ ထွက်ပြေးခဲ့သဖြင့် အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။

**ဆေးရုံသို့ ပို့ဆောင်**

အကြမ်းဖက်သူများ၏ မီးရှို့ခဲ့မှုကြောင့် ဦးဆန်းဝင်း၏နေအိမ် မီးလောင်ပျက်စီးခဲ့ပြီး ဆုံးရှုံးမှု အသေးစိတ် ဆက်လက် စစ်ဆေးလျက်ရှိကာ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ဆေးကုသမှု ခံယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက မြင်းခြံမြို့ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် အခင်းဖြစ်ရပ် အနီးမှ အကြမ်းဖက်သူများ ပစ်ခတ် အသုံးပြုခဲ့သည့် ၁၂ ဗို့ကျည်ခွံနှစ်ခု၊ ၅ ဒသမ ၅၆ ကျည်ခွံ ၆၀ နှင့် ၇ ဒသမ ၆၂ ကျည်ခွံ ၇၉ ခုတို့ကို သိမ်းဆည်းရမိခဲ့သည်။



ဒေါ်သန်းသန်းဆင့်(ဒဏ်ရာရ)



ဖိုးလယ်(ဒဏ်ရာရ)

**အရေးယူနိုင်ရေး ဆောင်ရွက်**

ထိုကဲ့သို့ နိုင်ငံတော်၏ တည်ငြိမ်ရေးကို မလိုလားဘဲ ကျေးရွာအုပ်ချုပ်ရေးတာဝန်ရှိသူများအား ရက်စက်စွာ သတ်ဖြတ်မီးရှို့မှု ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးနှင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်- မန္တလေး မီးရထားလမ်းအား အကြမ်းဖက်သမားများက ဒေသန္တရ လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၆**

အကြမ်းဖက် အဖွဲ့များအနေဖြင့် အများပြည်သူ အသုံးပြုလျက်ရှိသည့် ကားလမ်း၊ ရထားလမ်းများကို မိုင်းထောင်၊ ဖောက်ခွဲဖျက်ဆီးလျက်ရှိရာ ယနေ့မွန်းလွဲ ၂ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်သမန်ကျေးရွာအုပ်စု ရန်ကုန်-မန္တလေး မီးရထားလမ်း မိုင်တိုင်(၃၆၄/၅) နှင့် မိုင်တိုင် (၃၆၄/၆)အကြား၌ ဒေသန္တရ လက်လုပ်မိုင်းနှစ်လုံး ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

ထိုသို့ ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းကြောင့် ရထားသံလမ်း ပျက်စီးမှုမရှိဘဲ ဖြတ်သန်းခုတ်မောင်းသော ရန်ကုန်- မန္တလေး ကုန်တင်ရထား အဆန်အမှတ်(GT-2096)၏ အတွဲအမှတ်(၃)စားအုန်းဆီတွဲ အောက်ခြေကြမ်းခင်းအနည်းငယ် ပျက်စီးခဲ့ပြီး စားအုန်းဆီကန် ဆီယိုစိမ့်မှု ဖြစ်ပေါ်ခဲ့သည်။

ယင်းသို့ အများပြည်သူ အသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများကို ဖောက်ခွဲဖျက်ဆီးခဲ့သော အကြမ်းဖက်အဖွဲ့များအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





# ဟိုင်းကြီးကျွန်းမြို့နယ် မြန်မာ့ပင်လယ်ပြင်အတွင်း စက်ချို့ယွင်းမှုဖြစ်ပွားခဲ့သည့် ငါးဖမ်းစက်လှေမှ လှေသားများအား ကူညီကယ်ဆယ်

**နေပြည်တော် ဒီဇင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ကျောက်ချောင်းကျေးရွာနေ ဦးဖိုးဇော်ပိုင်ဆိုင်သည့် အောင်သစ္စာ အမည်ရှိ ငါးဖမ်းလှေသည် ဒီဇင်ဘာ၄ ရက် နံနက်ပိုင်းက ဟိုင်းကြီးကျွန်းမြို့၏ အရှေ့တောင်ဘက် ရေမိုင် ၁၈ ဒသမ ၅ မိုင် အနီး၌ စက်ချို့ယွင်းမှုကြောင့် ပုလဲကျောက်တန်းပေါ်သို့ တင်၍ တိမ်းစောင်းမှု ဖြစ်ပွားနေကြောင်း သတင်းအရ တပ်မတော်(ရေ)မှ တပ်မတော်သားများက စစ်ရေယာဉ်ဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးခဲ့သည်။**(အပေါ်ပုံ)**

အဆိုပါ စက်လှေတွင် လှေသား ၂၆ ဦးပါဝင်ပြီး ၎င်းတို့ကို စစ်ရေယာဉ်ဖြင့် သွားရောက်ကယ်ဆယ်ခေါ်ဆောင်၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် တပ်မတော်သားများက ငါးဖမ်းစက်လှေမှ ပစ္စည်းများကို ကူညီရွှေ့ပြောင်းပေးပြီး လှေသားများအား သက်ဆိုင်ရာ နေရာသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပုံပါကျင်မြို့ နမ့်ချန့်ကျေးရွာ၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်

ပုံပါကျင် ဒီဇင်ဘာ ၆

ရှမ်းပြည်နယ်အရှေ့ပိုင်း ပုံပါကျင်မြို့ နမ့်ချန့်ကျေးရွာ၌ လားဟူတိုင်းရင်းသားများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ခြင်းကို ယမန်နေ့နံနက်ပိုင်းက နမ့်ချန့်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မိုင်းတုံမြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးအောင်အောင်ထွန်းက ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ခြင်း ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပြောကြားပြီး မြို့နယ်ဦးစီးအရာရှိနှင့် ပုံပါကျင် ရှေ့တန်းရုံးတာဝန်ခံလဝကမှူး ဦးမြင့်မိုးတို့က နမ့်ချန့်ကျေးရွာရှိ အိမ်ထောင်စု (၃၄) စုအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၆ ဦးကို ပြည်သူများလက်ဝယ်အရောက် ပေးအပ်သည်။

အသက် ၁၆ နှစ်ပြည့်ပြီးသူ နိုင်ငံသားတိုင်းကိုင်ဆောင်သင့်သည့်ကတ်ပြားတစ်မျိုးမျိုးကိုင်ဆောင်နိုင်ရေးအတွက် ပုံပါကျင်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့ဦးစီးမှူးရုံး၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

သန္တာ(ပြန်/ဆက်)

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် ဒီဇင်ဘာ ၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း (ယာယီ)၊ကျိုင်းတုံ ပို့ကုန်သွင်းကုန်ရုံးနှင့် မြဝတီကုန်သွယ်ရေးဇုန်တို့မှ ကုမ္ပဏီခြောက်ခု၊ ယာဉ်စီးရေ ၁၆ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser)ယာဉ်တစ်စီးဖြင့် ၁၉ တန်နှင့် နှာခေါင်းစည်း (Mask) ၉၃ တန်တို့ကို တင်သွင်းခဲ့သည်။ အောက်ဆီဂျင်အရည် (Bowser) ယာဉ်တစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ ဖြတ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက် ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေး ကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

❒ ကျောဖုံးမှ

ပြီးတော့ နိုဝင်ဘာလမှာ ၃၀၀၀ ကျော် လာရောက်အပန်းဖြေကြတဲ့အတွက် အောက်တိုဘာလကစပြီး ခရီးသွားတက်လာတယ်လို့ ပြောလို့ရပါတယ်။ ယခင်လထက်စာရင် ဆောင်းခိုငှက် ပိုပြီးဝင်ရောက်လာတာကြောင့် ဒီလဆိုရင် ကြိုးကြာငှက်ကိုလည်း တွေ့လာရပါပြီ။ ဒီဇင်ဘာလဟာအပန်းဖြေလာရောက်သူနဲ့ ငှက်ကြည့်ဝါသနာရှင်တွေနှစ်သက်တဲ့လဖြစ်တဲ့အတွက် ပြီးခဲ့တဲ့လထက်ခရီးသွားပိုပြီးဝင်ရောက်နိုင်မယ်လို့ မှန်းထားပါတယ်။ လက်ရှိမှာ ကိုဗစ်ရောဂါ ထိန်းချုပ်ကာကွယ်ရေးကိုလည်း ဂရုပြုရမှာဖြစ်တဲ့အတွက် ခရီးသွားအတက်အကျကိုနှစ်ဆန်းပိုင်းမှာ ပိုပြီးခန့်မှန်းလို့ရနိုင်ပါပြီ”ဟု မိုးယွန်းကြီးအင်းတောရိုင် တိရစ္ဆာန်ဘေးမဲ့တောတာဝန်ခံက ပြောကြားသည်။

ယခုဆောင်းရာသီတွင် ယခင်နှစ်ကထက်စော၍ မိုးယွန်းကြီးအင်းသို့ဆောင်းခိုငှက်များ အောက်တိုဘာလကုန် ပိုင်းမှစတင်ဝင်ရောက်ခဲ့ပြီး နိုဝင်ဘာလတွင် ကြိုးကြာ၊ ရေကြက်ဒုံ၊ ဘဲရစ်၊ ဒုံးငှက် စသောဆောင်းခိုငှက်များ ဆက်လက်ဝင်ရောက်ခဲ့သည်။ ယမန်နှစ်ဆောင်းရာသီတွင် ဆောင်းခိုငှက်မျိုးစိတ် ၄၀ ခန့်ဝင်ရောက်ခဲ့ပြီး ယခုနှစ် နိုဝင်ဘာလ၌ ဆောင်းခိုငှက်မျိုးစိတ် ၂၆ မျိုး စတင်ဝင်ရောက်လျက်ရှိသည်။ မြန်မာနိုင်ငံသို့ဆောင်းခိုငှက်များ ပုံမှန်အားဖြင့် နိုဝင်ဘာလဆန်းပိုင်းတွင် စတင်ဝင်ရောက်လေ့ရှိ၍ မေလဆန်း၌ ပြန်လည်ထွက်ခွာလေ့ရှိရာ ဆောင်းခိုငှက်အများဆုံးဝင်ရောက်တတ်သော ဒီဇင်ဘာလသည် အပန်းဖြေသူနှင့် ငှက်ဝါသနာရှင်တို့ဖြင့် အထူးစည်ကားလေ့ရှိသည်။ ငှက်ကြည့်ဝါသနာရှင်များဝင်စားကြသည့် ဘဲမျိုးစိတ်များဖြစ်သော တောဝမ်းဘဲ၊ ဘဲအ၊ ဘဲရစ်၊ ဘဲဖြူ၊ ဒုံး၊ ခေါင်းလန်းခြေထောက်၊ မြစ်တွေးငှက်၊ ခရုတုတ်ခေါင်းမည်း၊ ရေညှောင့်၊ ဒီလုံး၊ နှုတ်သီးရှည်ငှက်၊ ဗနိုက်၊ ရေကြက်၊ တလိုင်းခေါင်း၊ ရေကြက်ဒုံစသည့် ဆောင်းခိုငှက်အချို့ဝင်ရောက်ကျက်စားလျက်ရှိပြီး ဌာနေ ငှက်များဖြစ်သည့် ရေစစ္စလီ၊ ခရုတုတ်၊ ငှက်ကြား၊ ကြိုးကြာ၊ မယ်ညို၊ ကြာဘက်ညှင်းနှင့် မျိုးမျိုးစိတ်များလည်း ဆောင်းခိုလျက်ရှိသည်။

မိုးယွန်းကြီးအင်းဘေးမဲ့တောသည် မြန်မာနိုင်ငံတွင် ပထမဆုံးရေဝပ်ဒေသ(Ramsar Site)အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံသို့ဆောင်းခိုငှက်များဝင်ရောက်ရာ အရှေ့အာရှ-ဩစတြေးလျဒေသ ဆောင်းခိုငှက်များပျံသန်းရာလမ်းကြောင်း ပူးပေါင်းထိန်းသိမ်းရေးအဖွဲ့ (EAAFP) အဖွဲ့၏ Flyway Network Site အဖြစ်လည်းကောင်း ၂၀၁၄ ခုနှစ်တွင် နိုင်ငံတကာ၏ အသိအမှတ်ပြုမှုကိုရရှိထားပြီး ငှက်ကို အဓိကထား ထိန်းသိမ်းရာနေရာဖြစ်သောကြောင့် မျိုးသုဉ်းရန်အန္တရာယ်ရှိနေသော ငှက်မျိုးစိတ်များကို ထိန်းသိမ်းလျက်ရှိသည်။ ဘေးမဲ့တောရေရှည်တည်တံ့နိုင်ရန်နှင့် ဒေသခံတို့၏အသက်မွေးမှုကိုစဉ်ဆက်မပြတ်စေရန် သစ်တောဦးစီးဌာနအနေဖြင့်ဆောင်ရွက်လျက်ရှိပြီး ခရီးသွားရာသီအစဖြစ်သော နိုဝင်ဘာလ၌ မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ အပန်းဖြေခရီးသွား၃၀၀၀ကျော် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ညိမ်းသူ (သတင်းစဉ်)

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ၊ ဆေး၊ အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၆**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန် တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး နှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ကုလားဝဲကျေးရွာရှိ ထော်သွန်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အောင်မြေဘုံသာကျောင်းတိုက် **(ယာပုံ)** ကန်ကြီး ထောင့်မြို့ ရွှေကျောင်နိကာယ ဓမ္မရက္ခိတကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မြဝတီသီလရှင်တိုက်တို့မှ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် ဒီဇင်ဘာ ၆

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ နှင့်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်အရှေ့ပိုင်းအတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၉၃၂ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်တို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူ ၁၈၃၂၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၁၀၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၄၀၀၆ ဦး **(အပေါ်ပုံ)** ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၀၃၁၆ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ အကျဉ်းဦးစီးဌာန၊ ခန္တီးအကျဉ်းထောင်၌ အကျဉ်း သား/ အကျဉ်းသူ ၅၆ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၇၇၄၅ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ထန်းတပင်မြို့နယ်၌ သံဃာတော်များနှင့် ဒေသခံပြည်သူ ၆၇၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့၌ ကျောင်းသား ကျောင်းသူ ၂၀၀၊ ရှမ်းပြည်နယ်အရှေ့ပိုင်းအတွင်းရှိ မြို့နယ်သုံးမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၇၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၂၀၃၃ ဦး၊ ရခိုင်ပြည်နယ် ကျောက်တော်မြို့နှင့် မောင်တောမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၈၃၂ ဦး၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် အုတ်တွင်းမြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၃၇၀၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်

**နေပြည်တော် ဒီဇင်ဘာ ၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို တပ်မတော်သား ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကာကွယ်ဆေးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ သတ်မှတ် အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တပ်မတော် (လေ)မှ လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီး များဖြင့် ပို့ဆောင် ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ဆေးတစ်လုံးလျှင် လူငါးဦးထိုးနှံနိုင်သည့် Sinopharm ကာကွယ်ဆေးနှင့် လူနှစ်ဦး ထိုးနှံနိုင်သည့် Sinovac ကာကွယ်ဆေးများကို ရခိုင်ပြည်နယ် စစ်တွေမြို့သို့ Sinopharm ဆေးအလုံး ၉၅၀၀ ၊ သံတွဲမြို့သို့ Sinopharm ဆေးအလုံး ၆၅၀၀၊ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့သို့ Sinopharm ဆေးအလုံး ၆၀၀၀ **(အောက်ပုံ)** ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့သို့ Sinopharm ဆေးအလုံး ၁၄၀၀၀၊ တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့သို့ Sinovac ဆေး ၇၉၁ လုံးနှင့် Sinopharm ဆေးအလုံး ၁၄၁၆၀၊ မြိတ်မြို့သို့ Sinovac ဆေး ၃၆၃၆ လုံးနှင့် Sinopharm ဆေးအလုံး ၂၈၀၀၀၊ ကော့သောင်းမြို့သို့ Sinovac ဆေး ၉၇၁ လုံးနှင့် Sinopharm ဆေးအလုံး ၅၈၄၀ တို့ကို တပ်မတော် လေယာဉ်များဖြင့် ဆက်လက် ပို့ဆောင်ပေးရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မိတ္ထီလာရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းတွင် အခြေခံစက်ချုပ်နည်းပညာသင်တန်း ဖွင့်လှစ်မည်

**မိတ္ထီလာ ဒီဇင်ဘာ ၆**

မိတ္ထီလာမြို့ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းတွင် ဒေသခံ အမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန် ရည်ရွယ်ချက်ဖြင့် အခြေခံ စက်ချုပ်နည်းပညာသင်တန်းကို ဒီဇင်ဘာ ၁၃ ရက်မှ စတင်ပြီး တစ်လကြာဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

"မြို့နယ်အတွင်းမှာ ရှိတဲ့ ဒေသခံ အမျိုးသမီးငယ်တွေ အလုပ်အကိုင် အခွင့်အလမ်းတွေ ပိုမိုရရှိစေဖို့ရည်ရွယ်ပြီး အခြေခံစက်ချုပ်နည်းပညာသင်တန်းကို တစ်လကြာ ဖွင့်လှစ်ပို့ချပေးမှာဖြစ်ပါတယ်။ ဒီဇင်ဘာ ၁၃ ရက်မှာ သင်တန်းကို စတင်ဖွင့်လှစ်မှာဖြစ်ပြီး မြို့နယ်အတွင်းမှာရှိတဲ့ ရပ်ကွက်များနဲ့ ကျေးရွာများမှ သင်တန်းသူ ၂၀ သင်တန်းတက်ရောက်နိုင်ဖို့ စီစဉ်ဆောင်ရွက်ထားရှိပါတယ်" ဟု အဆိုပါ အသက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ် ဦးသာဝက ပြောသည်။

**ချမ်းသာ (မိတ္ထီလာ)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၁၂-၂၀၂၁ အင်္ဂါနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ ဓာဇဂ္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၂၀** စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- **၀၉:၄၅** ထူးခြားစုံလင်အာရုပစိဖိတ်အစီအစဉ်
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** မျှဝေအသိပေးကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး
- **၁၃:၃၀** MRTV National News
- **၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ '**ရူပဗေဒဘာသာရပ်**'
- **၁၆:၃၅** မျှဝေအသိပေးကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး
- **၁၇:၃၀** မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော် (အပိုင်း-၃)
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**မဟာမျက်နှာဖုံး**' (အပိုင်း-၂၆)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၂၁:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ '**မတူညီသောမေတ္တာများ**' (အပိုင်း-၄၀)
- **၂၂:၁၀** ရုပ်မြင်သံကြားဇာတ်လမ်း '**ထာဝရမိတ်ဆွေဖြစ်ပါစေ**'

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

**mitv**

- **07:01** News
- **07:26** Global Partnership for Brighter Future: Finland National Day at Expo 2020 Dubai
- **07:34** Myanmar Shu Khin Myanmar Sate Yinn (Seint Nay Chi)
- **07:41** Lacquerware Technology College
- **08:01** Impressionist Myanmar Master Artist - U Lun Gywe
- **08:17** Gardener: King Orange Plantation
- **08:32** Travelogue: Ngwe Saung Beach
- **08:52** Friendship & Cooperation: Singapore 100 (SINGAPORE)
- **09:01** The Lapidarist
- **09:17** Robe Business in Ta Ma Ta Kaw
- **09:31** Kayah Traditional Dance
- **09:45** Betel Nut Farmer

**MRTV NRC**

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
လယ်ဝါလိုတောင်ပေါ်ရိုးရာတီးဝိုင်း

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
သာယာလှပသဲဖြူကျွန်းအလှ

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ငှက်ပျောသီးမုန့်

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
သင်မယ်၊ ရေးမယ် တို့ချင်းစာ(အပိုင်း-၂၁)

**ချင်း (ချို) (၁၀:၀၀ မှ ၁၁:၀၀)**
ချင်းရိုးရာဆေးအိုး၊ ဆေးတံအကြောင်း

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ကျိုက္ကမီရေလယ်ဘုရားနှင့်စက်စဲကမ်းခြေသို့ အလည်တစ်ခေါက်

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
အလှမှာယဉ်၊ ဆေးဖက်ဝင်သည့် တရုတ်စံကားပွင့်လေးများ

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ထိန်းသိမ်းစို့လေ ရိုးရာအမွေ(ရှင်ပြုပွဲ)

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၈)

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ဇိုင်ဝါးစကားပြောကြရအောင်

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ကယားရိုးရာဝက်အူချောင်း

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**ကံစမ်းမဲ**'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၆)
- **၁၁:၀၀** ရွေးချယ်တင်မြှောက်ပုံစနစ် အမျိုးမျိုးအကြောင်းသိကောင်းစရာ (အပိုင်း-၂)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၆)

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို ဝန်နေ့တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည(၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

---

အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနား

"အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ဖို့ ယခုပင်ဆောင်ရွက်စို့"

"Orange the world: End violence against women now!"

၂၅-၁၁-၂၀၂၁ နေပြည်တော်

---

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ




နေပြည်တော် ဒီဇင်ဘာ ၆

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဒီဇင်ဘာ၆ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၃၈ မျိုး၊ စုစုပေါင်း ၅၅၈၉၀ ဒသမ ၇၆ Kg၊ နယ်စပ်(မြဝတီ၊ ကျိုင်းတုံ၊ ချင်းရွှေဟော်)တွင် ကုမ္ပဏီရှစ်ခုတို့မှ Vitamin C Injection ၁၃၂၄၀၀၊ Glucose Injection ၁၃၈၀၀၊ Mask ၃၄၄၂၂ Kg၊ Liquid Oxygen ၁၄၅၇၇ $m^3$ တို့ကိုထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၆-၁၂-၂၀၂၁

| ရွှေ | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၇၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၆၆၇၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၇၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၆၆၅၉၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၂၂၀/၁၂၅၀ ကျပ် | ၁၂၅၀/၁၂၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၂၃၀/၁၂၆၀ ကျပ် | ၁၂၆၅/၁၂၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၂၄၅/၁၂၇၀ ကျပ် | ၁၂၉၅/၁၃၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၂၉၅/၁၃၂၀ ကျပ် | ၁၄၀၀/၁၄၀၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၇၈၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၀၀၈ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၂၉၉ . ၅ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၂ . ၅၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၇၃ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၂၀ . ၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၇၉ . ၃၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၃ . ၆၀၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၆၀၀ | ၂၁၄ | ၁၈၄၀၄၀၀ |
| MTSH | ၃၂၀၀ | ၃၂၀၀ | ၁၁၅ | ၃၆၃၀၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၁၁ | ၈၆၉၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၁၄၉ | ၂၉၀၅၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၂၁ | ၅၇၇၅၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၄ | ၁၁၈၀၀ |
| AHP | ၆၀၀၀ | ၆၀၀၀ | ၉ | ၅၄၀၀၀ |

ညီညီ - စုစည်းသည်

---


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဖူးငုံသစ်ဆန်း ပွင့်လန်းဝေဆာ

## ထွန်းထွန်း (ပညာ/လေ့ကျင့်)

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အကဲဖြတ်သုံးသပ်မည်ဆိုလျှင် ယင်းနိုင်ငံအတွင်းရှိ ဒေသတစ်ခုချင်းစီ၏ ဖွံ့ဖြိုးမှုကို ဦးစွာလေ့လာရမည်ဖြစ်ပါသည်။ ဒေသတစ်ခု၊ မြို့နယ်တစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးမှာလည်း ထိုဒေသ၏ တည်ငြိမ်အေးချမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးတို့အပေါ် မှီခိုနေပြန်၏။

မိမိသည် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသတွင်နေထိုင်သော ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးစေရေး ဟူသော မူဝါဒ ၄ ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ကွပ်ကဲမှုအောက်ရှိ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးဖြစ်ပေသည်။ ရခိုင်ပြည်နယ်မှ ကချင်ပြည်နယ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် မြစ်ကြီးနားမြို့သို့ရောက်ရှိပြီး တစ်ပတ်မျှပင်မပြည့်မီ ၁၅-၁၂-၂၀၂၀ နေ့တွင် ကျရောက်သည့် **"နာဂရိုးရာနှစ်သစ်ကူးပွဲတော်"** အတွက် နန်းယွန်းမြို့သို့ ခရီးထွက်ခွာရန် ဌာနမှတာဝန်ပေးအပ်ခြင်း ခံခဲ့ရပါသည်။ အမှန်စင်စစ် နန်းယွန်းမြို့မှာ စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပါဝင်သောမြို့ဖြစ်၏။

### နန်းယွန်းမြို့သမိုင်းအကျဉ်း

ခရီးထွက်ခွာခြင်းမပြုမီ ဒေသဆိုင်ရာ အချက်အလက်များအား ကြိုတင်လေ့လာခဲ့မှုအရ ရှေးယခင်က နာဂတောင်တန်းတစ်ခုလုံးမှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ခေတ်အဆက်ဆက်မည်သည့်အဖွဲ့အစည်းမျှ အုပ်ချုပ်မခံရဘဲရှိခဲ့ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် နန်းယွန်းမြို့နယ်ခွဲနှင့် ပန်ဆောင်မြို့နယ်ခွဲအား ကချင်ပြည်နယ်၊ ကာမိုင်းမြို့နယ်အတွင်း ထည့်သွင်းအုပ်ချုပ်ခဲ့ကြောင်း၊ လမ်းခရီးလုံခြုံရေးအရ နာဂအကြီးအကဲများ၏ တောင်းဆိုမှုဖြင့် ၁၉၅၅ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင် စစ်ကိုင်းတိုင်း ခန္တီးခရိုင်တွင် ထည့်သွင်းဖွဲ့စည်းခဲ့ကြောင်း သိရှိရပါသည်။ ထို့နောက် ဒုံဟီးမြို့နယ်ခွဲကိုပါ ထည့်သွင်းခဲ့ပါသည်။ နာမည်ကျော် လီဒိုလမ်းမကြီးပေါ်တွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်သော နန်းယွန်းမြို့အား မြို့နယ်ရုံးစိုက်ရာမြို့အဖြစ် ၁၉၈၆ ခုနှစ်တွင် တရားဝင်သတ်မှတ်ပေးခဲ့သည်ဟု မှတ်သားရပါသည်။

နန်းယွန်းမြို့သည် ခန္တီးမြို့မှ ၁၅၂ မိုင်၊ လဟယ်မြို့မှ ၁၀၁ မိုင်ခန့်အကွာတွင် တည်ရှိသော မြို့တစ်မြို့ဖြစ်ပြီး အဆိုပါလမ်းမှာ မော်တော်ယာဉ်များ ရာသီမရွေး သွားလာနိုင်သည့်အနေအထားမရှိသေး။ ကချင်ပြည်နယ်ဘက်မှ တိုင်းတာလျှင် တနိုင်းမြို့နယ် ရှင်ဗွေယန်မြို့နှင့် မိုင် ၃၀ ခန့်အကွာ ပင်လယ်ရေမျက်နှာပြင်အထက်ပေ ၁၁၀၀ တွင် တည်ရှိသည်။ နန်းယွန်းမြို့နယ်အတွင်းရှိ ပန်ဆောင်မြို့မှာ လီဒိုလမ်းမကြီးပေါ်ရှိ မြန်မာ-အိန္ဒိယ နယ်စပ်မှတ်တိုင်အမှတ် BP-173 နှင့် နီးကပ်စွာ တည်ရှိနေသည့်မြို့ငယ်ဖြစ်ပေ၏။




နာဂရိုးရာနှစ်သစ်ကူးပွဲတော်မှတ်တမ်း၊ နန်းယွန်းမြို့။

### လီဒိုလမ်းမကြီးပေါ်ဝယ်

မြစ်ကြီးနား-နန်းယွန်းမှာ ၁၈၃ မိုင်ခန့် ခရီးကွာဝေး၏။ နှင်းမှုန်တွေ ပိတ်ပိတ်ပိန်းနေသော ဇန်နဝါရီလ ၇ ရက် နံနက် ၇ နာရီခန့်တွင် မြစ်ကြီးနားမှ စတင်ထွက်ခွာခဲ့ပါသည်။ စီးနင်းလိုက်ပါလာသောကားမှာ မြစ်ကြီးနားမြို့နယ်မှသည် မိုးကောင်းမြို့နယ် နမ္မတီးမြို့ကို ဖြတ်၍ ဖားကန့်မြို့နယ် ကျေးရွာများကို ဖြတ်သန်းခဲ့ရာ လဝါးကျေးရွာအထိ ကတ္တရာလမ်းမှာ ငြိမ့်ညောင်းစွာဖြင့်ပင်ရှိခဲ့သည်။ ယင်းနောက်တွင်ကား မာကြောကြမ်းတမ်းလွန်းလှသော ကျောက်ချောလမ်းမကြီးနှင့် စတင်မိတ်ဆက်ရပါတော့၏။ အဆိုပါလမ်းသည်ကား ဒုတိယကမ္ဘာစစ်ကြီးကာလက အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံကိုဆက်သွယ်ရန် ဖောက်လုပ်ခဲ့သည့် သမိုင်းဝင် လီဒိုလမ်းမကြီး (ခေါ်) စတီးဝဲလ်လမ်းမကြီး (LEDO or STILLWELL ROAD) ပင် ဖြစ်ချေ၏။

သာမန်မြေပြန့်ဒေသအတွက် မိုင် ၁၈၀ ကျော်မှာ ပြောပလောက်သော ခရီးအကွာအဝေး မဟုတ်သော်လည်း လီဒိုလမ်းမကြီးအတွက်မူ မြစ်ကြီးနား-ရှင်ဗွေယန် မိုင် ၁၅၀ ကျော်ကိုပင် ၉ နာရီဝန်းကျင်မျှ ကားစီးနင်းခဲ့ရပါသည်။ စစ်လက်ကျန်လေယာဉ်ကွင်းဟောင်းရှိနေသည့် ရှင်ဗွေယန်မြို့သို့ ညနေ ၄ နာရီခန့်တွင် ရောက်ရှိခဲ့တော့သည်။ လက်ကျန်ခရီးမှာ မိုင် ၃၀ ကျော်ခန့်။ သို့ရာတွင် မိမိလိုက်ပါ စီးနင်းလာသည့်ကားမှာ ရှင်ဗွေယန်မြို့တွင်သာ ဂိတ်ဆုံးဖြစ်သဖြင့် နန်းယွန်းမြို့သို့ ဆက်လက်ထွက်ခွာရန် ကားပြောင်းစီးရပါဦးမည်။ ယနေ့အဖို့ ခရီးဆက်ရန်ကားမရှိတော့သည့်အတွက် ညအိပ်စောင့်ဆိုင်းရပေမည်။ မိုင် ၃၀ ခန့်ခရီးအား အချိန်ရှိနေလျက်နှင့် ညအိပ်ရမည်ဟူသောစကားကို မအံ့ဩဘဲမနေနိုင်ဖြစ်မိပေတော့သည်။ ရှင်ဗွေယန်မြို့လေးကား မှိုင်းညို့နေသော သစ်ပင်တို့ဖြင့် တန်ဆာဆင်ထားသည့် တောင်တန်းတွေအထပ်ထပ်နဲ့ ကြားမှာ တိတ်ဆိတ်ငြိမ်သက်နေပေသည်။

### နန်းယွန်းမြို့သို့

နောက်နေ့နံနက် ၆ နာရီခန့်တွင် နန်းယွန်းမြို့ကို ဆက်လက်ထွက်ခွာမည့် ကားသည် မိမိတည်းခိုရာနေရာသို့ ရောက်ရှိလာခဲ့သည်။ ကားအမျိုးအစားမှာ TOYOTA SURF ဖြစ်၏။ ထူးခြားသည်က ကား၏ ကိုယ်ထည်နှင့် ဘီးအကွာအဝေး။ ကုန်ပစ္စည်းနှင့် ခရီးသည်များ တင်ပြီးချိန်တွင်ပင် ၁ ပေ ကျော်ခန့် ကွာဟနေသေး၏။ ရှင်ဗွေယန်မြို့က စတင်ထွက်ခွာပြီး ၁၀ မိနစ်ခန့်တွင် တောင်တက်လမ်းကို စတင်တော့သည်။ တောင်များသည်မြင့်၏။ မတ်စောက်၏။ အတက်ကြမ်းသကဲ့သို့ အဆင်းလည်းကြမ်း၏။ အကွေ့အကောက်များ၏။ တံတားတိုလေးများမှအပ ကတ္တရာ၊ ကွန်ကရစ်စိုးစိမျှမရှိ။ လမ်း၏တစ်ဖက်တစ်ချက်မှ သစ်ပင်ကြီးများကြောင့် နေရောင်မကျ။ နေကို မမြင်တွေ့နိုင်။ လိုဏ်ဂူကြီးထဲဖြတ်သန်းနေသကဲ့သို့ ရှိချေ၏။ တောင်မြင့်မားသော်လည်း ကားလမ်းတစ်လျှောက် ရွှံ့ဗွက်များအိုင်ထွန်းနေသဖြင့် ကျောက်လုံးကြီးများနှင့် ရွှံ့နွံဗွက်အိုင်များအကြား အန္တရာယ်ကင်းအောင် မောင်းနှင်နေသော ကားသမားအပေါ် လေးစားကိုယ်ချင်းစာစိတ်များ ပို၍ပို၍ ဖြစ်ပေါ်လာရ၏။ ခရီးကြမ်းကို ဖြတ်သန်းရင်းဖြင့် မိမိစီးနင်းလိုက်ပါလာသော ကားသည် နံနက် ၁၀ နာရီ ဝန်းကျင်ခန့်တွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပမည့် နန်းယွန်းမြို့သို့ ရောက်ရှိခဲ့ပေသည်။

လူတစ်ဦး၏ သာမန်လမ်းလျှောက်နှုန်းသည် တစ်နာရီလျှင် ၃ မိုင်ခန့်ဖြစ်ပြီး၊ ရှင်ဗွေယန်-နန်းယွန်း သွားကား၏ မိုင် ၃၀ ခရီးမောင်းနှင်ချိန်သည် ၄ နာရီဝန်းကျင်ခန့်ရှိသည်ဆိုလျှင် စာဖတ်သူတို့ ယုံချင်မှ ယုံပေလိမ့်မည်။ မိမိလည်း ဤခရီးကြောင့်သာလျှင် ဤအတွေ့အကြုံကို ကိုယ်တိုင် လက်ခံရခြင်းဖြစ်ပေသည်။ ဤသည်ကား မြစ်ကြီးနား-နန်းယွန်းခရီး၊ လီဒိုလမ်းမကြီး၏ အတွေ့အကြုံသစ်ပေတည်း။

ယခုအခါ နိုင်ငံတော်မှ နန်းယွန်းမြို့၏ ဆက်သွယ်ရေးဝင်ပေါက်များဖြစ်သော မြစ်ကြီးနား -တနိုင်း-ရှင်ဗွေယန်-နန်းယွန်း (လီဒိုလမ်းမကြီး) အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ခန္တီး-လဟယ်-ဒုံဟီး-နန်းယွန်းလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ အိန္ဒိယနယ်စပ်-ပန်ဆောင်-နန်းယွန်း (လီဒိုလမ်းမကြီး) အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအရ ကန့်သတ်ချက် အနည်းငယ်ရှိနေသော နန်းယွန်းမြို့သွားလမ်းပေါ်တွင် တည်ဆောက်ပေးထားသည့် တံတားကြီးငယ်များကြောင့် ခရီးလမ်းချောမွေ့၍ကုန်စည်စီးဆင်းမှုများ အဆင်ပြေလာတော့မည် ဖြစ်ပေသည်။ ယခုကဲ့သို့ လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်လာမှုကြောင့် ယခင်က မြစ်ကြီးနားမှ နန်းယွန်းသို့ တစ်ညအိပ် နှစ်ရက်သွားခဲ့ရသောခရီးမှာ ယခုအခါ ၉ နာရီခန့်ဖြင့် နေချင်းပေါက်ခရီးရောက်ခဲ့ပေပြီ။

### နာဂရိုးရာ နှစ်သစ်ကူးပွဲတော်

မိမိတက်ရောက်ရမည့် နာဂပွဲတော်နှင့်ပတ်သက်၍ စူးစမ်းကြည့်ခဲ့ရာ ရှေးယခင်က နာဂတိုင်းရင်းသားများသည်မိမိတို့ကောက်ပဲသီးနှံများ ရိတ်သိမ်းပြီးချိန်တွင် ရိုးရာပွဲအား "ကောက်သစ်စားပွဲ" အသွင်ဖြင့် မျိုးနွယ်စုများအလိုက်၊ ကျေးရွာအလိုက်၊ နေရာဒေသများအလိုက် အဆင်ပြေသလို သီးခြားစီဆင်နွှဲခဲ့ကြကြောင်း သိရ၏။ ၁၉၅၇ ခုနှစ်မှ စတင်ကာ မြို့နယ်အဆင့် ကျင်းပခဲ့ကြပြီး ၁၉၉၀ ပြည့်နှစ်ရောက်သောအခါ မြို့နယ်ပေါင်းစုံမှ နာဂမျိုးနွယ်စု အကြီးအကဲများ ညှိနှိုင်းမှုဖြင့် ဇန်နဝါရီလ ၁၅ ရက်နေ့ကို "နာဂရိုးရာနှစ်သစ်ကူးပွဲတော်နေ့" အဖြစ် သတ်မှတ်ကျင်းပခဲ့ကြောင်းနှင့် ၁၉၉၃ ခုနှစ်မှစတင်ကာ နိုင်ငံတော်အစိုးရ၏ပံ့ပိုးမှုဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ လဟယ်မြို့၊ လေရှီးမြို့နှင့် နန်းယွန်းမြို့တို့တွင် အလှည့်ကျ ကျင်းပခဲ့ကြောင်း လေ့လာသိရှိရပါသည်။

ပွဲတော်နေ့တွင် နှစ်သစ်ကူးအထိမ်းအမှတ်တံခွန်တိုင် စိုက်ထူကြ၏။ နာဂတိုင်းရင်းသားများစွာက "ဝါး"ဆည်းလည်း ရာပေါင်းများစွာဆင်ယင်ထားသော ဝါးပိုးတိုင်ကြီးကို မြေ၌စိုက်ထူကြသည့်အခါ အချင်းချင်းထိခတ်မှုဖြစ်ပြီး ဂီတသံဖြစ်ပေါ်လာ၏။ ပွဲတော်အောင်မြင်စေကြောင်း ချီးကျူးသည့် တေးသံသဖွယ်ဖြစ်ပေ၏။ မြန်မာပြည်တစ်လွှား အေးချမ်းသာယာစည်ပင်စေဖို့ ဆုမွန်ကောင်းတောင်းသည့် တေးသံသဖွယ်လည်း ဖြစ်ပေ၏။ နာဂရိုးရာဝတ်စုံ ကိုယ်စီနှင့် အမျိုးသား၊ အမျိုးသမီးတို့က ရိုးရာအကများဖြင့် ဖျော်ဖြေကြလေ၏။ ကြည်နူးဖွယ်ကောင်းလေစွ။

ဌာနေတိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးစံများအား အလေးထားသည့်အနေဖြင့် နှစ်စဉ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကာလရောက်တိုင်း ဒေသတွင်းအကြီးအကဲများ၊ ပြည်ထောင်စုအဆင့် အကြီးအကဲများ၊ နိုင်ငံတော်အကြီးအကဲများပါ တက်ရောက်ချီးမြှင့်ပေးလျက်ရှိသည့် ပွဲတော်ဖြစ်ပါသည်။ နိုင်ငံခြားသား ခရီးသွားများသည်လည်း စိတ်ပါဝင်စားစွာဖြင့် လာရောက် လေ့လာမှတ်တမ်းယူနေကြသည်ကိုလည်း မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရပါသည်။

*စာမျက်နှာ ၂၁ သို့*

**လဝါးကျေးရွာအထိ ကတ္တရာလမ်းမှာ ငြိမ့်ညောင်းစွာဖြင့်ပင် ရှိခဲ့သည်။ ယင်းနောက်တွင်ကား မာကြောကြမ်းတမ်းလွန်းလှသော ကျောက်ချောလမ်းမကြီးနှင့် စတင်မိတ်ဆက်ရပါတော့၏။ အဆိုပါလမ်းသည်ကား ဒုတိယကမ္ဘာစစ်ကြီးကာလက အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံကိုဆက်သွယ်ရန် ဖောက်လုပ်ခဲ့သည့် သမိုင်းဝင် လီဒိုလမ်းမကြီး (ခေါ်) စတီးဝဲလ်လမ်းမကြီး (LEDO or STILLWELL ROAD) ပင် ဖြစ်ချေ၏။ သာမန်မြေပြန့်ဒေသအတွက် မိုင် ၁၈၀ ကျော်မှာ ပြောပလောက်သော ခရီးအကွာအဝေး မဟုတ်သော်လည်း လီဒိုလမ်းမကြီးအတွက်မူ မြစ်ကြီးနား-ရှင်ဗွေယန် မိုင် ၁၅၀ ကျော်ကိုပင် ၉ နာရီဝန်းကျင်မျှ ကားစီးနင်းခဲ့ရပါသည်**

# သီပေါမြို့နယ်၌ ရှမ်းနှစ်သစ်ကူး(ပီမိုင်တိုင်း)နေ့ကျင်းပ ရှမ်းစာဆိုတော်ကြီးများကို ဂုဏ်ပြုကောက်သစ်လှူဒါန်း

**သီပေါ ဒီဇင်ဘာ ၆**

ရှမ်းသက္ကရာဇ် ၂၁၁၆ နှစ်မြောက် ရှမ်းတိုင်းရင်းသားများ၏ နှစ်သစ်ကူး အခါသမယနေ့ ကြိုဆိုပြီး ရှမ်းစာဆိုတော်ကြီးများကို ဂုဏ်ပြုသောအားဖြင့် နှစ်သစ်ကူး(ပီမိုင်တိုင်း) ကောက်သစ်လှူပွဲကို ယမန်နေ့က ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် တိန်းချေတိန်းစံကျေးရွာအုပ်စု နောက်ကတ်ကျေးရွာ ရွှေတောင်စာကြည့်တိုက်ဝင်း မြက်ခင်းပြင်၌ ကျင်းပရာ ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်ဆင်နွှဲကြသည်။

အခမ်းအနားတွင် နောက်ကတ်ကျေးရွာ ရွှေတောင်စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ စာရေးဆရာ ဇာဏီဟိန်း(သီပေါ)က ရှမ်းနှစ်သစ်ကူး နေ့ (ပီမိုင်တိုင်း) ဖြစ်ပေါ်လာပုံကို ရှင်းလင်းတင်ပြပြီး ဒေသခံရှမ်း တိုင်းရင်းသားမောင်မယ်လေးများက မီးပုံပွဲဝိုင်းတွင် ရိုးရာရှမ်းအိုးစည် တူရိယာများတီးခတ်၍ ရှမ်းယိမ်းအကများဖြင့် ဖျော်ဖြေကြသည်။(ယာပုံ)



ထို့နောက် ရှမ်းယဉ်ကျေးမှုရိုးရာအကအဖွဲ့များအား ကျေးရွာလူကြီးများက ဆုငွေများချီးမြှင့်ကာ ရိုးရာအစားအစာများဖြစ်သည့် ခေါက်တွန်လိုင်၊ ကောက်ညှင်းပေါင်းနှင့် ထမနဲများဖြင့် ဧည့်ခံကျွေးမွေးကြပြီး နောက်နေ့အရုဏ်တက်တွင် ရွာဦးရှေးဟောင်းစေတီတော်ကြီးနှင့် သံဃာတော်အရှင်သူမြတ်များအား ကောက်သစ်ဆွမ်း၊ ဟင်းလျာများဖြင့် ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ပင်လယ်ငါးဖမ်းရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်းဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၆**

ဖျာပုံခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ ငါးလုပ်ငန်းသင်တန်းကျောင်း (ဖျာပုံ)တွင် ပင်လယ်ငါးဖမ်း ရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်းကို နိုဝင်ဘာလ နောက်ဆုံးပတ်က ဖွင့်လှစ်သည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကိုကိုလွင်က အမှာစကားပြောကြားသည်။ သင်တန်းတွင် VMS နှင့် ပတ်သက်သည့် ညွှန်ကြားချက်အမှတ် ၅/၂၀၂၀၊ မြန်မာ့ပင်လယ်ပြင်ငါးလုပ်ငန်းဥပဒေဆိုင်ရာ သိကောင်းစရာများ၊ ပင်လယ်ငါးဖမ်းရေလုပ်သားများလုပ်ငန်းခွင်အတွင်းထိခိုက်မှုမရှိစေရန်အတွက် အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရေး၊ ရှေးဦးသူနာပြုစုနည်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ခြင်းအကြောင်း သိကောင်းစရာများ စသည့် သင်ခန်းစာများကို ပို့ချပြီး သင်တန်းတွင် ဖျာပုံနှင့်ဒေးဒရဲမြို့တို့မှ ရေလုပ်သား၂၀ တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၂၀ မှ*

## လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များအား အခြေခံ၊ အဆင့်မြင့်ပညာရပ်များ သင်ကြားလေ့ကျင့်ပေးပြီး နယ်စပ်ဒေသ၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊ နယ်စပ်ဒေသမှ အမျိုးသမီးငယ်များအား အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းများ သင်ကြားလေ့ကျင့်ပေးပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးရန်ဟူသော ရည်ရွယ်ချက် နှစ်ရပ်နှင့်အညီ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့တွင် နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း တစ်ကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း တစ်ကျောင်းအား ဖွင့်လှစ်ထားရှိပါသည်။

နန်းယွန်းမြို့တွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းကို ၁-၆-၂၀၁၄ ခုနှစ်၌ စတင်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသတွင်း မိဘမဲ့၊ မိမဲ့၊ ဖမဲ့၊ ဆင်းရဲနွမ်းပါး၍ ပညာသင်ကြားရန် အခက်အခဲရှိနေသူ ကျောင်းသား ကျောင်းသူများအား သင်တန်းကျောင်း ဝင်ဆံ့အင်အားအပေါ်မူတည်၍ လက်ခံပြုစုလေ့ကျင့် ပညာသင်ကြားပေးလျက်ရှိပေသည်။ ၂၀၁၆-၂၀၁၇ မှ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အထိ တက္ကသိုလ်ဝင်တန်း အောင်မြင်မှု ၂၇ ဒသမ ၂၁ ရာခိုင်နှုန်း ရှိပါသည်။



အိမ်တွင်းမှုသင်တန်းကျောင်း(နန်းယွန်း)မှ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းသူများ။



နန်းယွန်းမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း။

အောင်မြင်ပြီးသူ ဒေသခံတိုင်းရင်းသားမျိုးဆက်သစ် ၃၇ ဦးမှာ မိမိတို့ဌာနမှ ဖွင့်လှစ်ထားသော ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များတွင် အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ကြားနေပြီ ဖြစ်ပေသည်။ ဒေသတွင်း တိုင်းရင်းသားများ၏ ပြောကြားချက်များအရ ဤဒေသ၌အဆိုပါ သင်တန်းကျောင်း မဖွင့်လှစ်မီက ကလေးသူငယ်များ၏ ပညာသင်ကြားရေးမှာ အလွန်အခက်အခဲ ရှိခဲ့ပြီး အနီးဆုံးဖြစ်သည့် လဟယ်မြို့နှင့် မြစ်ကြီးနားမြို့တို့ရှိ သင်တန်းကျောင်းများသို့ ပို့ဆောင်အပ်နှံရကြောင်း၊ ကျောင်းသားတစ်ဦးအတွက် သွား/ပြန် ခရီးစရိတ် သက်သက်ပင် နှစ်သိန်းခန့် ကုန်ကျသဖြင့် ပညာသင်ကြားမှုအား လက်လျှော့ခဲ့ရသူ များပြားကြောင်း သိရှိရသည်။

### အလုပ်အကိုင် အခွင့်အလမ်းများ

၁-၆-၂၀၁၅ ရက်နေ့တွင် ခန္တီးခရိုင်ဦးစီးမှူးရုံးအား ဖွင့်လှစ်ပေးခဲ့ပါသည်။ ဒေသခံ အမျိုးသမီးငယ်များအတွက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း တစ်ကျောင်းကိုလည်း ၂၆-၁၂-၂၀၀၅ ရက်နေ့မှ စတင်ဖွင့်လှစ်ထားရှိပါသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ အခြေခံအိမ်တွင်းမှုသင်တန်း အကြိမ် ၄၀၊ အဆင့်မြင့်စက်ချုပ်သင်တန်း ၃၅ ကြိမ်၊ ကြိမ်/ဝါးသင်တန်း တစ်ကြိမ်၊ သိုးမွေးစက်ဆွဲသင်တန်း သုံးကြိမ်၊ ရိုးရာဂျပ်ခုတ်သင်တန်း ၁၀ ကြိမ်၊ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း နှစ်ကြိမ် ဖွင့်လှစ်ကာ သင်တန်းသူစုစုပေါင်း ၁၃၆၆ ဦး အား သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။ သင်တန်းဆင်းများအနက် စက်ချုပ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိသူ ၄၀၈ ဦး၊ ရိုးရာဂျပ်ခုတ်လုပ်ကိုင်သူ ၅၂ ဦး၊ ဌာနဝန်ထမ်းတစ်ဦးနှင့် အထည်ချုပ်စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်နေသူ ၃၆ ဦး ရှိသည့်အတွက် ဒေသတွင်းတိုင်းရင်းသူ အမျိုးသမီးငယ် ၄၉၇ ဦးမှာ မိမိတို့ကိုယ်တိုင် သင်ယူတတ်မြောက်ထားသော အတတ်ပညာဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ လမ်းပွင့်ပြီး ကိုယ်ပိုင်ဝင်ငွေရရှိကာ သက်မွေးဝမ်းကျောင်းပြုနိုင်ပြီဖြစ်ပါသည်။ ကျန်ရှိနေသေးသော သင်တန်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

> **သင်တန်းကျောင်းမဖွင့်လှစ်မီက ကလေးသူငယ်များ၏ ပညာသင်ကြားရေးမှာ အလွန်အခက်အခဲရှိခဲ့ပြီး အနီးဆုံးဖြစ်သည့် လဟယ်မြို့နှင့် မြစ်ကြီးနားမြို့တို့ရှိ သင်တန်းကျောင်းများသို့ ပို့ဆောင်အပ်နှံရကြောင်း၊ ကျောင်းသားတစ်ဦးအတွက် သွား/ပြန် ခရီးစရိတ်သက်သက်ပင် နှစ်သိန်းခန့် ကုန်ကျသဖြင့် ပညာသင်ကြားမှုအား လက်လျှော့ခဲ့ရသူ များပြားကြောင်း သိရှိရသည်**

### ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေး

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများအား စေတနာအပြည့်ဖြင့် ဆောင်ရွက်ပေးသကဲ့သို့ နယ်စပ်ဒေသတွင်နေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း၊ တံတားလုပ်ငန်းများ အပါအဝင် အခြားသော ပညာရေး၊ ကျန်းမာရေး၊ သာသနာရေး အစရှိသည်တို့ကို အဓိကအားဖြည့် ဆောင်ရွက်ရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်း နန်းယွန်းမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးကို ဖွင့်လှစ်ထားပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တစ်ခုလုံးအား ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ နန်းယွန်းမြို့နယ်အပါအဝင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုလုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရည်မြင့်မားရေး၊ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရရှိရေးတို့ကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပေသည်။ ဌာနေတိုင်းရင်းသားများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများကလည်း နှစ်အလိုက်ရန်ပုံငွေများ ချမှတ်ကာ ကဏ္ဍပေါင်းစုံ ဟန်ချက်ညီညီတိုးတက်အောင် ဆောင်ရွက်ပေးနေပြီဖြစ်ပေသည်။

ဤသို့ဖြင့် ယခင့်ယခင်က လမ်းပန်းဆက်သွယ်ရေးအခက်အခဲ၊ ပညာရေး၊ ကျန်းမာရေး အစရှိသော လူမှုစီးပွားဘဝ အခက်အခဲပေါင်းများစွာဖြင့် ဖြတ်သန်းရင်ဆိုင်ခဲ့ရသော နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့သည် **"ဖူးငုံသစ်ဆန်းပွင့်လန်းဝေဆာ"** ဟူသော ဆောင်းပါးခေါင်းစီးပါအတိုင်း များမကြာမီအချိန်တွင် ပို၍ပို၍ ဖွံ့ဖြိုးစည်ပင်တိုးတက်လာကာ ထူးချွန်ထက်မြက်သော နိုင်ငံ့သားကောင်း၊ သမီးကောင်းရတနာများ ပေါ်ထွန်းရာ မြို့နယ်တစ်ခုအဖြစ် ရပ်တည်နိုင်တော့မည်ဟု ယုံကြည်မှုအပြည့်ဖြင့် တင်ပြလိုက်ရပါသည်။ ။

# ၂၀၂၀ ပြည့်နှစ်အတွက် စာပေဗိမာန်စာမူဆုရှင်တို့၏ ရင်တွင်းစကားသံများ



ဦးသန်းလွင်(သိန်းဇော်-ရွှေလီဦး)



ဦးတင်ရှိန်(ကောင်းနွဲ့)



ဦးသိန်းဆောင်(မြေလတ် မင်းလွင်)



ဒေါ်ယဉ်ယဉ်မွန်(ရှေးဟောင်းသုတေသန)

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၂၀ ပြည့်နှစ်အတွက် စာပေဗိမာန် စာမူဆုပြိုင်ပွဲတွင် ဆုရရှိသော စာရေးဆရာကြီး ဆရာမကြီးများအား မြန်မာ့အလင်းက ဆက်လက်တွေ့ဆုံမြန်းခဲ့သည်။

**ဦးသန်းလွင်(သိန်းဇော်-ရွှေလီဦး)**

ဖားဝိဇ္ဇာနှင့် ကျေးရွာအလှဝတ္ထုတိုများ စာအုပ်ဖြင့် ပထမဆုရ ဦးသန်းလွင်(သိန်းဇော်-ရွှေလီဦး)က "ဖားဝိဇ္ဇာဆိုတာ ဖားရှာတဲ့နေရာမှာရော၊ ဖားကိုမွေးတဲ့ နေရာမှာရော၊ ဖားရဲ့သဘောသဘာဝကိုရော သူက ကျွမ်းကျွမ်းကျင်ကျင်ရှိတယ်ဗျ။ ၁၂ ရာသီ နွေ၊ မိုး၊ ဆောင်း ဖားစားရအောင် သူလုပ်နိုင်တယ်။ နောက်ဖားတွေရဲ့ သဘောသဘာဝကို သူများတွေထက်ကျွမ်းကျင်တယ်။ ကျွမ်းကျင်တဲ့အတွက်၊ ထူးထူးချွန်ချွန်နဲ့ ဖားကိစ္စကိုသိတဲ့အတွက် ဝိဇ္ဇာလို့ တင်စားပြီးရေးခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

စာပေလောက အတွေ့အကြုံများနှင့် ပတ်သက်၍ "ကျွန်တော် စာပေလောကထဲမှာ စာပေဗိမာန်ဆုတို့၊ ပခုက္ကူဦးအုံးဖေစာပေဆုတို့ကို ကျေးလက်သဘာဝတွေနဲ့ရေးသားပြီး ယှဉ်ပြိုင်ဖူးပါတယ်။ ဆုတွေလည်း ရရှိပါတယ်။ စာပေနယ်ထဲကို ၁၉၉၅ ခုနှစ်က စတင်ဝင်ရောက်ခဲ့ပါတယ်။ နိုင်ငံတော်အဆင့် သတ်မှတ်တဲ့ ပြိုင်ပွဲတွေကတော့ ဒီဆုနဲ့ဆိုရင် ၂၁ ဆု ရရှိခဲ့ပြီးပါပြီ။ ဝတ္ထုတို၊ ဝတ္ထုရှည် ၁၀၀ ကျော်သွားပါပြီ။ ဇာတိက ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရေကြည်မြို့နယ် ပန်းတောကြိုးကုန်းဖြစ်ပါတယ်။ ကျွန်တော်ပန်းတောကြိုးကုန်းရွာကို ကိုယ်စားပြုတဲ့ ရွာသားတွေရဲ့ သဘောသဘာဝတွေ၊ စရိုက်တွေနဲ့ သူတို့ဆီက အတုယူစရာလေးတွေ ရေးသားခြင်းဖြစ်ပါတယ်"ဟု ပြောကြားသည်။

**ဦးတင်ရှိန်(ကောင်းနွဲ့)**

ရာသီမြဲ့လုံးချင်း စာအုပ်ဖြင့် ကဗျာစာမူ ပထမဆုရ ဦးတင်ရှိန်(ကောင်းနွဲ့)က "ကျွန်တော်တို့နေတာကတော့ ကျွန်းပင်တွေရှိတဲ့ ကျွန်းတောကြီးထဲမှာပေါ့။ ကျွန်းပင်နဲ့ပတ်သက်တဲ့အကြောင်းတွေ၊ တောတောင်သဘာဝတွေကို မြင်တွေ့နေရတော့"ရာသီမြဲ့လုံးချင်းကဗျာ"ကို ရေးချင်တဲ့စိတ်ဖြစ်သွားတာပါ။ အဲဒီထဲမှာ နွယ်သာကီစံပြဆိုပြီးတော့ ကျွန်းရွှေဝါကဗျာလေးတစ်ပုဒ်ကို ရေးလိုက်တာလည်းဖြစ်ပါတယ်။ အဓိကကတော့ ကျွန်းတွေရဲ့တန်ဖိုးနဲ့ ကျွန်းပင်တွေ မလေလွင့်စေဖို့အတွက် ရွတ်ပြတာပါ"ဟု ပြောသည်။

စာပေလောက အတွေ့အကြုံများနှင့် ပတ်သက်၍ "စာပေလောကထဲကို ၁၉၈၇ ခုနှစ်က စရောက်တာပါ။ ဇာတိက ကျောက်ပန်းတောင်းမြို့နယ်၊ အင်ပြင်ကြီးကျေးရွာဆိုတော့ အဲဒီမှာ မြို့နယ်စာပေလောကအဖွဲ့က စာပေပြိုင်ပွဲကျင်းပတဲ့အခါမှာ ဆောင်းပါးအနေနဲ့ "ထန်းပဒေသာပြည်မြန်မာ" ဆိုပြီးဝင်ပြိုင်တော့ အကောင်းဆုံးဆောင်းပါးဆုကို ရရှိခဲ့ပါတယ်။ အဲဒီနောက်ပိုင်း ကဗျာ၊ ဆောင်းပါးတွေ ရေးလာတာမှာ ၂၀၁၈ ခုနှစ်မှာ ပခုက္ကူဦးအုံးဖေစာပေဆု ဒုတိယဆုရရှိခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာတော့ မြဝတီမဂ္ဂဇင်းမှာ တစ်နှစ်တာအကောင်းဆုံး ကဗျာဆု ရရှိခဲ့ပါတယ်။ နောက်တစ်ခါ "ရွှေကြာရိုးလေး ချိုးခဲ့မယ်"ဆိုတဲ့ လုံးချင်းကဗျာကို ထုတ်ခဲ့ပါတယ်။ နောက်ပြီး ရန်ကုန်ကအဖွဲ့တွေနဲ့ ကဗျာတစ်အုပ်ထုတ်ခဲ့ပါသေးတယ်။ အခုထိလည်း ကဗျာတွေ ရေးနေဆဲပါ။ ဆောင်းပါး ၁၂ ပုဒ်လောက် ရေးခဲ့ပြီး ကဗျာကတော့ စာအုပ် ခြောက်အုပ်လောက် ထုတ်ခဲ့တာဆိုတော့ ကဗျာအပုဒ်ရေ ၆၀၀ ခန့် ရေးခဲ့ပြီးပါပြီ။ ဆက်လက်ပြီးလည်း ကဗျာတွေကို ရေးသွားဦးမှာဖြစ်သလို ၂၀၂၁ ခုနှစ်အတွက် စာပေဗိမာန်မှာ လုံးချင်းကဗျာပေါင်းချုပ်စာအုပ်ကို ပြိုင်ပွဲဝင်ဖို့အတွက် တင်ထားပါတယ်" ဟု ပြောကြားသည်။

**ဦးသိန်းဆောင်(မြေလတ် မင်းလွင်)**

ဆိုင်းဂီတဖြင့်တိုင်းပြည်ကိုအလှဆင်ခြင်း(သို့) အလင်္ကာကျော်စွာ စိန်စတင်း စာမူဖြင့် ပထမဆုရ ဦးသိန်းဆောင်(မြေလတ်မင်းလွင်) က "၁၉၈၅ ခုနှစ်ကစပြီး စာပေလောကထဲ ဝင်ရောက်ခဲ့တာပါ။ အခုပထမဆုရတဲ့ "ဆိုင်းဂီတဖြင့် တိုင်းပြည်ကိုအလှဆင်ခြင်း(သို့) အလင်္ကာကျော်စွာ စိန်စတင်း" မှာ ရေးထားတဲ့ အဓိပတိဆိုင်းဆရာကြီးဖြစ်တဲ့ အလင်္ကာကျော်စွာ ဆိုင်းပညာရှင်ကြီး ဦးစိန်စတင်းဟာ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၃ ရက်မှာ ဆုံးသွားခဲ့ပါတယ်။ ဒီစာမူကို ရေးဖြစ်တာက ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၃ ရက်မှာ သူ့ဆိုင်းတပည့်တွေကိုဖိတ်ပြီး ပွဲလုပ်မယ်ပေါ့။ ပွဲလုပ်ပြီးရင် ဒီစာအုပ်ကို တပည့်တွေကို ဝေမယ်ပေါ့ဗျာ။ ဒါနဲ့ တပည့်တွေကိုဝေဖို့အတွက် ကျွန်တော့်ကို အကူအညီတောင်းခဲ့တဲ့ အခါမှာ ကျွန်တော်နဲ့ ဆိုင်းဆရာ စိန်စတင်းနဲ့က ရင်းနှီးနေတာဆိုတော့ အဲဒီပွဲမှာ ထုတ်ဖို့အတွက် စာအုပ်ကို လုံးချင်းရေးဖြစ်တာပါ။ စိန်စတင်းဟာဆိုရင် ၂၀ ရာစုနဲ့ ၂၁ ရာစု နှစ်ခုစလုံးကိုခွပြီး မြန်မာ့ဂီတအနုပညာမှာ ဆိုင်းနဲ့ပတ်သက်ပြီးတော့ ဆရာကြီးတစ်ဆူအဖြစ် စံထားလောက်အောင် လုပ်ဆောင်သွားခဲ့ပါတယ်။ အထက်မြန်မာပြည်နဲ့ အောက်မြန်မာပြည်မှာရှိတဲ့စိန်စတင်းရဲ့ ညှော့်ခံဆိုင်း တီးတဲ့မှုဆိုတာ ကျန်ရစ်ခဲ့တာဆိုတော့ အဲဒီအကြောင်းတွေကိုဖတ်လိုက်ရင် မသိသေးတဲ့လူတွေအနေနဲ့ မှုတစ်ခုရသွားမှာပေါ့နော်။ ဆိုင်းကို ဘယ်လိုညှော့်ခံမလဲ။ ဘယ်လိုဘယ်လိုလူခေါ်မလဲဆိုတာ စိန်စတင်း လုပ်ဆောင်သွားတာတွေ ရှိနေတာဆိုတော့ အဲဒီမှုတွေဖြစ်တဲ့ ခေါ်ချည်၊ ပျိုးချည်၊ တီးချည်တွေကို အားလုံးသိကြအောင်လို့ရေးတာလည်းဖြစ်ပါတယ်။

> ❑ **စိန်စတင်းဟာဆိုရင် ၂၀ ရာစုနဲ့ ၂၁ ရာစု နှစ်ခုစလုံးကိုခွပြီး မြန်မာ့ဂီတအနုပညာမှာ ဆိုင်းနဲ့ပတ်သက်ပြီးတော့ ဆရာကြီးတစ်ဆူအဖြစ် စံထားလောက်အောင် လုပ်ဆောင်သွားခဲ့ပါတယ်။ အထက်မြန်မာပြည်နဲ့ အောက်မြန်မာပြည်မှာရှိတဲ့ စိန်စတင်းရဲ့ ညှော့်ခံဆိုင်း တီးတဲ့မှုဆိုတာ ကျန်ရစ်ခဲ့တာဆိုတော့ အဲဒီအကြောင်းတွေကိုဖတ်လိုက်ရင် မသိသေးတဲ့ လူတွေအနေနဲ့ မှုတစ်ခုရသွားမှာပေါ့နော်။ ဆိုင်းကို ဘယ်လိုညှော့်ခံမလဲ။ ဘယ်လိုဘယ်လိုလူခေါ်မလဲဆိုတာ စိန်စတင်းလုပ်ဆောင်သွားတာတွေ ရှိနေတာဆိုတော့ အဲဒီမှုတွေဖြစ်တဲ့ ခေါ်ချည်၊ ပျိုးချည်၊ တီးချည်တွေကို အားလုံးသိကြအောင်လို့ရေးတာလည်း ဖြစ်ပါတယ်**

အဓိကအနေနဲ့ပြောရရင် ဂီတသမားတွေရဲ့ စံထားလောက်တဲ့ ဆရာကြီးမို့ ပြည်သူတွေသိစေချင်လို့လည်း ရေးဖြစ်တာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကြိုးကြိုးစားစား လုပ်ဆောင်ထားတာဆိုတော့ စာအုပ်မထုတ်ဖြစ်ရင်လည်း စာပေဗိမာန်ကို တင်လိုက်မယ်ဆိုပြီး စာပေဗိမာန်ကို တင်လိုက်တာပါ။ ယခင်ကတည်းက စာပေဗိမာန် စာမူဆုတွေ ရထားဖူးတာဆိုတော့ ဒီတစ်ကြိမ် အပါအဝင်ဆိုဆုရရှိတာ ၂၄ ဆု ရှိသွားပါပြီ။ ကဗျာပေါင်းချုပ်၊ ဝတ္ထုတိုပေါင်းချုပ်၊ ဝတ္ထုရှည်တွေအတွက် စာပေဗိမာန်စာမူဆု၊ ပခုက္ကူဦးအုံးဖေစာမူဆု အစရှိသဖြင့် ဆုပေါင်း ၂၃ ဆုရရှိခဲ့ပြီး ဆိုင်းဆရာစိန်စတင်းအကြောင်း စာပဒေသာက ခုမှရေးတာပါ။ ကျွန်တော်ကိုယ်တိုင်လည်း ဂီတအလုပ်တွေကို လုပ်ဆောင်နေပါတယ်"ဟု ပြောကြားသည်။

**ဒေါ်ယဉ်ယဉ်မွန်(ရှေးဟောင်းသုတေသန)**

သုတပဒေသာ(ဝိဇ္ဇာ) ပထမဆု "ဒွတ္တပေါင်မင်းကြီးနှင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သရေခေတ္တရာ"စာအုပ်ဖြင့် သုတပဒေသာ(ဝိဇ္ဇာ) ပထမဆုရရှိသည့် ဒေါ်ယဉ်ယဉ်မွန်က "ဒီစာအုပ်ကတော့ ပျူတွေရဲ့ဓလေ့ထုံးစံနဲ့ ပျူတွေရဲ့ဗိသုကာလက်ရာတွေ၊ နောက်ပြီး ပျူတွေရဲ့ ကိုးကွယ်ယုံကြည်မှုတွေ၊ ပျူနဲ့ပတ်သက်တဲ့ ဝတ်စားဆင်ယင်မှုတွေကအစ လူငယ်တွေ နောက်လူတွေ သိစေချင်တဲ့ ဆန္ဒနဲ့ ရေးလိုက်တာပါ။ စာအုပ်ထဲမှာ ဗဟုသုတရစရာတွေအနေနဲ့ ပျူခေတ်ကဆောက်လုပ်ခဲ့တဲ့ ဗိသုကာလက်ရာတွေပါမယ်။ နောက်ပြီး အာခီစထရယ်ချာ ဗိသုကာလက်ရာပိုင်းတွေပါမယ်။ နောက်ပြီး ပျူခေတ်ရဲ့ ဒင်္ဂါးသုံးစွဲမှုစနစ်နဲ့ ကုန်သွယ်မှုတွေ ပါဝင်မယ်။ နောက်ပြီး ကမ္ဘာ့အမွေအနှစ်စာရင်းဝင်တင်သွင်းတဲ့ စံချိန်စံနှုန်းနဲ့ ပတ်သက်ပြီးတော့ အများပြည်သူသိအောင်လို့လည်း အခန်း(၇)မှာ ထည့်ရေးပေးထားပါတယ်"ဟု ပြောသည်။

စာပေလောကအတွေ့အကြုံများနှင့် ပတ်သက်၍ "ကျွန်မက ပြည်မြို့၊ ရှေးဟောင်းသုတေသနနှင့် နည်းပညာသင်တန်းကျောင်းမှာ ကထိကတာဝန်ထမ်းဆောင်ပါတယ်။ လုပ်သက် ၂၅ နှစ်ပြည့် ပင်စင်ယူတာ တစ်လကျော်ကျော်လေးပဲ ရှိပါသေးတယ်။ အရင်တုန်းကလည်း ရှေးဟောင်းသုတေသနနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို ရေးခဲ့တာဖြစ်ပြီး စာပေဗိမာန်ဆုရတာ ဒါနဲ့ဆိုရင် သုံးအုပ်မြောက်ရှိပါပြီ။ ၂၀၁၂ မှာ "ဟံသာဝတီခေတ် ဓမ္မစေတီမင်းကြီး၏ကောင်းမှုတော်များ" စာအုပ်နဲ့ တတိယဆုကို ပထမဦးဆုံးအကြိမ်ရရှိခဲ့ပြီး နောက်တစ်ခုက "ဘုရင့်နောင်မင်းတရားကြီးနှင့် ကမ္ဘောဇသာဒီနန်းတော်ရာ" ကို ဒုတိယအကြိမ်မြောက်စာမူဆုအနေနဲ့ပြိုင်တာ ပထမဆုရပါတယ်။ ပဲခူးမှာရှိတဲ့ ဘုရားတွေရဲ့ လမ်းညွှန်အားလုံးကို Guide Book သဘောမျိုးနဲ့ ပဲခူးလမ်းညွှန်စာအုပ်တစ်အုပ်ကို ကျွန်မတို့ရှေးဟောင်းသုတေသနကနေ စာအုပ်ထုတ်တော့လည်း ကျွန်မရေးခဲ့ပါတယ်။ ပင်စင်ယူလိုက်ပြီဆိုပေမယ့်လည်း စာတွေကို ဆက်ပြီးတော့ ကြိုးစားပြီးရေးသွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

**တွေ့ဆုံမေးမြန်း-တင်စိုး**

**ဓာတ်ပုံ - အာကာစိုး**

# ဗီဇပြောင်းမျိုးစိတ်သစ် ကူးစက်ပျံ့နှံ့မှုတွေဖြစ်ပွားနေတဲ့အမေရိကန်မှာ မသေချာမှုဝန်ထုပ်တွေထပ်တိုး

............. *လင်းဟန်သစ်* .............

ယခုသီတင်းပတ်အကုန်မှာ အမေရိကန်ပြည်ထောင်စုရဲ့ အနည်းဆုံးပြည်နယ် ၁၀ ခုမှာ အိုမီခရွန် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးစိတ်သစ် ကူးစက်ဖြစ်ပွားနေတဲ့ အမေရိကန်နိုင်ငံသား ဒါဇင်ကျော်ရှိတယ်လို့ အတည်ပြုခဲ့ပါတယ်။ အမေရိကန်အစိုးရအဖွဲ့ဟာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးအစီအစဉ်နဲ့ အဲဒီကပ်ရောဂါကို အစွမ်းကုန်တိုက်ဖျက်နေတဲ့အချိန်မှာ အခုလိုအိုမီခရွန်ကူးစက်ဖြစ်ပွားသူတွေ တွေ့ရှိခဲ့တာပဲဖြစ်ပါတယ်။

> **“အခုချိန်ထိ အများစုက ကာကွယ်ဆေးတွေဟာ ပြင်းထန်တဲ့ ရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ခြေရှိတယ်လို့ လက်ခံထားပါတယ်။ သို့သော်လည်း ဗီဇပြောင်းမျိုးစိတ်သစ်ဟာ ကူးစက်နိုင်မှု အစွမ်းသတ္တိမြင့်မားစေပါတယ်။ ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်ထိုးထားပြီးတဲ့ သူတွေသာမက အရင်က ကိုဗစ်-၁၉ ဖြစ်ဖူးတဲ့သူတွေကိုပါ ကူးစက်ပျံ့နှံ့စေပါတယ်။ အခုဒီမျိုးစိတ်သစ်ဟာ တောင်အာဖရိကမှာ ကူးစက်ပေါက်ပွားနေပြီဖြစ်ပါတယ်။ထို့အတူ နိုင်ငံပေါင်းများစွာကို ပျံ့နှံ့နေပြီဖြစ်”**

### အိုမီခရွန် ဗီဇပြောင်း ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားနေပြီ

အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ တချို့ ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားတဲ့သူတွေဟာ မကြာသေးခင်က အိုမီခရွန်ဗိုင်းရပ်စ် စတင်ဖြစ်ပွားရာ အာဖရိကတောင်ပိုင်းကို သွားရောက်ခဲ့တဲ့သူတွေ ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ ပြည်နယ်နှစ်ခုလောက်မှာ ဗီဇပြောင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်သစ် အစုလိုက်ကူးစက်ဖြစ်ပွားနေတယ်လို့ ဖော်ပြထားပါတယ်။

အမေရိကန်ပြည်ထောင်စုမှာ အိုမီခရွန် ဗီဇပြောင်း ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားနေပြီလို့ ရော့ကီဖဲလားဖောင်ဒေးရှင်းက ရောဂါဖြစ်ပွားမှု စောင့်ကြည့်ရေး ဦးဆောင်ညွှန်ကြားရေးမှူး စကာပီနို က ပြောပါတယ်။ အိုမီခရွန်ကြောင့် ဖြစ်ပွားနိုင်တဲ့ ပြင်းထန်တဲ့ရောဂါကို ကာကွယ်ဆေးက အတိုင်းအတာတစ်ခုအထိ ခုခံကာကွယ်သွားနိုင်လိမ့်မယ်လို့ မျှော်လင့်ရကြောင်း အမေရိကန်အရာရှိများက ခန့်မှန်းထားပါတယ်။

### ကာကွယ်ဆေးမထိုးတဲ့သူတွေ ပိုမိုသေဆုံးမှုများ

အမေရိကန်နိုင်ငံသား ၄၂၀ မှာ တစ်ယောက်ဟာ ကိုဗစ်-၁၉ ကြောင့် သေဆုံးခဲ့ပြီး အမေရိကန်ပြည်ထောင်စုမှာ တစ်နေ့ကို လူပေါင်းပျမ်းမျှ ၁၀၀၀ ကျော် သေဆုံးခဲ့တယ်လို့ ဝါရှင်တန် ပို့စ်ရဲ့ ကိုဗစ်-၁၉ နဲ့ ပတ်သက်တဲ့ ခွဲခြမ်းစိတ်ဖြာ ရေးသားထားတဲ့ ဆောင်းပါးတစ်ခုမှာ ဖော်ပြခဲ့ပါတယ်။ ကိုဗစ်-၁၉ ဖြင့် သေဆုံးနှုန်းဟာ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံထားတဲ့ ဒေသအများစုမှာ ပျမ်းမျှအောက်ထက် လျော့နည်းနေပါတယ်။

ကာကွယ်ဆေးထိုးနှံမှုနည်းတဲ့ ဒေသအများစုရဲ့ သေဆုံးမှုဟာ ကာကွယ်ဆေးထိုးနှံမှုများတဲ့ ဒေသအများစုရဲ့ သေဆုံးမှုထက် ပိုများပါတယ်။ ၅၀ ရာခိုင်နှုန်းထက် ပိုမိုမြင့်မားပါတယ်လို့ ဆောင်းပါးမှာ ဖော်ပြထားပါတယ်။

### ကိုဗစ်နဲ့ပတ်သက်တဲ့ အချက်အလက်တွေကို စုစည်း

ကမ္ဘာတစ်ဝန်းမှာရှိတဲ့ သုတေသီတွေဟာ ကိုဗစ်-၁၉ နဲ့ပတ်သက်တဲ့ အချက်အလက်တွေကို စုစည်းနေပါတယ်။ အစောပိုင်းရရှိထားတဲ့ သက်သေအထောက်အထားတွေနဲ့ လက်ရှိ ကိုဗစ်-၁၉ နဲ့သက်ဆိုင်တဲ့ ဗဟုသုတကို စုစည်းပြီး ဗီဇပြောင်း မျိုးစိတ်သစ်ကို အကောင်းဆုံး နားလည်ဖို့ကြိုးစားနေကြပါတယ်။

သီတင်းပတ်နှစ်ပတ်မပြည့်ခင်မှာပဲ ကမ္ဘာလုံးဆိုင်ရာ ကြိုးစားအားထုတ်မှုကြောင့် အဲဒီသဲလွန်စ အချက်အလက်တွေကနေ ကျွမ်းကျင်သူတွေကို ဗီဇပြောင်းမျိုးစိတ်ရဲ့ ခြိမ်းခြောက်နိုင်မှုတွေကို ရိပ်ခနဲ တွေ့မြင်စေခဲ့တယ်လို့ ယူအက်စ်အေတူဒေးမှာ စနေနေ့က ဖော်ပြခဲ့ပါတယ်။

### ကာကွယ်ဆေးက ပြင်းထန်တဲ့ ရောဂါ ကူးစက်ဖြစ်ပွားမှုကို ကာကွယ်နိုင်

အခုချိန်ထိ အများစုက ကာကွယ်ဆေးတွေဟာ ပြင်းထန်တဲ့ ရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ခြေရှိတယ်လို့ လက်ခံထားပါတယ်။ သို့သော်လည်း ဗီဇပြောင်းမျိုးစိတ်သစ်ဟာ ကူးစက်နိုင်မှု အစွမ်းသတ္တိမြင့်မားစေပါတယ်။ ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့် ထိုးထားပြီးတဲ့သူတွေသာမက အရင်က ကိုဗစ်-၁၉ ဖြစ်ဖူးတဲ့ သူတွေကိုပါ ကူးစက်ပျံ့နှံ့စေပါတယ်။ အခုဒီမျိုးစိတ်သစ်ဟာ တောင်အာဖရိကမှာ ကူးစက်ပေါက်ပွားနေပြီဖြစ်ပါတယ်။ ထို့အတူ နိုင်ငံပေါင်းများစွာကို ပျံ့နှံ့နေပြီဖြစ်ပါတယ်။

### လျင်မြန်စွာကူးစက်မှုတွေဖြစ်ပွားလာ

တောင်အာဖရိမှာ လျင်မြန်စွာ တဖြည်းဖြည်း တိုးလာတဲ့ ဗီဇပြောင်း မျိုးစိတ်သစ်ကူးစက်ဖြစ်ပွားမှုဟာ ကျွမ်းကျင်သူတွေအစောပိုင်း စိုးရိမ်ထားသလိုမျိုး လျင်မြန်စွာကူးစက်ဖြစ်ပွားမှုတွေ ဖြစ်လာပြီဖြစ်ပါတယ်။

ဒါဟာစိုးရိမ်စရာ အကောင်းဆုံး အခြေအနေဖြစ်ပြီး အခုတော့ ဒါကိုတွေ့နေရပြီလို့ ဟားဗတ်ဆေးဘက်ဆိုင်ရာကျောင်းရဲ့ ရောဂါပြီး ပညာဆိုင်ရာ ပါမောက္ခ ရော်ဂျာရှာပီရိုက ပြောပါတယ်။

### ကျန်းမာရေးစနစ်ကို ဝန်ပိစေ

တိုးလာတဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေနဲ့ ကျန်းမာရေးဝန်ထမ်း ပြတ်တောက်မှုတွေဟာ ဆေးရုံတွေနဲ့ သက်ကြီးစောင့်ရှောက်ရေးဂေဟာတွေကို သူတို့ရဲ့ လုပ်ကိုင်နိုင်စွမ်းတွေကို ကျော်လွန်ပြီး အခက်တွေ့စေပါတယ်။ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုရဲ့ နယူးယောက်မှာဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ ပြည်နယ်အတော်များများမှာရှိတဲ့ ကျန်းမာရေးစနစ်မှာ အကျပ်တွေ့စေပါတယ်။

ဒယ်လ်တာကိုဗစ်လှိုင်းဂယက် အမေရိကန်ပြည်ထောင်စု တစ်ခုလုံးကို စတင်ရိုက်ခတ်ကတည်းက အမေရိကန်ပြည်ထောင်စုရဲ့ ကိုဗစ်-၁၉ နဲ့ ဆေးရုံတက်ရောက် ကုသမှုတွေဟာလည်း တိုးလာပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ထမ်းထောင်ပေါင်းများစွာလည်း အလုပ်ကထွက်ကုန်ကြပါတယ်။

### မသေချာမှုတွေဖြစ်စေ


ကိုဗစ်-၁၉ လူနာကများ၊ ဆေးဝန်ထမ်းကနည်းတဲ့အတွက် မနိုင်ဝန်တွေလည်းရှိနေပါတယ်လို့ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့တွေက ပြောပါတယ်။

ဂူဂဲလ်ကလည်း အလုပ်ပြန်တက်ရမယ့်နေ့ကို ပြန်ပြီးသတ်သတ်မှတ်မှတ်နဲ့ မကြေညာသေးပါဘူး။ တခြားအမေရိကန်မှာရှိတဲ့ ရုံးတွေ အပြည့်အဝ နီးပါး ပြန်လည်ဖွင့်လှစ်နိုင်မယ့်အချိန်ကို စောင့်ဆိုင်းနေပုံရှိပါတယ်။ မကြာသေးမီက အမေရိကန် ဂူဂဲလ် အလုပ်သမား ၄၀ ရာခိုင်နှုန်းလောက် အလှည့်ကျနဲ့ အလုပ်လုပ်နေကြပါတယ်။

အိုမီခရွန်ဗီဇပြောင်းမျိုးစိတ်သစ်ရဲ့ အန္တရာယ်ကြောင့် မသေချာမှုတွေဖြစ်နေတဲ့အတွက် အလုပ်ရှင်တွေအတွက်လည်း ယုံကြည်ချက်ရှိရှိနဲ့ အလုပ်ပြန်လည်စတင်မယ့်ရက်ကို သတ်မှတ်လို့ မရနိုင်သေးပါဘူး။ အမေရိကန်မှာရှိတဲ့ အလုပ်တွေ အတော်များများလည်း အဝေးက အလုပ်လုပ်တဲ့ ပုံစံကို ပြန်လည်ကျင့်သုံးရဦးမှာဖြစ်ပါတယ်။

ကြောက်စရာကောင်းပြီး ကူးစက်မှုမြန်တဲ့ ဒီအိုမီခရွန် ဗီဇပြောင်းမျိုးစိတ်သစ်ဟာ အခုဆိုရင် တောင်အာဖရိမှတစ်ဆင့် အမေရိကန်ကို ကူးစက်ပျံ့နှံ့ရုံတင်မကပါဘူး။ ကမ္ဘာတစ်ဝန်းကိုလည်း လျင်မြန်တဲ့နှုန်းနဲ့ ကူးစက်ပျံ့နှံ့ဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးက ဒီအိုမီခရွန် ဗိုင်းရပ်စ်သစ် ကူးစက်ပျံ့နှံ့မှုကို အဘက်ဘက်က တားဆီးနေကြပြီဖြစ်ပါတယ်။

**ကိုးကား - ဆင်ဟွာ**



အမေရိကန်ပြည်ထောင်စု နယူးယောက်ရှိ စတော့အိတ်ချ်ချိန်းရုံးရှေ့၌ ပါးစပ်နှာခေါင်းစည်း တပ်ဆင်သွားလာနေသူတစ်ဦးကို တွေ့ရစဉ်။

# ဆိပ်ကြီးခနောင်တိုမြို့နယ်၌ ဒေသခံ ခရီးသွားပြည်သူများအား ပါးစပ်နှင့် နှာခေါင်းစည်း အခုရေ ၂၀၀၀ အခမဲ့ဖြန့်ဝေ

**ဆိပ်ကြီးခနောင်တို ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်၌ လတ်တလောတွင် ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာများတွေ့ရှိမှု မရှိသော်လည်း ရောဂါကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့ ညနေ ၄ နာရီက မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီမှ ဦးဆောင်၍ ခရီးသွားဒေသခံပြည်သူများအား ပါးစပ်နှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

ထိုသို့ ဖြန့်ဝေပေးရာတွင် မြို့နယ်ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင် ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီသူနာပြု တပ်ဖွဲ့ဝင်များနှင့် လူမှုရေးပရဟိတ အဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ လူစည်ကားရာနေရာများဖြစ်သည့် စက်တပ်ရေယာဉ်(သမ္ဗန်ဆိပ်)၊ ဆိုက်ကားဂိတ်၊ ဆိုင်ကယ်ကယ်ရီဂိတ်တို့တွင် ပါးစပ်နှင့် နှာခေါင်းစည်း Mask အခုရေ ၂၀၀၀ အား ခရီးသွားပြည်သူများ လက်ဝယ်အရောက် အခမဲ့ဖြန့်ဝေပေးပြီး ကိုဗစ်-၁၉ ရောဂါကြိုတင် ကာကွယ်၊ ထိန်းချုပ်ရေး နည်းလမ်းများကိုလည်း အသိပညာပေး ပြောကြားကြောင်း သိရသည်။

**ဝေယံ(IPRD)**



---

❖ *ကျောဖုံးမှ*

မန်ယူ အသင်းအနေဖြင့် အဆိုပါ စကော့တန် ကစားသမားဂျွန်မက်ဂင်ကို ခေါ်ယူမည်ဆိုပါက ပေါင်သန်း ၅၀ ကျော် ကုန်ကျဖွယ်ရှိသည်။

မန်ယူ ဂန္ထဝင်နည်းပြ ဟောင်း ဆာအဲလက်စ်ဖာဂူဆန်အနေဖြင့် ဂျွန်မက်ဂင်၏ခြေစွမ်းကိုကြိုက်နှစ်သက်သူဖြစ်ကြောင်း ထုတ်ဖော်ပြောကြားထားသလို အိုးထရက်ဖို့ဒ်သို့ ယာယီနည်းပြအဖြစ် ရောက်ရှိလာသည့် ရန်းနစ်ခ်ကလည်း အဆိုပါ ကွင်းလယ်ကစားသမားကို ခေါ်ယူရန် ချဉ်းကပ် လုပ်ဆောင်နေသည့် အပြောင်းအရွှေ့မှာ ဖြစ်မြောက်လာဖွယ်ရှိသည်။ ရန်းနစ်ခ်သည် မန်ယူအသင်းသို့ ပြီးခဲ့သည့် တနင်္လာနေ့တွင် ယာယီနည်းပြအဖြစ် ရာသီကုန်အထိ ခန့်အပ်ခြင်းခံရသူဖြစ်သည်။ ရန်းနစ်ခ်သည် ရာသီကုန်ဆုံးချိန်တွင်လည်း အိုးထရက်ဖို့ဒ်၌ အကြံပေး ပုဂ္ဂိုလ်အဖြစ် ဆက်လက်လုပ်ကိုင် သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂျာမန်လူမျိုးနည်းပြသည် ပြိုင်ဘက်ကို ဖိအားပေးသည့် ကစားဟန်ဖြင့် ကျော်ကြားသူဖြစ်ပြီး မန်ယူ အသင်းတွင်လည်း အဆိုပါ ကစားဟန်ကို ပုံဖော်ရန် ကြိုးစားနေသူဖြစ်သည်။ မန်ယူအသင်းကို ၎င်းတာဝန်ယူ ကိုင်တွယ်သည့် ပထမဆုံးပွဲစဉ်အဖြစ် ခရစ္စတယ် ပဲလေ့စ်အသင်းတွင် အဆိုပါ ကစားဟန်ကို အသုံးပြုခဲ့ပြီး ဖရက်၏ တစ်လုံးတည်းသော ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် ရန်းနစ်သည် ဂွန်မက်ဂင်ကို ၎င်း၏ ကစားဟန်နှင့် အံဝင်မည့် ကစားသမားအဖြစ်ယူဆကာ အသင်းသို့ ခေါ်ယူနေခြင်းလည်း ဖြစ်သည်။

အသက် ၂၇ နှစ်ရှိ ဂျွန်မက်ဂင်သည် ၂၀၁၈ ခုနှစ်တွင် ပေါင်နှစ်သန်းဝန်းကျင်ဖြင့် အက်စ်တွန်ဗီလာအသင်းသို့ ရောက်ရှိလာသူဖြစ်ပြီး ပြိုင်ပွဲစုံ ၁၂၄ ပွဲပါဝင်ကစားထားကာ သွင်းဂိုး ၁၆ ဂိုးနှင့်အတူ ဂိုးဖန်တီးမှု အကြိမ် ၂၀ ပြုလုပ်ပေးထားနိုင်သူ ဖြစ်သည်။

မန်ယူ အသင်းသည် လာမည့်ရာသီတွင် ဂျက်ဆီလင်ဂတ်၊ ဗန်ဒီဘိခ်တို့ အပါအဝင်ကွင်းလယ်ကစားသမားအများအပြား ဆုံးရှုံးရနိုင်ဖွယ်ရှိသည်။ ထို့ကြောင့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် လိုက်ပ်ဇစ်ကွင်းလယ် ကစားသမား ဟိုင်ဒါရာသည် ရန်းနစ်ခ်၏ ပထမဆုံးခေါ်ယူမည့် ကစားသမားဖြစ်လာဖွယ်ရှိနေသည်။ ထို့အပြင် ရိုက်စ်နှင့် ဖီးလစ်တို့ကိုလည်း ခေါ်ယူရန် ပစ်မှတ်ထားနေသည်။

**အောင်ဇော်**

---

## ပညာရှင်များ အလိုရှိသည်

ပလာစတာပန်းပု၊ ကွန်ကရစ်ပန်းပု၊ ဖိုင်ဘာပန်းပု ကျွမ်းကျင်သော ပညာရှင်များ အလိုရှိသည်။ လစာကောင်းပေးမည်။ နေစရာ စီစဉ်ပေးမည်။

**ဆက်သွယ်ရန်ဖုန်း-09 5178979, 09 43022828**

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ စကုမြို့ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မောင်ဇေသုတ၊ ကျောက်စစ်ပုံကျေးရွာ အလက ဆဋ္ဌမတန်းမှ မောင်ခန့်လေးနိုင်နှင့် ဒုတိယတန်းမှ မောင်ခန့်ညီနိုင်တို့၏ ဖခင် ဦးမောင်နိုင်၏ အမည်မှန်မှာ ဦးမောင်မောင်နိုင် ၈/မဘန(နိုင်) ဝ၆၂၉၅၅ ဖြစ်ပါကြောင်း။

**ဦးမောင်မောင်နိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပေါင်းတည်မြို့နယ်၊ ကျောင်းတော်ရာကျေးရွာအုပ်စု၊ ကျီးမနိုးရွာနေ ဦးအေးထွန်း၏သား ဦးဝင်းနိုင်(ခ) ဦးဝင်းနိုင်မြင့် ၇/ပတတ(နိုင်)၀၄၅၃၁၈ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ အထက(၂) ဒသမတန်း(C)မှ မောင်ဝေယံဦး နှင့် စတုတ္ထတန်း(B)မှ မချိုသဇင်တို့၏ ဖခင်အမည်မှန်မှာ ဦးမင်းဦး(ခ)ဦးဇော်မင်းဦး ၁/ရကန(နိုင်)၀၂၃၀၀မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာချက်

၁။ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးလမ်း၊ မြေကွက်အမှတ် (၂၄၂/ခမှ ၂၅၄/ခထိ)ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် Excel International Construction Co., Ltd တို့အကျိုးတူ ဆောင်ရွက်သော မြို့ပြအိမ်ရာစီမံကိန်းဖြစ်သည့် (၁၀)ခန်းတွဲ Basement+ (၇½)ထပ်တိုက် အဆောက်အဦဆောက်လုပ်ရန် လိုင်စင်ရကန်ထရိုက်တာ ဦးခွန်နောင်မြင့်ဝေ (LC-801)ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ (၆-၁၀-၂၀၁၆) ရက်စွဲပါစာအမှတ်၊၁၃၄၈/၁၃၃၉/စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့်ပြုထားခြင်း ဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ ၁၀ခန်းတွဲ Basement + (၇½)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ခွင့်တွင် မူလလိုင်စင်ရကန်ထရိုက်တာ ဦးခွန်နောင်မြင့်ဝေ (LC-801) အစား လိုင်စင်ရကန်ထရိုက်တာ ဦးကျော်ကျော်နိုင် (LC-1204) သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် အကျိုးတူဆောင်ရွက်သော Excel International Construction Co., Ltd နှင့် လိုင်စင်ရကန်ထရိုက်တာ (၂)ဦးတို့မှ အင်ဂျင်နီယာဌာန (အဆောက်အအုံ) သို့ တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့် နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ သုံးတောင်ကျေးရွာအုပ်စု၊ သုံးတောင်ကျေးရွာ၊ ရတနာပုံမြို့သစ် ကိုယ်ပိုင်အိမ်ရာစီမံကိန်း(မြောက်ပိုင်း)၊ မြေကွက်အမှတ် (A-1/9)၊ မြေဧရိယာ(၁၀၀x၁၂၀)ပေရှိ မြေနှင့် ၎င်းမြေပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် အပိုင်ရောင်းသူ ဒေါ်မမလေး ၁၃/တကန(နိုင်) ၀၈၀ ၃၆၅မှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

| ဦးအောင်ကုဋ္ဌေထွန်း(LL.B) | ဒေါ်နှင်းသန္တာဖြူ(LL.B) | ဒေါ်မေမြတ်နိုး(LL.B) |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၁၇၁၂) | (စဉ်-၁၁၆၇၆) | (စဉ်၁၆၉၇၂) |

အမှတ်(၂၅၀)၊ ပြည်တော်သာ(၅)လမ်း၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၄၀၂၆၁၇၂၂၁၊ ၀၉-၄၃၁၇၂၀၄၅

# စာပေမြင့်မှ လူမျိုးတင့်မည်

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ စကုမြို့ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မအိအိစံ၏ ဖခင် ဦးဆန်းဦး၏ အမည်မှန်မှာ ဦးစန်းဦး ၈/မဘန(နိုင်) ၀၈၄၆၃၈ဖြစ်ပါကြောင်း။

**ဦးစန်းဦး**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန လျှောက်လွှာခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၂၁၆၀၀၀-၂၀၀၀- ၂၂၆၀၀၀) အငယ်တန်းအင်ဂျင်နီယာ-၂ ရာထူး၊ လစာနှုန်းကျပ် (၁၈၀၀၀၀-၂၀၀၀- ၁၉၀၀၀၀) စက်မှုကျွမ်းကျင်(၄) ရာထူးနှင့် လစာနှုန်းကျပ် (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) ရုံးအကူ(စာပို့) ရာထူးနေရာများအတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | လျှောက်ထားနိုင်သည့်ရာထူး | ပညာအရည်အချင်း | လစ်လပ်နေရာ |
|---|---|---|---|
| (က) | အငယ်တန်းအင်ဂျင်နီယာ-၂ | အင်ဂျင်နီယာဘွဲ့(သို့မဟုတ်) နည်းပညာဘွဲ့တစ်ခုခုရရှိသူ ဖြစ်ရမည်။ | ၅ နေရာ |
| (ခ) | စက်မှုကျွမ်းကျင်-၄ | အင်ဂျင်နီယာဘွဲ့(သို့မဟုတ်) နည်းပညာဘွဲ့တစ်ခုခုရရှိသူ ဖြစ်ရမည်။ | ၁၄ နေရာ |
| (ဂ) | ရုံးအကူ(စာပို့) | အခြေခံအလယ်တန်းအထိ တက်ရောက်ခဲ့သူဖြစ်ရမည်။ | ၃ နေရာ |

၂။ လျှောက်ထားလိုသူများသည် -
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) (၃၁-၁၁-၂၀၂၁)ရက်နေ့တွင် အသက်(၃၀) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၃၅) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
- (ဃ) ရွေးချယ်ခြင်းခံရပါက ဌာနတွင် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (င) အစိုးရဝန်ထမ်းများအတွက် တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရပြီး ဌာနဆိုင်ရာအသိအမှတ်ပြု ဘာသာရပ်ဆိုင်ရာ သင်တန်းတက်ရောက်ပြီးသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါ စာရွက်စာတမ်းများ ပူးတွဲပါရှိရမည် -
- (က) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံ (ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးရမည်။)
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)
- (ဂ) ပညာအရည်အချင်းအတွက် အထောက်အထားမိတ္တူ(ဘွဲ့လက်မှတ်၊ ဆယ်တန်းအောင်လက်မှတ်) (ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)
- (ဃ) ပြင်ပ ပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြား မူရင်း/မိတ္တူ (အလုပ်သမားရုံးအမည်ပါဝင်ရမည်)
- (င) ကျန်းမာရေးကောင်းမွန်ကြောင်း ကျန်းမာရေးဦးစီးဌာန၏ ဆေးစစ်ဆေးချက်မူရင်း
- (စ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
- (ဆ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ နယ်မြေရဲတပ်ဖွဲ့၏ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်မူရင်း (တစ်လအတွင်း ထောက်ခံချက်)
- (ဇ) ဝင်ကြေးငွေကျပ် ၁၀၀၀ ပေးသွင်းထားသည့် ချလန်မူရင်း

၄။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀(တစ်ထောင်တိတိ)ကို နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသည့် ညွှန်ကြားရေးမှူးချုပ်၊ သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ငွေစာရင်းအမှတ် MD-013318 သို့ ပေးသွင်းရမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာတွင်ပါရှိသော အချက်အလက်များကို ပြည့်စုံစွာဖော်ပြ၍ လျှောက်လွှာများကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၂)၊ နေပြည်တော်သို့ လိပ်မူ၍ အမြန်အချောပို့/ စာတိုက်မှတစ်ဆင့် (၇-၁-၂၀၂၂) ရက်နေ့၊ ရုံးချိန်အတွင်း (၁၆:၀၀) နာရီနောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။ (လျှောက်လွှာပုံစံများကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.motc.gov.mm) တွင် download ရယူနိုင်ပါသည်။

၆။ လျှောက်လွှာနှင့်စပ်လျဉ်း၍ လျှောက်လွှာလက်ခံရန် သတ်မှတ်ထားသောရက်ထက် နောက်ကျ ရောက်ရှိလာခြင်းနှင့် စာရွက်စာတမ်းပြည့်စုံခြင်းမရှိပါက အဆိုပါ လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ လျှောက်ထားသူများသည် မြန်မာစာ၊ အထွေထွေဗဟုသုတနှင့် အင်္ဂလိပ်စာဘာသာရပ်များ ပါဝင်သော အရည်အချင်းစစ်ရေးဖြေစာမေးပွဲ(၂)နာရီမေးခွန်းဖြေဆိုရမည်ဖြစ်ပြီး၊ ရေးဖြေစာမေးပွဲ အောင်မြင်သူများကို လူတွေ့စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားထုတ်ယူရမည့် ရက်နှင့် ရေးဖြေစာမေးပွဲကျင်းပမည့် ရက်စွဲ၊ အချိန်၊ နေရာ ၊ စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းနှင့် ခုံနံပါတ် တို့ကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.motc.gov.mm တွင် ကြေငြာပေးသွားမည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂)၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန (ရုံးချုပ်)၊ စီမံရေးရာ ဌာနစိတ်၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ် (၀၆၇-၃၄၀၇၇၁၅၊ ၀၆၇-၃၄၀၇၀၄၁) တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန**

---

# လာမည့်နှစ်တွင် ယှဉ်ပြိုင်ရမည့်ပြိုင်ပွဲများအတွက် မြန်မာ ယူ-၂၂ အသင်း မကြာမီလေ့ကျင့်ပြင်ဆင်မည်

**ရန်ကုန် ဒီဇင်ဘာ ၆**

မြန်မာ ယူ-၂၂ အမျိုးသားအသင်းသည် လာမည့်နှစ်တွင် ကျင်းပမည် နိုင်ငံတကာ ပြိုင်ပွဲများအတွက် မကြာမီလေ့ကျင့်ပြင်ဆင်သွားမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် လာမည့်နှစ်တွင် အာဆီယံ ယူ-၂၂ ပြိုင်ပွဲနှင့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ (အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ) အတွက် ဇန်နဝါရီလဆန်းပိုင်းတွင် စတင်ပြင်ဆင်သွားမည် ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းယှဉ်ပြိုင်မည့် အာဆီယံ ယူ-၂၂ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၆ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၊ (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို မေလလယ်တွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်ချိန် လေးလကျော်ရရှိမည်ဖြစ်ပြီး အာဆီယံ ယူ-၂၂ ပြိုင်ပွဲကို ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် အောက်တိုဘာ ၂၇ ရက် မှ နိုဝင်ဘာ ၂ ရက်အထိကျင်းပခဲ့သည့် ၂၀၂၂ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ ယှဉ်ပြိုင်ပွဲအပြီးတွင် လေ့ကျင့်မှု ရပ်နားထားခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ်အဖြစ် ဘူဂေးရီးယားနိုင်ငံသား ပိုပေ့ါဗ်က ဆက်လက်ကိုင်တွယ်မည်ဖြစ်ပြီး အာရှဖလား ခြေစစ်ပွဲယှဉ်ပြိုင်ခဲ့သည့် ယူ-၂၃ အသင်းမှ အသက်မီသည့် ကစားသမားများကို အခြေခံကာ ပြန်လည်ဖွဲ့စည်းသွားမည် ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းထားသည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ထိုက်သင့်သည့်အောင်မြင်မှုရယူနိုင်ရန် အချိန်ယူပြင်ဆင်သွားမည်ဖြစ်ပြီး ပြိုင်ပွဲအကြိုပြင်ဆင်မှုများစွာ ပြုလုပ်သွားမည်ဖြစ်သည်။

**ရဲရင့်လွင်**

## စော်ဘွားလေးဗိုလ်ဗိုလ်မောင် ဘလိတ်ဓားသွားဆူးကြိုး၊ အိမ်ဆောက်ပစ္စည်းများနှင့်စပ်လျဉ်း၍ ပြေစာအတုများ ပြုလုပ်လိမ်လည် အလွဲသုံးစားပြုလုပ်နေမှုများအား အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၃၄/A၊ စော်ဘွားလေးဗိုလ်ဗိုလ်မောင် ၁၂/ပဘတ(နိုင်)၀၂၅၅၀၈ ဘလိတ်ဓားသွားဆူးကြိုး ကုန်အမှတ်တံဆိပ် လုပ်ငန်းရှင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

စော်ဘွားလေးဗိုလ်ဗိုလ်မောင် မူပိုင်ကုန်အမှတ်တံဆိပ်၊ အမည်အမှတ်အသားဖြင့် ဘလိတ်ဓားသွားဆူးကြိုးနှင့် အိမ်ဆောက်ပစ္စည်းများကို လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ကောင်းသောဂုဏ်သတင်းဖြင့် ရိုးသားစွာ ရောင်းဝယ်လုပ်ကိုင်ခဲ့သဖြင့် အများပြည်သူ၏ ယုံကြည်စိတ်ချစွာအားပေးမှုကြောင့် အောင်မြင်ကျော်ကြားခဲ့ပါသည်။

ယခုအခါ မသမာသူအချို့က မရိုးမဖြောင့်သောသဘောဖြင့် စော်ဘွားလေးဗိုလ်ဗိုလ်မောင် ကုမ္ပဏီပြေစာနှင့် စာရွက်စာတမ်းများကို အတုပြုလုပ်၍ လိမ်လည် အလွဲသုံးစားပြုလုပ်ပြီး စော်ဘွားလေးဗိုလ်ဗိုလ်မောင် ကုမ္ပဏီမှ အရောင်းဝန်ထမ်းဟန်ဆောင်လျက် လှည့်ဖြား စည်းရုံးပြောဆိုကာ ကုန်ပစ္စည်းများ လိမ်လည်ရောင်းချနေကြောင်း အထောက်အထားများ ရမိထားပါသည်။ မသင်းသင်းမာ(ဘ)ဦးခင်အေး ၁၂/ဒဂန(နိုင်)၀၀၄၀၃၁၊ အမှတ် ၁/၈၅၅၊ ထိပ်တင်မှတ်(၂)လမ်း၊ အရှေ့ဒဂုံမြို့နယ်တွင်နေထိုင်သူသည် စော်ဘွားလေးဗိုလ်ဗိုလ်မောင် ကုမ္ပဏီလီမိတက် အမည်ပါ ၎င်း၏လက်ကိုင်ဖုန်းနံပါတ်၀၉-၂၆၇၇၆၆၂၈၊ ၀၉-၇၇၀၇၈၈၄၃၅ တို့ကို ဖော်ပြထားသည့် လိမ်လည်အတု ပြုလုပ်ထားသော ပြေစာများဖြင့် အခြားဘလိတ်ဓား သွားဆူးကြိုးများကို လိမ်လည်ရောင်းချနေသည့်အပြင် သံဆူးကြိုးတပ်ဆင်သည့် အလုပ်သမားအချို့ကလည်း စော်ဘွားလေးဗိုလ်ဗိုလ်မောင် ဘလိတ်ဓားသွားဆူးကြိုးမဟုတ်မှန်း သိပါလျက် ပစ္စည်းအတုများကို လိမ်လည်တပ်ဆင်ပေးနေကြောင်း ဖော်ထုတ်တွေ့ရှိရသဖြင့် အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ စော်ဘွားလေးဗိုလ်ဗိုလ်မောင် မိတ်ဟောင်း၊ မိတ်သစ်များသည် ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၃၄/A စော်ဘွားလေးဗိုလ်ဗိုလ်မောင် ကုမ္ပဏီအရောင်းဆိုင်နှင့် ဖုန်းနံပါတ် ၀၉-၅၀၀၈၁၆၁ သို့ တိုက်ရိုက်ဆက်သွယ်မှာကြား ဝယ်ယူအားပေးကြပါရန်နှင့် အတုပြုလုပ်လိမ်လည်အလွဲသုံးစားပြုမှုများကို ထပ်မံဖော်ထုတ်ပြီး တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေး ကြေညာအပ်ပါသည်။

ဒေါ်လီလီဖြိုး
အထက်တန်းရှေ့နေ(စဉ်-၄၇၁၂၅)

ဦးအုန်းမောင်(ရန်ကင်း)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၈၁၈)

အမှတ် ၄၈၈(မြေညီထပ်)၊ သိမ်ဖြူလမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၂၅၄၃၈၃၂၅၇၊ ၀၉-၇၉၉၉၀၆၉၀၃

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်(၁၉)၊ မာလာမြိုင်(၄)လမ်း၊ အမှတ်(၉၉၈/က)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊မြေကွက်အမှတ်(၉၉၈/က)၊ မြေဧရိယာ ၀ဒသမ ၀၂၇ ဧကရှိ ၁၉၉၄ခုနှစ်၊ မြေငှားအမှုတွဲအမှတ် ဒဂတ/၁၉/၅၀၆/၉၄ဖြင့် ထုတ်ပေးသည့်မြေငှားစာချုပ်ပါ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် လူနေအိမ်တစ်လုံးအပါအဝင် ဆက်နွှယ်နေသည့်အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသူဖြစ်သည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်ကြည်ပြာစိုး ၁၂/ဥကတ(နိုင်)၁၆၈၉၈၀ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ခင်ဆွေသန်း (ခ) ဒေါ်ခင်မာကြည် ၁၂/သကတ(နိုင်)၀၆၉၇၂၅ ကအပြီးအပိုင်ဝယ်ယူရန် သဘောတူညီ၍ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မူရင်းအထောက်အထားစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နှင်းအိဇာ(LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၂၇)
အခန်း-၄၀၄၊ တိုက်၂၃၊ အင်းဝအိမ်ရာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၅၁၅၁၂၀၈၀

## အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပေါင်းလောင်း(၁)ရပ်ကွက်၊ ပေါင်းလောင်း (၄)လမ်းနေ ကျွန်မ၏မိတ်ဆွေ ဒေါ်နွေနွယ်စိုးဝင်း ၉/ပမန(နိုင်)၁၅၁၄၈၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်မမိတ်ဆွေ ဒေါ်နွေနွယ်စိုးဝင်းနှင့် နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပေါင်းလောင်း(၄)လမ်းနေ ဦးသန်းထွဋ်လှိုင် ၉/ပမန(နိုင်)၁၄၅၆၈၄ တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့၍ ဆက်လက်ပေါင်းသင်းရန် ဆန္ဒတစ်စုံတစ်ရာမရှိတော့ပါသောကြောင့် လွန်ခဲ့သော ၂၁-၂-၂၀၁၉ ရက်က နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်အား အသိသက်သေလူကြီးမင်းများ ရှေ့မှောက်၌ လက်မှတ်ရေးထိုး၍ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ နောက်နောင်တွင် ဦးသန်းထွဋ်လှိုင်နှင့် ကျွန်မမိတ်ဆွေ ဒေါ်နွေနွယ်စိုးဝင်းတို့မှာ မည်သို့မျှပတ်သက်ဆက်နွယ်မှုမရှိတော့ ကြောင်း ဦးသန်းထွဋ်လှိုင်နှင့်ပတ်သက်သည့်ကိစ္စအဝဝမှန်သမျှ ကျွန်မမိတ်ဆွေ ဒေါ်နွေနွယ်စိုးဝင်းနှင့် လုံးဝ(လုံးဝ)သက်ဆိုင်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စိုးမြတ်ဖြူ(LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၀၅၀၂)
အမှတ်(၁၀၅)၊ ဂန္ဓမာလမ်း၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်
ဖုန်း-၀၉-၂၅၁၀၀၆၆၁၆

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
## ၂၀၂၁ ခုနှစ် တရားမအထွေထွေမှုအမှတ် - ၆၈

**ကွယ်လွန်သူ ဒေါ်စိန်မြ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

ဒေါ်ခင်မြစိန် — လျှောက်ထားသူ

အမှတ်(၄၈၆)၊ ဇာနည်(၁၄)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်ခင်မြစိန်ကကွယ်လွန်သူ ဒေါ်စိန်မြ၏ တူမအရင်းဖြစ်သည်ဟူ၍ အထက်နေရပ်လိပ်စာနေ ကွယ်လွန်သူ ဒေါ်စိန်မြ၏ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ခင်မြစိန်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၇)ရက် (၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်) နံနက်(၁၀)နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားပြီး ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်စိန်မြ၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် လာရောက်ဆိုင်ဆိုရန်သင့်လျော်သည်ဟု ထင်မြင်လျှင်ဆိုခဲ့သော ၂၀၂၂ခုနှစ်၊ ဇန်နဝါရီ (၇) ရက် (၁၃၈၃ ခုနှစ် ပြာသိုလဆန်း ၆ ရက်) နံနက်(၁၀)နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၁၈နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ခင်မြစိန်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၁ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စုစန္ဒာဝင်း)
တွဲဖက်ခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

## ကြွေးကျန်များ အမြန်ဆုံးပေးဆပ်ရန် အသိပေးကြေညာခြင်း

ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်တွင် တင်ဒါချေးငွေများရယူခဲ့သော အောက်ဖော်ပြပါ ကုမ္ပဏီများသည် ဘဏ်သို့ချေးငွေများ ပေးဆပ်ရန် ကာလကြာရှည်ပျက်ကွက်လျက်ရှိနေပါသည်-

ဘဏ်၏ချေးငွေစည်းကမ်းချက်များအားလူကြီးမင်းတို့မှ လိုက်နာရန်ပျက်ကွက်ခဲ့ခြင်းနှင့်ချေးငွေကြွေးကျန်များပေးဆပ်ရန် ကာလကျော်လွန်ခဲ့ခြင်းများအပေါ် ဘဏ်မှအကြိမ်ကြိမ်ညှိနှိုင်းစောင့်ဆိုင်းပေးခဲ့သော်လည်းလူကြီးမင်းတို့မှ ဝန်ခံကတိများကို အကြိမ်ကြိမ်ဖောက်ဖျက်ခဲ့၍ ကြွေးကျန်များပေးဆပ်ရန် ဆက်လက်ပျက်ကွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ တင်ဒါချေးငွေကြွေးကျန်ကုမ္ပဏီများနှင့်သက်ဆိုင်သော ပုဂ္ဂိုလ်များသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ၂၁ရက်အတွင်း ချေးငွေကြွေးကျန်များကို ဘဏ်သို့ ပြေကြေစွာပေးဆပ်ပါရန်နှင့်ပျက်ကွက်ပါက ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်-

| စဉ် | ဘဏ်ခွဲအမည် | ကုမ္ပဏီအမည် | ကုမ္ပဏီဒါရိုက်တာအဖွဲ့ အမည်၊ ရာထူး | မှတ်ပုံတင်အမှတ် | ချေးငွေကြွေးကျန် ကျပ်သန်း |
|---|---|---|---|---|---|
| ၁။ | နေပြည်တော် | Golden Time Co.,Ltd | ဦးအောင်ကိုလတ်(MD)<br>ဦးထူးဝေမင်း(Director)<br>ဦးရဲနိုင်ထွန်း(Director) | ၁၂/အစန(နိုင်)၁၆၈၁၈၆<br>၁၃/ကလန(နိုင်) ၀၆၂၅၃၄<br>၈/မထန(နိုင်) ၀၉၉၄၃၀ | ၆၇၁.၆၆ |
| ၂။ | နေပြည်တော် | ဂန္ဓဝင်မေကုမ္ပဏီ | ဒေါ်မေလွန်းမောင်(MD)<br>ဦးကျော်သူရဝင်း(Director)<br>ဦးရဲနိုင်ထွန်း(Director) | ၃/ကကရ(နိုင်)၁၁၃၆၄၂<br>၁/မကန(နိုင်)၀၀၄၃၂၇<br>၈/မထန(နိုင်)၀၉၉၄၃၀ | ၁၈၆.၂၁ |
| ၃။ | နေပြည်တော် | ရွှေထူးမင်း ကုမ္ပဏီ | ဦးဇော်လွင်မိုး(MD)<br>ဒေါ်မိုးမိုး(Director)<br>ဒေါ်မာလာနွယ်(Director) | ၁၂/ဒလန(နိုင်)၀၄၃၉၇၇<br>၁၄/ရကန(နိုင်) ၁၂၄၁၃၃<br>၁၂/အစန(နိုင်)၁၁၇၉၂၁ | ၈.၄၀ |
| ၄။ | မန္တလေး | Golden Time Co.,Ltd | ဦးအောင်ကိုလတ်(MD)<br>ဦးထူးဝေမင်း(Director)<br>ဦးရဲနိုင်ထွန်း(Director)<br>ဒေါ်စန်းဝေ(Director)<br>ဒေါ်မေလွန်းမောင်(Director) | ၁၂/အစန(နိုင်)၁၆၈၁၈၆<br>၁၃/ကလန(နိုင်) ၀၆၂၅၃၄<br>၈/မထန(နိုင်)၀၉၉၄၃၀<br>၁၃/ကလန(နိုင်)၀၃၂၈၃၄<br>၃/ကကရ(နိုင်)၁၁၃၆၄၂ | ၁၁၂.၄၀ |
| ၅။ | မန္တလေး | Hope Light Co.,Ltd | ဦးကျော်မင်း(MD)<br>ဦးထူးဝေမင်း(Director)<br>ဦးအောင်မင်းထိုက်(Director) | ၁၃/ကလန(နိုင်)၀၃၂၈၃၆<br>၁၃/ကလန(နိုင်)၀၆၂၅၃၄<br>၁၃/ကလန(နိုင်)၀၈၄၂၆၂ | ၃၁၁.၂၈ |
| ၆။ | ပုသိမ် | ရွှေပြည့်မင်းခေါင် ကုမ္ပဏီ | ဦးဝင်းစိုး(MD)<br>ဦးနေလင်းထက်(Director)<br>ဦးဇော်ဟိန်း(Director)<br>ဒေါ်ခိုင်ခိုင်ရွှေ(Director) | ၇/ပမန(နိုင်)၁၁၁၁၈၅<br>၁၂/ကတတ(နိုင်)၀၂၄၂၇၉<br>၁၂/လမန(နိုင်) ၁၂၅၈၈၉<br>၁၂/သကတ(နိုင်)၁၆၂၂၈၅ | ၄၇.၂၄ |
| ၇။ | မုံရွာ | အောင်ကံပွင့် ကုမ္ပဏီ | ဦးအောင်ကြည်ဆွေ(MD)<br>ဒေါ်ခင်စန်းဝေ(Director) | ၅/မရန(နိုင်)၀၁၂၆၄၆<br>၅/မရန(နိုင်)၀၂၇၁၉၀ | ၅၁.၈၅ |

လွှဲအပ်ညွှန်ကြားချက်အရ- ဦးစိုးပိုင် BA(Law),LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၈/၇၈)
အမှတ်(၂၇၆)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်၊ ဖုန်း-၀၉-၅၁၈၃၇၂၉၊ ၀၉-၅၀၄၇၀၄၉

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ စပယ်(၃)လမ်း၊ မြေတိုင်းရပ်ကွက် အမှတ်၂၊ မြေကွက် အမှတ် ၅၈၆ ဟုခေါ်တွင်သော ဧရိယာ(၂၅x၅၀) ပေရှိ ဦးဂျပန်နှင့် ဒေါ်ပု အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက် မှ တရားဝင် မခွဲစိတ်ရသေးသော အကျယ်အဝန်း ၁၂(၁/၂)x ၅၀ပေရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် မြေပေါ် မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို မိမိတစ်ဦးတည်း လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်စိုးဝင်း ၁၂/ဒပန(နိုင်)၀၂၉၆၆၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း လုံလောက်ခိုင်မာသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဦးချစ်ထွန်းနှင့် ဒေါ်လှလှဝင်း တို့၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဖြူဖြူဝင်း
အထက်တန်းရှေ့နေ၊ (စဉ်- ၃၄၃၀၀/၂၂-၉-၂၀၁၁)
အမှတ် ၁၃အေ၊ ပထမထပ်၊ ၁၆၄လမ်း
တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်
ဖုန်း-၀၉၇၉၅၄၉၉၈၂၈၊၀၉-၄၄၂၅၂၁၉၂၆

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇွဲကပင်လမ်း၊အမှတ် ၁၂၂၃(ခ)၊မြေကွက်အမှတ် ၃၄/၁၂၂၃-ခ(ရွှေပြည်သာ)၊ အကျယ်အဝန်း(အလျား ၂၀ပေx အနံ ၆၀ပေ)ရှိ မြေနှင့် အိမ် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်လက်ရောက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ(၁) ဒေါ်ချိုချို ၁၂/ရကန(နိုင်)၀၄၇၅၆၀၊(၂) ဒေါ်မြစန္ဒာဝင်း ၁၂/ ရကန(နိုင်)၀၄၇ ၅၆၉၊ (၃) ဒေါ်ခင်စန်းအေး ၁၂/ရကန(နိုင်)၀၄၇၅၂၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှလှမြင့် ၉/ကပတ(နိုင်) ၁၇၁၉၂၇ က ဝယ်ယူရန် အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများ ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တဥ္ဖြူဦး(LL.B, D.B.L, D.I.L)
တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၅၁၃၁)
အမှတ် ၂အေ/၇၆၃၊ မုဒိတာအိမ်ရာ(၂)၊ အင်းစိန်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉- ၄၄၈၀၀၆၆၇၅

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ခင်ခင်အုန်း ၁၂/သဃက(နိုင်)၀၃၀၆၉၃၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်-

ဒေါ်ခင်ခင်အုန်း၏သမီးဖြစ်သူ မဆုရည်အောင် ၁၂/သဃက(နိုင်) ၁၆၄၄၄၇သည် မိဘ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များကို ဆောင်ရွက် သွားသည့်အတွက် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်မဆုရည်အောင်နှင့်ပတ်သက်သည့်ကိစ္စအဝဝအား ဒေါ်ခင်ခင်အုန်း၏ မိသားစုများမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်သူ-
ဒေါ်ခင်ခင်အုန်း
ဖုန်း-၀၉-၂၅၃၃၉၀၃၉၂

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမင်းဆွေ(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၇၉)

တိုက်(၅၂/၇)၊ မင်းဒင်လမ်းသွယ်(၅)၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊
ဖုန်း-၀၉-၄၂၀၈၂၄၁၁

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ဃ/၈၉၉၂၆ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်း ၁၀/မလမ(နိုင်) ၁၂၆၆၂၈ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက် အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(မော်လမြိုင်မြို့)

## အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ရွာသစ်ပွဲကြိုရပ်နေ မခက်ခက်အောင် ၈/ငဖန(နိုင်)၀၂၆၇၂၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်မှာ-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မခက်ခက်အောင်သည် Facebook လူမှုကွန်ရက်တွင် Khet Khet Account နှင့် Chit Pan Eain Page အား အသုံးပြုလာခဲ့ရာ ၅-၈-၂၀၂၀ ရက်၌ အကောင့်ဟက်ခံရပြီး မူလအကောင့်အသုံးပြုသူ မခက်ခက်အောင်မှာ ယင်း Account နှင့် Page အား ဆက်လက်အသုံးမပြုတော့ပါ။ ယခုအခါ Khat Khat Account နှင့် Chit Pan Eain Page တို့တွင် မခက်ခက်အောင်၏ ဓာတ်ပုံများကို အသုံးပြု၍ ဈေးရောင်းချခြင်း၊ ငွေအပေးအယူ ဆောင်ရွက်ခြင်း စသည်တို့ကို မသမာသူတစ်ဦးက ဆက်လက်ပြုလုပ်နေကြောင်း သိရှိရပါသည်။ ဖော်ပြပါ Account နှင့် Page တို့နှင့် သက်ဆိုင်သော၊ ဆက်သွယ်လုပ်ကိုင်နေသော အကြောင်းအရာ၊ လုပ်ငန်းကိစ္စများသည် မခက်ခက်အောင်နှင့်ပတ်သက်၊ သက်ဆိုင်ခြင်းမရှိသည်ဖြစ်၍ မည်သည့်အကြောင်းအရာ ကိစ္စကိုမျှ ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်းကို အများသိရှိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဇော်မင်း(LL.B,CBL)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၉၅)
အမှတ်(၃၈၉)၊ ဇီဇဝါလမ်း၊ ရန်အောင်ရပ်၊ မကွေးမြို့
ဖုန်း-၀၉-၇၉၄၅၆၇၈၁၁

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် အမှတ် ၃/မြို့မတောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဦးဌေးအောင် ၁၂/ဥကမ(နိုင်)၀၆၇၅၄၁ (ဘ)ဦးမောင်လှ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၁၃၁၃ ) ကို ရန်ကုန်မြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၈၈၃၂/၂၀၂၁(၈-၁၁-၂၀၂၁)ဖြင့် မြေကွက် အမည်ပေါက်၏ အထွေထွေကိုယ်စားလှယ် လွှဲစာရရှိထားသူ ဦးဝင်းနိုင် ၉/ပမန(နိုင်)၀၁၇၉၈၇ (ဘ)ဦးတင်မောင် မှ ဦးဟိန်းလပြည့်ထွန်း ၉/လဝန(နိုင်)၂၅၀၂၄၈၊ ဒေါ်ငြိမ်းငြိမ်းဌေး ၉/ပမန(နိုင်)၁၂၅၀၁၄ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ မြေဧရိယာ(၀ဒသမ၀၈၂)ဧက၊ မြေ ကွက်အမှတ်(ပ-၅၃၂)၊ ဦးကျော်စိုး(ဘ)ဦးသန်း ၉/ပမန(နိုင်) ၂၀၉၁၃၆ အမည်ပေါက် ပါမစ်မြေကွက်ကို ဦးခင်အောင်တင် (ဘ)ဦးအောင်ကျော် ၁၀/မလမ(နိုင်)၁၂၄၇၅၄ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန် မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ စီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ဖခင်အမည်မှန်

ရပ်စောက်မြို့နယ်၊ အုန်းကွဲကျေးရွာနေ အထကခွဲ(အုန်းကွဲ) ဒသမတန်းမှ မောင်မင်းထက်အောင်၏ ဖခင်အမည်မှန် မှာ ဦးထွန်းမင်းထွဋ် ၁၃/ရစန(နိုင်) ၀၅၅၁၈၆ ဖြစ်ပါကြောင်း။ **ဦးထွန်းမင်းထွဋ်**

## ပတ်စ်ပို့ပျောက်

ကျွန်မ မခူတန် ၁/ပတအ (နိုင်)၀၆၆၆၇၀ ၏ ပတ်စ်ပို့နံပတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၉၈၅၇၄၀၀

## မွေးသက္ကရာဇ်အမှန်နှင့် ဖခင်အမည်မှန်

ဝိုင်းမော်မြို့၊ အထက(၂) ဒသမတန်း(ဝိဇ္ဇာတွဲ)မှ မောင်လင္ကာတိန့် ယော် (ကဝ-၁၆၁၉၁)၏ မွေးသက္ကရာဇ် အမှန်မှာ ၃-၈-၂၀၀၄ဖြစ်ပြီး ၎င်း၏ဖခင် အမည်မှန်မှာ ဦးဆောင်ခေါ် ၁/ဝမန (နိုင်)၀၂၁၉၅၅ ဖြစ်ပါသည်။

## မွေးသက္ကရာဇ်အမှန်

မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်၊ နယ်မြေ (၅)၊ အမှတ်(၁၇၅/ ဂ)နေ ဦးမြင့်ဦး၏သမီး မအေးပြည့်ခိုင် ၁/မကန(နိုင်) ၂၁၀၂၀၇ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၇-၆-၁၉၉၉ ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဝိုင်းမော်မြို့နယ်၊ ဆဒုံးမြို့၊ ရပ်ကွက်(၁)နေ ဦးယွန်ထန်၏သမီးအကက်(စ်) ထွယ်ဆိုင်း(ခ)မဆွမ်လွတ်ထွယ်ဆိုင်း ၁/ဆဒန(နိုင်)၀၀၀၃၉၅ သည် တစ်ဦး တည်းဖြစ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၆၆၃၃၅ ယာဉ် လက်ဝယ်ရှိသူ ဒေါ်အေးလှိုင် ၁၀/မလမ (နိုင်)၀၁၅၉၁၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ ရက်အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ပြည်နယ်ရုံး(မော်လမြိုင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၄၈ဃ/၄၃၇၈၉ ယာဉ် လက်ဝယ်ရှိသူ ဒေါ်အေးလှိုင် ၁၀/မလမ (နိုင်)၀၁၅၉၁၅ က(ကမ-၃)ပျောက်ဆုံး ၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ ရက်အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ပြည်နယ်ရုံး(မော်လမြိုင်မြို့)

## ဖခင်အမည်မှန်

သထုံမြို့၊ အထက ညောင် ချောင်း Grade-10 မှ မအိသဲပို၏ ဖခင်အမည်မှန်မှာ စိုင်းခွာညို ၁၀/သထန(နိုင်)၀၉၅၂၁၀ ဖြစ်ပါ ကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၁/ ရွှေအင်ကြင်းရပ်၊ မြေကွက်အမှတ် (ဒ-၃၃၃၂)၊ မြေဧရိယာ ၀ဒသမ ၁၄၆ဧကရှိ ဒေါ်အေးအေးမော်(ဘ)ဦးမောင်မောင် ၁၀/ကထန(နိုင်)၀၀၆၇၂၃ အမည်ပေါက် မြေကွက်အား အထွေထွေကိုယ်စားလှယ် လွှဲစာရရှိထားသူ ဦးမင်းဇေယျာဦး(ဘ) ဦးစစ်အောင် ၇/ညလပ(နိုင်)၀၉၂၈၂၉ မှ အဆောက်အအုံ ဆောက်လုပ်ခွင့် ပြုမိန့် အမှတ် (၁၂၈၀/၂၀၁၁-၁၂)မူရင်း၊ နေပြည် တော်စာချုပ်စာတမ်းရုံး၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာ(၃၃၉/၂၀၁၁)မူရင်း များတင်ပြ၍ မြေပေးမိန့်လျှောက်ထား လာရာ ကန့်ကွက်လိုသူများ တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာ ချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိ ပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ အဆိုပါမြေပေးမိန့်ကို ဦးမင်းဇေ ယျာဦး (ဘ)ဦးစစ်အောင် ၇/ ညလပ(နိုင်) ၀၉၂၈၂၉ အား ထုတ်ပေးသွားမည်ဖြစ် ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ

## စာအုပ် စာပေ လူ့မိတ်ဆွေ

## အိတ်ပိတ်တင်ဒါ(Close Tender)ခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လိပ်ပြတ်ကျေးရွာ၊ အမှတ်(၅၆၀)၊ အမှတ်(၄)လမ်းမတွင်တည်ရှိသော Grand Royal Group International Co.,Ltd (Yangon Bottling Plant)တွင် အောက်ဖော်ပြပါ လုပ်ငန်းများအတွက် အိတ်ပိတ်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

- ဝန်ထမ်းဖယ်ရီကြို/ပို့လုပ်ငန်း(လပေး-နှစ်ချုပ်စနစ်)
- ပုလင်းကွဲ(အဖြူရောင်)၊ ပလတ်စတစ်များ၊ Empty Drum(ကော်ပုံးများ)၊ ကော်ခြင်းပျက်များ၊ Return Valve, Closure ပုလင်းဖုံး(ဒန်ဖုံး/ကော်ဖုံးပျက်များ)၊ စက္ကူအပျက်၊ သံတိုသံစများ စသည့်ပစ္စည်းများ (လစဉ်လတိုင်း)

၁။ တင်ဒါပေးသွင်းမှုကို ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၅-၁၂-၂၀၂၁ ရက်နောက်ဆုံးထား၍ ရုံးချိန်အတွင်း လာရောက်တင်သွင်းနိုင်ပါသည်။

၂။ တင်ဒါဝင်ရောက်သူ၏လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်ပြည့်စုံစွာ ဖော်ပြရန်။ ကုမ္ပဏီ/စက်ရုံမှ တင်ဒါခေါ်ယူမည့်ရက်အား (၃)ရက်ကြိုတင်အကြောင်းကြားပါမည်။

တင်ဒါလျှောက်လွှာအား စက်ရုံတွင် အခမဲ့ထုတ်ယူနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း - ၀၉-၄၅၀၀၅၂၄၄၀၊ ၀၉-၅၀၇၅၃၀၄**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၁ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင် ဝန်ထမ်းများနေထိုင်ရန်အတွက် (၆)ခန်းတွဲ (၁)ထပ် (၁၂၆'x၃၅'x၁၂') ဝန်ထမ်းအိမ်ရာ အသစ်(၁)လုံး ဆောက်လုပ်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | ၇-၁၂-၂၀၂၁ရက်၊(အင်္ဂါနေ့) နံနက် ၁၀:၀၀နာရီ |
| (ခ) **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန်** | - | ၅-၁-၂၀၂၂ရက်၊ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁၃:၀၀နာရီ |
| (ဂ) **တင်ဒါဖွင့်လှစ်မည့်ရက်** | - | ၇-၁-၂၀၂၂ရက်၊ (သောကြာနေ့) နံနက် ၁၀:၀၀နာရီ |
| (ဃ) **တင်ဒါဖွင့်လှစ်မည့်နေရာ** | - | တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့ |

၂။ တင်ဒါစည်းကမ်းများနှင့်တင်ဒါခေါ်ယူသည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၉-၄၁၀၁၃ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**တင်ဒါကော်မတီ**
**မြိတ်ခရိုင်၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၃၊ မြေကွက်အမှတ် (၃၂၁)၊ ဦးညွန့်မောင် ၁၂/မရက(နိုင်)၁၇၅၉၁၈ အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိသည့်အနက်မှ တရားဝင် မခွဲမစိတ်ရသေးသော (၂၀x၆၀)ပေ ခြေရင်းဘက်မိတ္တူခြမ်း၊ အမှတ် ၃၂၁၊ ပင်းယလမ်း၊ ၁၃၃ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များဖြင့် လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်စိုးထိုက် ၁၂/ကခက(နိုင်)၀၅၂၃၁၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေ မဇင်မာဦး ၁၂/ဥကတ(နိုင်)၁၆၇၆၃၄ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်သူ(LL.B)** | **ဒေါ်တင်ဇာအေးကို(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၂၅၈၃၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၁၅၀၃)** |

**ဖုန်း-၀၉-၇၆၄၈၅၂၈၇၉၊ ၀၉-၇၇၀၀၇၃၅၆၁**

## သွာနုတ္တသမီးအဖြစ် သတ်မှတ်ပါကြောင်းနှင့် အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ ပိုက်လုံးလမ်း၊ အမှတ်(၆၇/အေ)၊ ပထမထပ်နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးမင်း(ကွယ်လွန်)နှင့် ဒေါ်မော်လီသင်း ၁၂/ဗဟန(နိုင်)၀၀၂၀၈၀ ၏သမီးဖြစ်သူ ဒေါ်သူဇာအောင် ၁၂/ဗဟန(နိုင်)၀၁၀၆၅၀ သည် မိခင်ဖြစ်သူမှ အခမဲ့ခွင့်ပြုချက်ဖြင့် မိခင်ပိုင်နေအိမ်ဥပစာ ဒုတိယထပ်(အပေါ်ဆုံးလွှာ)အခန်းတွင် စည်းကမ်းချက်ဖြင့် နေထိုင်ခွင့်ပြုစေခဲ့ရာ၌ ဒေါ်သူဇာအောင်မှာ မိခင်အား အကြိမ်ကြိမ်ရိုင်းပျစွာပြောဆိုဆက်ဆံခြင်း၊ မိခင်ထံမှ အမွေဝေစုများကို တောင်းခံလျက်ရှိခြင်း၊ မိခင်ကို ကိုယ်စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူလုပ်ဆောင်နေခြင်း၊ ပတ်ဝန်းကျင်နှင့် မွေးချင်းမောင်နှမများအပေါ် ရိုင်းပျစွာ ရန်စဆောင်ရွက်နေခြင်းတို့ကြောင့် ၎င်းကိုမူလက ခွင့်ပြုထားသော အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်ခွင့်အား ခွင့်ပြုထားခြင်းအပေါ် တရားဝင် နို့တစ်စာပေးပို့၍ ရုပ်သိမ်းပြီးဖြစ်သလို ယနေ့ထိတိုင် မိခင်ကို ကိုယ်စိတ်ဆင်းရဲအောင် ဆောင်ရွက်နေလျက်ရှိပါသောကြောင့် သမီးဖြစ်သူ ဒေါ်သူဇာအောင်အား သွာနုတ္တသမီးအဖြစ် သတ်မှတ်လိုက်ပြီဖြစ်ပါကြောင်းကိုလည်းကောင်း၊ ယနေ့မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်မော်လီသင်း** | **ဦးကျော်မင်းဝေ(LL.B)** |
| **၁၂/ဗဟန(နိုင်)၀၀၂၀၈၀** | **အထက်တန်းရှေ့နေ(စဉ်-၅၂၃၇၂)** |
| | **အမှတ်(၅၂)၊ မာလာမြိုင်(၈)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊** |
| | **ဖုန်း-၀၉-၄၂၅၂၉၃၅၀၅** |

## ကြော်ငြာစာ

### အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃
### ရွှေဘိုခရိုင်တရားရုံးတော်
### ၂၀၂၁ခုနှစ် တရားမအထွေထွေမှုအမှတ်-၄
### ကွယ်လွန်သူဦးသိန်း၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ဒေါ်ကြည် — လျှောက်ထားသူ

ရွှေဘိုမြို့နယ်၊ ဆင်းကွတ်(အရှေ့ရွာ)ကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူဦးသိန်း၏ကျန်ရစ်သော ရွှေဘိုမြို့နယ်၊ ဆင်းကွတ်ကျေးရွာအုပ်စုရှိ ကွင်းအမှတ်-၂၇၆၁၊ မဘေးအရှေ့ကွင်း၊ ဦးပိုင်အမှတ်(၁၀၁/၁)၊ ဧရိယာ ၁၆ ဒသမ ၇၅ ဧကရှိ ယာမြေတို့အပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ကြည်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၁ခုနှစ် ဒီဇင်ဘာ ၂၉ရက်(၁၃၈၃ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးသိန်း၏ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၁ခုနှစ် ဒီဇင်ဘာ ၂၉ရက်(၁၃၈၃ခုနှစ် နတ်တော်လပြည့်ကျော် ၁၁)ရက်၌ မိမိကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့်အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ကြည်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၁ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်ဝေလင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရွှေဘိုခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ ဇာနည်(၁၂)လမ်း၊ မြေကွက်အမှတ်(၅၉၉/က)၊ မြေအကျယ်အဝန်း (၄၀'x၆၀')ရှိမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ကန်ထရိုက်တိုက်ခန်း၏ ပထမထပ်(၁၈'x၅၄')ရှိတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုလက်ရှိ လက်ဝယ်ပိုင်ဆိုင်ထားသော ဒေါ်မေသွယ်ခိုင် ၁၂/သဃက(နိုင်)၁၄၉၃၃၀ သည်မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်တို့ထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဒေါ်ခင်ဌေး** | **ဒေါ်ရီရီ** |
| **၁၁/စတန(နိုင်)၀၂၉၂၉၂** | **၁၁/စတန(နိုင်)၀၂၉၂၉၃** |

**အမှတ်(၂၉)၊ ၇-လွှာ(B)၊ ၁၀၉လမ်းမင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၆၂၄၅၇၄၉၅**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ လက်ဝဲသုန္ဒရလမ်း၊ မြေကွက်အမှတ် ၁၅၄၁၊ အကျယ်အဝန်း ပေ ၆၀x ၁၀ ပေ ပါမစ်(မူရင်း) မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးထွန်းနောင်စိုး ၁၄/ဝခမ(နိုင်)၁၆၄၁၆၃ မှ တရားဝင်စာချုပ်စာတမ်းများဖြင့် ပိုင်ဆိုင်ကြောင်း တာဝန်ယူဝန်ခံ၍ ရောင်းချရန်ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပါသည်။ ဖော်ပြပါပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၃ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာမြင့်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၂၀)**
**အမှတ် ၄၃၊ သတိပဋ္ဌာန်လမ်း၊ မလွကုန်းဒွေးကြွယ်ကရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၈၄၂၅၇၄၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀၈(A)၊ မြေကွက်အမှတ်-၁၄၀+၁၄၁/ခ၊ အလျား (၂၀)ပေxအနံ(၆၀)ပေ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဂရန်အမည်ပေါက်သူ ဒေါ်ခင်ငြိမ့်ငြိမ့်သူ ၁၂/မဂဒ(နိုင်)၀၉၆၁၃၃ မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချခဲ့ခြင်းအပေါ် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးသိန်းဇော် ၁၂/ကမတ(နိုင်)၀၅၅၄၃၀ နှင့် ဒေါ်နွေယမုံဆွေ ၁၂/မဂဒ(နိုင်)၁၁၄၄၅၂ တို့မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ပြီးဆုံးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ချိုချိုဝင်း** | **ဒေါ်သန္တာလွင်(LL.B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၉၁၂၅** | **စဉ်-၇၈၆၇** |
| **မင်္ဂလာဒုံမြို့နယ်ရှေ့နေနားနေခန်း** | **အမှတ်-၆၄၈၊ ဦးပုည(၁)လမ်း၊ ၁၇ရပ်ကွက်၊ ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ်** |
| **ဖုန်း-၀၉-၉၇၅၈၀၄၈၈၀** | **ဖုန်း-၀၉-၅၄၁၂၅၆၇** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်အမှတ်(ပ-၃၁၄၀၅) ၏ မြေပေးစလစ်မူရင်းပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဒေါ်ထားထားမူ ၉/ပမန(နိုင်)၀၁၁၈၉၃ (ဘ) ဦးထွန်းရှိန်မှ မြေပေးစလစ်မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်းတင်ပြပြီး မြေပေးစလစ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့်တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးစလစ်မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မြန်မာ့သစ်လုပ်ငန်း
## ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ ကျွန်းသစ်လုံး/သစ်မာသစ်လုံး/ကျွန်းခွဲသားများကို အောက်ဖော်ပြပါအတိုင်း ရောင်းချမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်**
- ၁၅-၁၂-၂၀၂၁ရက်နှင့် ၃၀-၁၂-၂၀၂၁ရက်၊ နံနက် ၉:၀၀နာရီ
- ရန်ကုန်(ကျွန်းသစ်လုံး) ၁၈၀၀တန်ခန့်
- သစ်မာသစ်လုံး(နယ်/ရန်ကုန်)၁၀၀၀၀တန်ခန့်
- ကျွန်းခွဲသား (ပြည်ပရောင်း/သစ်အခြေခံ)၂၅၀တန်ခန့်

တင်ဒါကျင်းပမည့်ရက်ပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်။

(ခ) **ရောင်းချမည့်နေရာ** - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်) ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့်အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း (ရုံးချုပ်)နှင့်web-site ဖြစ်သော www.mte.com.mmတွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၃။ **ဆက်သွယ်ရန်** - ဖုန်း-၀၉-၅၁၂၉၁၄၈၊ ၀၉-၅၀၅၃၈၆၅

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇၉၇/ရွာထောင်အရှေ့)၊ မြေကွက်အမှတ် (၈/၁၂)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးသက်နိုင်ဝင်း အမည်ပေါက် မြေငှားဂရန်အား ဒေါ်တင်မြမှ ၅-၁-၁၉၉၄ ရက်တွင် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်တင်မြ၏ နေအိမ်သည် ၈-၁-၂၀၀၆ ရက်တွင် မီးလောင်ကျွမ်းမှုကြောင့် ဦးသက်နိုင်ဝင်း အမည်ပေါက် မြေငှားဂရန်အပါအဝင် အခြားစာရွက်စာတမ်းများ ပျက်စီး၊ ပျောက်ဆုံးခဲ့ရသည်မှာ မှန်ကန်ကြောင်းနှင့် လက်ရှိ၎င်းမြေကွက်ပေါ်တွင် နေထိုင်သည်မှာ မှန်ကန်ပါကြောင်း ၁၉-၁-၂၀၂၁ ရက်တွင် စစ်ကိုင်းမြို့ နယ်တရားရုံး၌ ဒေါ်တင်မြမှ ကျမ်းကျိန်ဆိုထားရှိပြီး ၂၄-၃-၂၀၂၁ ရက်၌ ဒေါ်တင်မြထံမှ ဒေါ်အင်ကြင်းစိမ့်သည် တရားဝင်မြေကွက်နှင့် အဆောက်အအုံ အရောင်းအဝယ်စာချုပ်ဖြင့် ချုပ်ဆိုဝယ်ယူပိုင်ဆိုင်ကာ စစ်ကိုင်းမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားကြောင်း၊ ယခုအခါ ဒေါ်အင်ကြင်းစိမ့်မှ ၎င်းအမည်ဖြင့် မြေငှားဂရန် ပျောက်ဆုံး/အမည်ပြောင်း/သက်တမ်းတိုးထုတ်ပေးနိုင်ပါရန် လျှောက်ထားလာပါ သဖြင့် ကန့်ကွက်လိုသူ မည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း)တရားဝင် ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ နယ်မြေ(၃)၊ အကွက်အမှတ် (၃၁/တရုတ်ဈေးတန်း)၊ ဦးပိုင်အမှတ်(၂၅/က)၊ ဧရိယာ ၀ ဒသမ ၃၃၀ ဧက၊ အမှုတွဲအမှတ် ၄၇၇-၅/၂၀၁၁-၂၀၁၂(အေ)ဖြင့် ဒေါ်အေးညွှန့် ၁၃/လလန(နိုင်)၀၀၅၄၆၄ အမည်ပေါက်မြေကွက်၏ တစ်စိတ်တစ်ဒေသဖြစ်သည့် မြေချိန်ဧရိယာ ၀ ဒသမ ၁၃၁ အား ဦးရန်လီခိုက် LSO-၂၁၈၅၅၇ နှင့် ဒေါ်ရန်ရှောက်ချင်း LSO-၁၈၆၂၀၂ ထံသို့ စာချုပ်အမှတ် ၁၀၄I/၂၀၂၁ ဖြင့် ရောင်းချပြီးဖြစ်၍ ဦးရန်လီခိုက်နှင့် ဒေါ်ရန်ရှောက်ချင်းမှ ဦးပိုင်ခွဲစိတ်ခွင့် လျှောက်ထားလာရာ ကန့်ကွက်လိုပါက အထောက်အထား ခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ အကွက်အမှတ် (၁၁/မန်ဆူရွာမအရှေ့)၊ ဦးပိုင်အမှတ်(၄၁၆/ခ^)၊ ဧရိယာ ၀ ဒသမ ၀၅၇ ဧကရှိ အမှုတွဲအမှတ် ၁၁၁၅-၅/၂၀၁၈-၂၀၁၉(အေ)ဖြင့် ဒေါ်မြကြည်အမည်ပေါက် ပိုင်ဆိုင်သောမြေကွက်အား ၎င်း၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်ရွှင်ပြုံး ၁၃/လရန(နိုင်)၀၂၀၁၈၈ မှ ဒေါ်ခေါင်နော ၁၃/လရန(နိုင်)၁၅၁၆၅၄ ထံသို့ စာချုပ်အမှတ် ၉၈I/၂၀၂၁ ဖြင့် ရောင်းချပြီးဖြစ်၍ ဒေါ်ခေါင်နောမှ ဦးပိုင်ခွဲစိတ်ခွင့်ရ အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ အကွက်အမှတ် (၃၂/ရှမ်းဈေးတန်းရပ်)၊ ဦးပိုင်အမှတ်(၂၂/မ)၊ မြေဧရိယာ ၀ ဒသမ ၀၉၂ဧကရှိ အမှုတွဲအမှတ် ၆၀၉-၅/၁၉၉၈-၁၉၉၉(အေ)ဖြင့် ဒေါ်နန်းစမ်ဟွမ် ၁၃/လရန(နိုင်)၀၀၅၉၃၅ အမည်ပေါက်ပိုင်ဆိုင်သည့်မြေကွက်အား စာချုပ်အမှတ် ၂၃၄I/၂၀၁၀ ဖြင့် ဒေါ်ခင်ခင်စန်း(ခ)အားလီ ၁၃/ကခန(နိုင်)၀၁၄၃၁၁ ထံသို့ ရောင်းချခဲ့ပြီးဖြစ်သဖြင့် ဒေါ်ခင်ခင်စန်း(ခ)အားလီမှ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ အကွက်အမှတ် (မန်ဆူတိုးချဲ့ အဆင့်-၆)၊ ဦးပိုင်အမှတ်(၄၃၉)၊ မြေဧရိယာ ၀ ဒသမ ၀၉၆ ဧကရှိ အမှုတွဲအမှတ် ၈၆၀-၅/၁၉၉၅-၁၉၉၆(စီ)ဖြင့် ဒေါ်နော်အုန်းကြည် ၉/မထလ(နိုင်)၀၇၉၀၈၄ အမည်ပေါက်ပိုင်ဆိုင်သည့်မြေကွက်အား ၎င်းအထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်မြင့်မြင့်သန်း ၁၃/လရန(နိုင်)၀၃၇၀၆၉ မှ စာချုပ်အမှတ် ၃၀၀I/၂၀၁၆ ဖြင့် ဒေါ်ခိုင်အိအိထွန်း ၁၃/လရန(နိုင်)၁၂၉၁၇၈ ထံသို့ ရောင်းချခဲ့ပြီးဖြစ်သဖြင့် ဒေါ်ခိုင်အိအိထွန်းမှ အမည်ပြောင်း ထပ်မံအသစ် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊လားရှိုးမြို့**

## ပတ်စ်ပို့ပျောက်

ကျွန်တော်မောင်ညီလုံး ၈/တတက(နိုင်)၂၄၆၃၅၀ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော်မောင်ကျော်အောင် ၈/ကမန(နိုင်)၀၅၆၆၁၇၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော်မောင်ဆန်းဝင်း ၈/စတရ(နိုင်)၀၃၂၇၈၁ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော်ဦးအောင်စိုးထွန်း ၈/မလန(နိုင်)၀၉၅၂၅၈ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## အမည်ပြောင်းလဲခေါ်ပါရန်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မဟာသရဖူ ကိုယ်ပိုင်အထက်တန်းကျောင်း Grade-10 မှ (ဘ)ဦးကျော်ဇေယျာတင့်၏ သမီးမယွန်းဝတီဦးအား မယွန်းဝတီဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မယွန်းဝတီ**

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ရန်မျိုးအောင်ရပ်ကွက်(၄)၊ အထက(ခွဲ)၊ အဌမတန်းမှ မခိုင်ဖူးဝေ၏ မိခင်အမည်မှန်မှာ ဒေါ်မြင့်မြင့်တင် ၇/ဝမန(နိုင်)၀၀၀၂၁၈ ဖြစ်ပါကြောင်း။

**ဒေါ်မြင့်မြင့်တင်**

## ပတ်စ်ပို့ပျောက်

ကျွန်မ မဝင်းအေး ၈/စတရ(နိုင်)၀၂၂၂၇၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်မ မနီလာဝင်း ၈/စတရ(နိုင်)၀၄၂၂၄၀ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်မ မနှင်းနှင်းကြူ ၈/စလရ(နိုင်)၂၁၄၅၄၄ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဆန်းရဲလင်း ၈/မဘန(နိုင်)၁၄၂၁၅၈ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ သီပေါမြို့နယ်၊ အထက၊ ဆင်ကျော့ Grade-3 မှ မနန်းမွမ်းအောင်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းကွမ်း ၁၃/သပန(နိုင်)၀၅၄၈၉၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ သီပေါမြို့နယ်၊ အထက၊ ဆင်ကျော့Grade-7မှ မောင်စိုင်းတင်းဝမ်း၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဝင်း ၁၃/သပန(နိုင်)၁၁၄၈၇၈ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်မ မခေါန်နှောင့် ၁/ဝမန(နိုင်)၀၆၇၉၆၇ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၆၅၂၁၅၁၆**

## ပတ်စ်ပို့ပျောက်

ကျွန်မ မခေါင်ညွယ် ၁/ဝမန(နိုင်)၀၉၇၁၄၈ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၉၅၇၆၄၆၆၅၉**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4F/7633 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန ၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**ယနေ့** *သ တင်း အ ညွှန်း*

ASEAN - RUSSIA Naval Exercise (ARNEX-2021) **သို့ တက်ရောက်ခဲ့သော စစ်ရေယာဉ်(ကျန်စစ်သား) ပြန်လည်ရောက်ရှိ**

စာမျက်နှာ - ၆

..........................

**နွားထိုးကြီးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ရက်စက်စွာ သတ်ဖြတ် မီးရှို့ခဲ့မှုကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူးအပါအဝင် အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦးတို့ မီးလောင်သေဆုံးကာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိ**

---

**ရန်ကုန်- မန္တလေး မီးရထားလမ်းအား အကြမ်းဖက်သမားများက ဒေသန္တရ လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး**

စာမျက်နှာ - ၁၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဦးဝင်းမြင့်နှင့် ဒေါ်အောင်ဆန်းစုကြည် တို့အား ဇမ္ဗူသီရိမြို့နယ်(သီးသန့်) တရားရုံးကချမှတ်ထားသော သတ်မှတ်ပြစ်ဒဏ်များအား လျှော့ပေါ့လွတ်ငြိမ်းသက်သာခွင့်ဆောင်ရွက်ပေး

**နေပြည်တော် ဒီဇင်ဘာ ၆**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်(သီးသန့်) တရားရုံးတွင် တရားရင်ဆိုင်လျက်ရှိသည့် ဦးဝင်းမြင့်သည် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၆/၂၀၂၁ ဖြင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေပုဒ်မ ၂၅ ကို ဖောက်ဖျက်ကျူးလွန်ခဲ့ကြောင်း ပြစ်မှုထင်ရှားစီရင်ပြီး ထောင်ဒဏ်(၂)နှစ်ကို လည်းကောင်း၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၅/၂၀၂၁ ဖြင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅၊ ပုဒ်မခွဲ(ခ)ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ပြီး ထောင်ဒဏ်(၂)နှစ်ကိုလည်းကောင်း ကျခံစေရန်အတွက် ယနေ့တွင် ပြစ်ဒဏ်များချမှတ်ခဲ့သည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❐



ငပုတောမြို့နယ် လဲလောင်းကျေးရွာအနီး၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများနှင့် ပုသိမ်မြို့ (၁၀)ရပ်ကွက် စက်ကုန်းလမ်းနေ ဖိုးထွေး၏နေအိမ်မှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ။

## ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်း အကြမ်းဖက်သမားများနှင့် လက်နက်/ခဲယမ်းများ ပို့ဆောင်ပေးလျက်ရှိသည့် တရားခံများအား ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၆**

အကြမ်းဖက်အဖွဲ့အစည်းများမှ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်ရည်ရွယ်၍ ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ သတ်ဖြတ်ခြင်းတို့အား ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးမှုများ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂ ရက်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့သည် ပုသိမ်မြို့နယ်အတွင်း အကြမ်းဖက်သမားများနှင့်

*စာမျက်နှာ ၁၁ ကော်လံ ၁* ❍

## ပေါ့ဂ်ဘာ၏ နေရာကို ဂျွန်မက်ဂင်ဖြင့် အစားထိုးရန်စီစဉ်

မန်ယူယာယီနည်းပြ ရန်းနစ်ခ်သည် လာမည့်နွေရာသီအပြောင်းရွှေ့ကာလတွင် အိုးထရက်ဖို့ဒ်မှ ထွက်ခွာဖွယ်ရှိသော ပေါ့ဂ်ဘာ၏နေရာကို အက်စ်တွန်ဗီလာအသင်းကွင်းလယ်ကစားသမား ဂျွန်မက်ဂင်ဖြင့် အစားထိုးရန် စီစဉ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

*စာမျက်နှာ ၂၄ ကော်လံ ၁* ❖

## ခရီးသွားရာသီအစ နိုဝင်ဘာလတွင် မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ ခရီးသွား ၃၀၀၀ ကျော် ဝင်ရောက်ခဲ့



**ရန်ကုန် ဒီဇင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး မိုးယွန်းကြီးအင်း ဘေးမဲ့တောအပန်းဖြေစခန်းသို့ ခရီးသွားရာသီအစ နိုဝင်ဘာလတွင် ခရီးသွား ၃၀၀၀ ကျော် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ဆောင်းရာသီ၌ မြန်မာနိုင်ငံသို့ ကမ္ဘာ့မြောက်ဝင်ရိုးစွန်းမှ ဆောင်းခိုငှက်များ ဝင်ရောက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး မိုးယွန်းကြီးအင်း ဘေးမဲ့တောသို့ ရေပျော်ဆောင်းခိုငှက်များ ဝင်ရောက်ကျက်စားလျက်ရှိပြီး ခရီးသွားရာသီဖြစ်သည့်အလျှောက် အပန်းဖြေအနားယူသူတို့ တဖွဲဖွဲဝင်ရောက်လျက်ရှိသည်။ မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ ဧပြီလနှင့် မေလတွင် တစ်ရက်လျှင် ခရီးသွား ၂၈၀၀ ကျော် လာရောက်အပန်းဖြေခဲ့ပြီး အောက်တိုဘာလတွင် ခရီးသွားလျော့ကျခဲ့သော်လည်း ခရီးသွားရာသီအစ နိုဝင်ဘာလ၌ ခရီးသွား ၃၀၀၀ ကျော် ဝင်ရောက်ခဲ့သည်။

"ခရီးသွားရာသီမှာ ရှေ့ဆက်ပြီး ခရီးသွား ပိုပြီးဝင်ရောက်နိုင်တယ်။ ဩဂုတ်လမှာ ခရီးသွား ၄၀၅ ဦး၊ အောက်တိုဘာလမှာ ခရီးသွား ၉၇၀ ဝင်ရောက်ခဲ့

*စာမျက်နှာ ၁၇ ကော်လံ ၁* ❐

မိုးယွန်းကြီးဘေးမဲ့အင်းအတွင်း ကျက်စားလျက်ရှိသည့် ရေပျော်ငှက်များကို တွေ့ရစဉ်။

ဓာတ်ပုံ - ပိန်းဇလုပ်သိန်းညွန့်